www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့အဓိကအရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပြဋ္ဌာန်းရေး
- ပြဋ္ဌာန်းလာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပပျောက်ပျက်စီးအောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# သျှင်မ

# မာနပင်လယ်

အချစ်မေတ္တာဖွဲ့- လုံးချင်းသန့်သန့်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ◆ ၅၀၁၄၉၃၀၆၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ◆ ၅၀၁၄၃၆၀၆၀၂
ထုတ်ဝေခြင်း
၂၀၀၇-ခုနှစ်၊ ဇန်နဝါရီလ
ပထမအကြိမ်
အုပ်ရေ-၅၀၀၊ တန်ဖိုး(၁၀၀) ကျပ်
ထုတ်ဝေသူ
ဦးကျော်ဟင်း (၀၉၁၀) (ယုံကြည်ချက်စာပေ)
အမှတ် (၁၁၁)၊ ၃၃-လမ်း၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဒေါ်အိမွန်သက်လွင် (မြ-၀၀၀၄၂)
သစ္စာမွန်ပုံနှိပ်တိုက်
အမှတ် (၁၀၆)၊ တာမွေလမ်း
တာမွေကြီး (က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်
ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
အောင်လွှင် (CONQUEROR)
ပြင်ပဆက်သွယ်ရေးမှူး
ရန်နိုင်
ဖြန့်ချိရေးမှူး
မြတ်မာမာမင်း
အတွင်းဖလင်/စာအုပ်ချုပ်
သစ္စာမွန် (T.S.M)
သစ္စာမွန် (T.S.M) Publishing Center မှ
တာဝန်ယူစီစဉ်ပါသည်။

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"အဲဒီ မိန်းကလေးပဲ. . . နာမည်က 'မိုးမကမြင့်' တဲ့ မဟာသိပ္ပံ ဘွဲ့ရထားတယ်. . . မိဘက ချမ်းသာသလောက် သူကိုယ်တိုင် စီးပွားရေး လုပ်ငန်းတွေကို ဦးစီးဦးဆောင် လုပ်ကိုင်နိုင်တယ်. . . မာနကြီးတာထက် မောက်မာတာက ပိုတယ်. . . ဆင်းရဲတဲ့ လူတွေကို အထင်သေးတတ် တယ်. . . အချစ်ရေး ကိစ္စမှာ လုံးဝရှင်းတယ်. . . ထိုက်တန်တဲ့ ယောကျ်ား မရှိနိုင်ဘူးလို့ ဟစ်ကြွေးထားတဲ့ အထိပဲ. . ."

ဒီစကားအနောက်မှာ နေတန်ခိုး နှုတ်ခမ်းတို့ တွန့်ခနဲ လှုပ် ခတ်သွားသည်။

"လက်ရှိ သူ့ရဲ့အထည်စက်မှာ သူကိုယ်တိုင် ဒါ႑ိုက်တာပဲ. . . နောက်ဘာသိချင်သေးလဲ. . ."

"ရပြီ. . ."

ပြာလဲ့လဲ့အစိမ်းရောင် မျက်မှန်ရှေ့မှာ မြင်ကွင်းအားလုံးက





အစိမ်းရောင်လား ပြာနေသည်လား မပီပြင်။ ဒါပေမယ့် ပြာပစေ စိမ်းပစေ အမြဲတမ်း ငြိမ်နေတဲ့ အရောင်ကို နေတန်ခိုး မကြိုက်။

"ဦးလူရှင်. . ."

"ဟင်. . ."

"ရော့. . ."

အချောင်းပေါင်း များစွာပါသော သော့တွဲတစ်တွဲကို အသံမြည် အောင် လှုပ်ယမ်း၍ လှမ်းပေးသည်။

"ဦးလူရှင် မန္တလေးကို ပြန်တော့. . ."

"ကောင်းပါပြီ. . ."

"ကျွန်တော့်ဆီကို ဘယ်အကြောင်းနဲ့မှ ဖုန်းမဆက်ပါနဲ့. . . ဘယ်ပုံစံနဲ့မှ မဆက်သွယ်ပါနဲ့. . . လိုအပ်ရင် ကျွန်တော် ခေါ်မယ်"

"ကောင်းပါပြီ. . ."

"ဦးမိုးမြင့်မောင်တို့ အကူအညီ ထောင်းလာတဲ့ ကိစ္စမှန်သမျှ ကို ကျွန်တော့် အနေနဲ့ပဲ ဦးလူရှင် ပုံစံမပျက် ဆက်လုပ်ပေးလိုက်ပါ. . အကြောင်း တိုက်ဆိုင်လို့ သူတို့ မန္တလေးကို ရောက်လာကြရင်. . . ကျွန်တော် ရန်ကုန် ရောက်နေတဲ့ အကြောင်းပြောပြပါ. . . ကျွန်တာဘာမှ မသိပါစေနဲ့. . ."

"အားလုံးကွက်တိ ဖြစ်ရပါစေမယ်. . ."

ဆန့်ကျင်ဘက် အရပ်များဆီသို့ မျက်နှာမူထားသော ကားနှစ် စီးပြိုင်တူ ရွေ့လျားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟ...ဟ..."

"အို..."

ကားကို အချိန်မီ ဘရိတ်အုပ်လိုက်နိုင်သည် ထင်သော်လည်း 'ဖြောင်းကနဲ' အသံတစ်ခုက ကျယ်လောင်စွာ မိုး ကားပေါ်က ကပျာကယာ ဆင်းလိုက်သည်။

ကားရှေ့မှာ လူတစ်ယောက်နှင့် အထုပ်တစ်ထုပ်။

တစ်ကိုယ်လုံး ဖာရာဗလပွနှင့် ပခုံးမှာလည်း လက်တစ်ဝါးလောက် ပြဲထားလိုက်တာ မြင်မကောင်း။

ကားဘီးအောက်မှာ တစ်ဝက်ရောက်နေသည့် သူ့အထုပ်ကို မရမက ဆွဲထုတ်နေသည်။

"ဟော့တော် ကုန်ပါပြီ..."

မိုးက ကားရှေ့ကြားထဲမှာ ညပ်နေသည့် ဝါးလုံးကျိုးကို ဆွဲထုတ်လွှင့်ပစ်လိုက်ပြီး ကားဘွန်းနက်မှာ ထင်ရှားစွာ ရှိနေသော စင်းကြောင်း





ကြီးကို နှမြောတသစွာ ပွတ်သပ်နေသည်။

ဒါဟာ ကားလမ်းမလည်း မဟုတ်။

လူလည်း မရှိ။ ကားလည်း မရှုပ်။

ရှေ့နောက် အထုပ်ကြီးတွေ ဝါးလုံးနဲ့ ထိုးထမ်းပြီး ဟွန်းသံပေးနေတဲ့ထဲက ဒီလူ သက်သက် ကိုးယို့ကားယား လာလုပ်တာ။

"ကဲ...မှင်ကောင်းကောင်းနဲ့ အက်တင်သိပ်လုပ်မနေနဲ့...ရှင်ဘာမှ မဖြစ်ဘူးဆိုတာ...ကျွန်မသိတယ် ထ..."

"ဘာကွ..."

ဘီးအောက်က အထုပ်ကို ဆွဲထုတ်မရသည့် ဒေါသနှင့် သူကလည်း မိုးကို ပြန်အော်သည်။

"ဘာမှ မဖြစ်ဘူး အတပ်ပြောရအောင် မင်း အဲ့ဒါလို အက်တင်လုပ်ခဲ့ဖူးလို့လား..."

မိုးက လက်ပိုက်၍ နှုတ်ခမ်းမဲ့သည်။

"မလိုပါဘူး...ရှင့်လိုပဲ ကားရှေ့ပြေးဝင်ပြီး ငွေတောင်းတဲ့လူတွေ ကျွန်မ မကြာခဏ ရှင်းပေးနေရတာပဲဟာ...တမင် ငွေရှာမှန်းသိပေမယ့် စကားမပြောချင်လို့ ရှင်းပေးလိုက်ရတာ..ဒါပေမယ့် အခု ရှင့်လို ကျွန်မ ကားပျက်စီးအောင် ဘယ်သူမှ မလုပ်ခဲ့သေးဘူး..."

"ဩော်...ဩော်...မင်းက လူကိုကျတော့ ဘာဖြစ်သွားလဲ မမေးဘူး...ကားပျက်စီးတာကို ထည့်မိပြောတယ်ပေါ့..."

"ဒီကား တန်ဖိုး ရှင် နားလည်လို့လား..."

"မလိုပါဘူး...မင်းကား သိန်းတစ်ထောင်ပဲ တန်တန်...ငါ့ ထမ်းပိုးကျိုးသွားတာက ငါ့ကိစ္စ ဒီမှာ ထလို့မရတော့တာ မင်းရှင်း..."



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ခပ်လှမ်းလှမ်းမှာ လွင့်ကျနေသည့် ဦးထုပ်စုတ်ကို ပြန်ကောက်ဆောင်း၍ ပိန်အောက်က အိတ်ကိုပါ ခရမက ဆွဲပြေးသည်။

"မဆွဲနဲ့လေ. . . ရှင့်အိတ်စုတ်ထဲမှာ သံတွေဘာတွေ ပါရင် ဘီး ပေါက်သွားဦးမယ်. . . ဒုက္ခပါပဲ. . ."

မိုး ကားခေါင်ပြန်တက်၍ သက်ခ်ဆုတ်ပေးလိုက်ရသည်။

မဟုတ်လျှင် ဒီအထုပ် ထွက်မလာမချင်း အရှိုးကြေကြေ အရေခမ်းခမ်း ဖွတ်ဆွဲထုတ်နေတော့မှာ အသေအချာ။

"ဟော့. . . မင်း ကားမောင်းပြေးဖို့ ပကြံနဲ့နော်. . ."

ကျားမိတယ်လို့ သားပါဦး။

သူက ကားပေါ်တည်တည်မှာ ဖင်ကျောက်ချထိုင်နေတဲ့ ကိစ္စ သူ့ကို အရင် ကက်ကြည့်သွားမှ ဖြစ်မည်။

မိုးကားပေါ်ကနေ ဆောင့်အောင့်ဆင်းသည်။

လက်ထဲမှာ ပိုက်ဆံအိတ်လုလုလေး ပါလာ၏။

"ဟဲ. . ရှင် အရင်ထ. . . ဘယ်ကောက်လိုချင်သလဲ ပြော"

"လောလောဆယ် မင်းငါ့ကို အရင်ထုပေး. . ."

"ဘာပြောတယ်. . ."

"ဒီမှာ လုံးဝလျှော့ပ်သို့ မရဘူး. . ."

"လုံးဝ ထုမပေးဘူး. . ."

မိုးက အပြတ်ပြောသည်။

မိုးပြာရောင် ဝမ်းဆက် မိုးပြာရောင့် မျက်မှန်မဲလေးနှင့် တင်ပါးထိ ရှည်သော ဆံပင်တွေကို ဖြန့်ချထားသည့် ကိုယ့်ကိုယ်ကိုပင် ပြန်ငုံ့ကြည့်မိမတတ်။





ဒီလို အမှိုက်စုတ်ကောက်တဲ့ လူမျိုးက ဒီကားပြောရဲလောက်အောင် ကိုယ့်ကိုယ်ကို ဘာများဖြစ်နေလို့လဲ ဆိုသည့် သံသယဖြစ်လေသည်။

"ဟယ်. . . ကားတိုက်တာတော့. . ."

"ဟိုလူ ကားရှေ့မှာ ဘာဖြစ်သွားတယ် မသိဘူး. . ."

ဘယ်က ဘယ်လို အလျှိုလျှို ပေါ်လာမှန်း မသိသော လူတွေ။

"လူတွေများ လာတော့မယ်. . . ငါ့စကား တစ်ခွန်းထဲမှာ မင်း ဒုက္ခများသွား နိုင်တယ်နော်. . . ငါ့ကို မြန်မြန်အွဲထူတင်ဖို့ စဉ်းစား. . ."

"ဘာဖြစ်တာလဲ. . ."

လူတစ်ချို့ အနားရောက်လာသည်။

မိုး ဘာလုပ်ရမှန်း မသိ။

"ခင်ဗျား ကားနဲ့တိုက်မိတာလား. . ."

"ဘာဖြစ်သွားလဲ. . . ဆေးခန်းပို့ မပေးဘူးလား. . . ထူပေးလေ ဗျာ. . ."

အမျိုးသား တစ်ယောက်က လဲနေသူကို ဆွဲထူရင်း မိုးကို လှမ်းကြည့်ပြောသည်မို့ မိုး မနေသာတော့ပါ။

အနားရောက်သွား၍ မိုးက ဆွဲထူလိုက်သည်နှင့် နံဘေးက လူက ကူတွဲခြင်း မပြုတော့ဘဲ ခပ်လှမ်းလှမ်းမှာ ကျနေသည့် တံပိုးကို သွားကောက်လေသည်။

မိုး တစ်ယောက်တည်း ဘေးက လူတွေ လေးငါးယောက်ရှေ့မှာ မျက်နှာ တစ်ဖက်လှည့်၍ အဲဒီစုတ်ပြတ် ပေပွနေသည့် လူကို ဆွဲထူပေးလိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အား. . . နာတယ်ဗျ. . . ဖြည်းဖြည်းကိုင်ပါ. . . "

မိုး ဝဲနဲ့လေးကို သိမ်းကျုံးဖက်ကာ လူကြားအောင်လည်း ပြောလိုက်သေးသည်။

လူတွေကလည်း ဝိုင်း၍သာ ဘေးတီးပေးကြတာ. . .

တူညီဖေးမ ကိုင်တွယ်မယ့် သူမရှိ။

ကလေကချေ လူတစ်ယောက်က အခွင့်အရေး ယူနေတာကို မမြင်ကြတဲ့ အတိုင်း လာကူတွဲခြင်း မပြုပါဘဲ သူတို့ကပဲ ကားတံခါး ဖွင့်ပေးထားလျှက်. . .

ဟိုဆေးခန်းက ကောင်းသည်။ ဒီဆေးခန်း လိုက်ပို့လိုက်ပါလား နှင့်. . .

မိုး ဒေါသတွေ ရင်ထဲမှာ ကလိကလို ဖြစ်နေတော့သည်။

"ဟာ. . .နေဦးဗျ. . . ဟိုမှာ ကျွန်တော့် အထုပ်နဲ့ တံပိုး"

"ယူမနေနဲ့. . . ရှင့်အထုပ်ကို ကားပေါ်လည်း တင်မလာနိုင်ဘူး. . . "

"ရမလားကွ. . . ဒါ ငါ့ကို ထမင်းကျွေးနေတဲ့ အထုပ်"

"ရှင် စားချင်တာ စားဖို့. . . ပိုက်ဆံပေးမယ်. . . အဲဒီ အထုပ်ထက် အဖိုးတန်တာတွေ အများကြီး ဝယ်လို့ရအောင် ပေးမယ်. . . ငြိမ်ငြိမ်နေ. . . "

"မလိုချင်ဘူး. . . ဘာအဖိုးတန်တွေပဲ ပေးပေး. . . အဖိုးတန်တာလည်း ယူမယ်. . . ငါ့ အထုပ်လည်း ငါ အဆုံးမခံနိုင်ဘူး. . . ဒီမှာ ဗျာ ကျွန်တော့ အထုပ်လေး ကမ်းပေးလိုက်ပါ. . . "

လမ်းတကာ လမ်းက ရှိသမျှ အညစ်အကြေး အစုတ်အနုတ်





ပေါင်းစုံပါသော ကားဘီးအောက်မှာလည်း ပိပြားကြေမွ၍ လမ်းပေါ်မှာ သုံးလေးပတ်လိမ့် နေခဲ့လေသော အထုပ်ကြီးက ဆာလာအိတ်ဆိုတဲ့ ပြယုဂ်ပင် မရှိတော့ဘဲ မဲညစ်စုတ်ပြဲလျက်. . .

ပေးတဲ့လူက လှမ်းပေးလို့ ယူတဲ့လူက လှမ်းယူသောအခါ သိန်းရာကျော်တန်သော ကားကြီးပေါ်မှာ အထုပ်ကြီးက မိုးကို မျက်စပစ်လှောင်ပြောင်နေသည့်နှယ်။

သူကတော့ တံပိုးဆိုသည့် ဝါးလုံးကျိုးကို ကျစ်ကျစ်ဆုပ်၍ အထုပ်ကိုလည်း ဖက်ထားကာ မိုးကို တစ်စက်မှ လှည့်မကြည့်ပေ။

ဒေါသဖြစ်ဖြစ်နှင့် ကားကို တအားဆောင့် ထွက်ပစ်လိုက်၏။

"ဟ. . . "

ဖူးထနေသော မိုး နှုတ်ခမ်းလေးက စူတင်းနေရုံမကဘဲ ခပ်ဖိဖိလေးကိုက်ထားတာ မြင်လျှင် အမှိုက်ကောက်သမားက ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆွဲချ၍ ပြုံးလေသည်။

အမှိုက်ကောက်သမားလည်း လူပဲ အဲဒါ မင်းနားလည်. . .



www.burmeseclassic.com

www.burmeseclassic.com

"မစီးတော့ဘူး. . . အဲဒီကားကို လုံးဝမစီးတော့ဘူး. . ."

"ဟဲ့. . . ဟဲ့. . . ဘာဖြစ်လာတာလဲ. . ."

ကားသော့ကို နံရံဆီ ပစ်ပေါက်လိုက်တာ ချွမ်းခနဲ မြည်၍ အလှမွေး ငါးကန်ထဲသို့ ပြုတ်ကျသွားလေသည်။

"ဘာဖြစ်လာတာလဲ သမီးရဲ့. . . မေမေ့ကို ပြောစမ်းပါဦး"

"လူပါးဝတာ. . . ကလေကချေ အောက်တန်းစား အုတ်ကြားမြက်ပေါက် အဆင့်အတန်း မရှိတဲ့ကောင်. . ."

"ဘယ်သူလဲ သမီး. . . ဘယ်မှာလဲ. . ."

ဆိုဖာပေါ်မှာ ဆောင့်ခနဲ ထိုင်ချကာ မိုး မျက်ရည်ပေါက်ကြီးတွေ တလိမ့်လိမ့် ကျလာသည်။

ဒီလို စုတ်ဖွား ခပေချာသော လူတစ်ယောက်ကို ဖက်တွယ်တွဲထူ၍ ကားပေါ်မှာ အတူထိုင်ရလိမ့်မည်ဟု တစ်သက်လုံးက မကြုံခဲ့ မတွေးဖူးခဲ့. . .





ခုတော့ ယင်ဖိုတောင် မသမ်းခဲ့ဖူးသည့် မိုး။

ဆေးခန်း ရောက်လို့ ကားပေါ်က ဆင်းတော့လည်း. . .

"အဲဒီလို ကိုင်ပေးထားရုံနဲ့ မရဘူးကွ. . . လုံးဝကို ထောက်လို့ မရတာ. . ."

ပြောလည်းပြော။ မိုးပခုံးလေးကို လှမ်းဖက်ပစ်လိုက်တာ တွန်းယယ်ပစ်လိုက်လို့လည်း မရတဲ့အဖြစ်။

မိုး တက်ခေါက်၍ အင့်ခနဲ ရှိုက်သည်။

ဆရာဝန်က ပြောတော့ ခြေပွတ်တိုင် လည်သွားသည်တဲ့. . .

သူ့မျက်နှာကတော့ မိုးကို တွဲခိုသည့် အချိန်မှ လွဲ၍ ရှုံ့မဲ့ညည်းတွားတာမျိုးလည်း တစ်စက်မှမရှိ။

"ညည်းကားနဲ့ တိုက်မိတာလား. . ."

တိုက်မိတာက တံပိုးလို့ပဲ ထအော်လိုက်ချင်သည်။

တံပိုးနဲ့ ထောက်ပြီး လူကလဲတာ. . .

မိုးရဲ့ကားနဲ့ သူနဲ့အဝေးကြီး. . . ဒါပေမယ့်. . .

"ဟုတ်ပါတယ်. . ."

မိုး မျက်နှာတင်းတင်းနှင့် ခေါင်းညိတ်လိုက်ရသည်။

"ဆေးခန်းတော့ နေ့တိုင်းလာရလိမ့်မယ်"

"ခြေပွတ်တိုင် လည်တာ. . . ဒီလောက် လိုလို့လား ဒေါက်တာ"

ဒေါက်တာ မျက်နှာ အနည်းငယ် တင်းသွားသည်။

"မလိုအပ်ပဲ ဘယ်ဆရာဝန်မှ အပိုမပြောတတ်ဘူး မိန်းကလေးခင်ရဲ့ကားနဲ့ တိုက်မိတဲ့ လူနာကို မင်း အစအဆုံး တာဝန်ယူရမှာပဲ"

"ကျွန်မ တာဝန်ယူနိုင်တယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



မိုးတာ ကုတင်ပေါ်က လူနာဆိုတဲ့ လူဆီ ခပ်စူးစူး ကြည့်လိုက်၍

"သူ့ဒဏ်ရာ လုံးဝပျောက်သွားတဲ့ အထိ ဘယ်လောက်ကုန်ကျ ခယ်... ဒေါက်တာ တွက်ပေးပါ..."

"ဒါက ပြောလို့မရဘူး... ဒဏ်ရာ ဘယ်လောက်ထိ ဖောင်းပွမယ်ဆိုတာ အတတ်သိနိုင်တာမှ မဟုတ်ဘဲ... တစ်ခုတော့ ရှိတယ်... မင်းတို့က ငွေနဲ့ ရှင်းချင်တယ် ဆိုရင်တော့ ... ကာယကံရှင်နဲ့ ရှင်းကြပေါ့..."

မိုးက သူ့ကို လှမ်းကြည့်သည်။

"ရှင် ဘယ်လောက် ယူထားလိုက်မလဲ... ပြောလိုက်..."

"ငါ လုပ်မစားနိုင်တဲ့အတွက် ငါ့နေ့စဉ်ရှာတဲ့ ဝင်ငွေ မင်းပေးရမယ်..."

"ဒီ့ထက် ပိုပေးမယ်"

"အပိုမလိုဘူး . ဒါကစားစရိတ် သက်သက်ပြောတာ... ဒဏ်ရာနဲ့ ပတ်သက်လို့ ဆေးဖိုး လုံးဝမယူဘူး... ဒဏ်ရာမပျောက်မချင်း မင်းပဲ ကုပေးရမယ်..."

"ဘာ..."

"ဒါ သဘာဝကျပါတယ်... ယာဉ်တိုက်မှု ဖြစ်လာရင် ဆင်းရဲတဲ့ လူအတော်များများက ဥပဒေ အကြောင်းပေါ် မတက်နိုင်ကြဘဲ ဒီလိုနဲ့ဘဲ ပြီးလိုက်ကြရတာပါပဲ... တစ်ချို့ဆို အသက်ဆုံးသွားခဲ့တာတောင် ထိုက်သင့်တဲ့ လျော်ကြေးမရကြရှာဘူး..."

ဒေါက်တာကလည်း ဆင်းရဲသား လူထုဘက်က ထောက်ခံရင်ရင်နာနေပြန်သည်။ မိုး ဘာမှဆက်ပြောလို့ မရတော့ပေ။





"အဲဒီ ကားပေါ်မှာ သူတောင်းစားသဘာသာ လူနဲ့ သူ့အထုပ်ကြီးကိုတင်ခဲ့ရတယ်... တော်ပြီ... ဒီကား သမီး ဘယ်တော့မှ မစီးတော့ဘူး... ကိုပိုက်..."

"ဗျာ... မမလေး..."

ကိုပိုက် ခြံထဲကနေ ပြူးပြူးပြဲပြဲ ပြေးတက်လာသည်။

"ငါးကန်ထဲမှာ သော့ယူ... အဲဒီကားကို ရတဲ့ဈေးနဲ့ သွားရောင်းပစ်... ဒီနေ့ ဒီကားအိမ်ကို ပြန်မောင်းယူလာတာ မမြင်ချင်ဘူးနော်... ဝယ်မယ့်သူ မရှိရင် အလကားပေးပြီး လူချည်း ပြန်လာခဲ့... မသင်း..."

"ရှိပါတယ် မမလေး..."

"ငါ ရေချိုးဖို့ တရော်ကင်ပွန်းနဲ့ နံ့သာစုံ အားလုံးပြင်ထား"

"ဟုတ်ကဲ့..."

ကိုယ်မှာ ခွေးနမ်းထားသွားလို့ ဟုအော်ပြော ပစ်လိုက်ချင်သည်။

ရှိခဲ့တဲ့ မာနက ငယ်ထိပ်မြွေပေါက်ခံ လိုက်ရသလို ဖြေရာမရှိ။

ဒေါ်နွယ်ဥက နာမည်နဲ့ လိုက်အောင် နုနုယဉ်ယဉ် သိမ်သိမ်မွေ့မွေ့ နေတတ်တဲ့သူ ပီပီ သမီး ဆတ်ဆတ်ခါ ဖြစ်လာပုံကို ကိုယ်ချင်းစာပေးလို့ မရနိုင်ဘဲ ရှိ‌ေနသည်။ ကိုယ့်ကားနဲ့ တိုက်မိလို့ ဆေးခန်းလိုက်ပို့ရတာ ဝဋ္ဋရားပဲ မဟုတ် ဘူးလား...

အနူအဝဲပဲ ဖြစ်ဖြစ် ကိုယ့်တာဝန်...

ခက်ပါဘိတော့ မိုးမကမြင့်ရယ်...



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်ဟုတ်မလဲ သမီးရဲ့. . . ဖေဖေတို့မှာ ဒရိုင်ဘာက တစ်ယောက်ပဲရှိတာ. . . ဒီလူနာကို နေ့စဉ် ဆေးခန်းအကြီးအပို့ သွားလုပ်နိုင်းဖို့ဆိုတာ သက်သက်အချိန်တွေ ထုတ်ပေးရသလို ဖြစ်နေမှာပေါ့. . ."

"သူ့ဟာသူ ကကနဲ့ သွားပစေလေ. . ."

"ဖေဖေ ပြောတာက ကားကို မဟုတ်ဘူး. . . ဒရိုင်ဘာကို မပေးနိုင်တာ. . . သမီးပဲ ဒီတ်အမြင့်ဆုံး ကားအသစ် စက်စက်ကြီးကို လေးရက်ပဲ စီးပြီး စိတ်လက်မာန်ပါနဲ့ အရှုံးခံပြီး ရောင်းပစ်တယ်. . . ဒီလူနာကိစ္စကို သမီး စိတ်မဝင်စားဘူး မဟုတ်လား. . . ဖေဖေ့ဖာသာ စီစဉ်မယ်. . . သမီး အသာနေ. . ."

"ဖေဖေက သမီး ကားရောင်းပစ်တာကို သဘောမကျတာလား ဖေဖေ. . ."

"သဘောတော့ ဘယ်ကျမလဲ သမီး. . . သမီးရော ဖေဖေရော နှစ်ယောက်ရှာခဲ့တဲ့ စီးပွားက လေးရက်လောက် အတွင်း ဆယ်သိန်း





လောက် မြတ်နိုင်ဖို့ဆိုတာ မသေချာဘူး. . . အခု ဒီကားရောင်းထာ ဆယ်သိန်းကျော်ကျော် ရှုံးသွားပြီ. . . တကယ်ဆို သမီး စိတ်လက်မာန်ပါလုပ်တတ်တဲ့ ညဥ့်လေးတစ်ခုကို ဖျောက်ပစ်အင့်တယ်ကွယ်. . . တကယ်ကြီးလေးတဲ့ လုပ်ငန်းတစ်ခုကို ဦးဆောင်ဦးရွက် ပြုရမယ့် လူဟာ အရေးကြီးဆုံးက စာနာတတ်ဖို့ပဲ. . . လူတိုင်းလူတိုင်း မေးကြည့်ပါလား. . . အမြင့်မှာ နေချင်သလား. . . အနိမ့်မှာ နေချင်သလားလို့. . . စာနာခြင်းဆိုတာ အဲဒါပဲ. . . သမီးကိုယ် သမီး ပြန်မေးကြည့်လေ. . . လူတိုင်း ငါ့လိုပဲနေမှာလို့ စာနာကြည့်တတ်ရမယ်. . ."

ဦးမိုးမြင့်မောင်က စကားနည်းသူပေမယ့် အကြောင်းအရာ တစ်ခုကို ဆုံးခန်းတိုင်အောင် စီကာပတ်ကုံး ပြောတတ်သူ။

"မရှိ ဆင်းရဲလို့ သူများ အခိုင်းခံပြီး နာခံ အလုပ်လုပ်နေကြရမယ့် ဘယ်သူက နာခံချင်မှာလဲ. . . အလုပ်ရှင်ဆူတာ ငေါက်တာ ဘယ်သူက ပျော်နေပါ့မလဲ. . . အလုပ်ထဲက အလုပ်သမားတွေ အပေါ် သမီးဆက်ဆံတာက အစ ပျော့ပျောင်းမှု မရှိဘူး. . . ပတ်ဝန်းကျင် အပေါ်သည်း သမီး ရိုင်းပျခဲ့တာလေး တွေရှိတယ်. . . ဘဝဆိုတာ လှိုင်းဂယက်တဲ့ သမီးရဲ့. . . ချမ်းသာခြင်းရော ဆင်းရဲခြင်းရော ဘယ်အရာမှ မမြဲဘူး. . ."

မိုးက မျက်နှာလေးကို မော့သည်။

"မြဲကိုမြဲရမယ် ဖေဖေ. . . အခု ဖေဖေ အနားယူသွားလည်း စီးပွား ဒီ့ထက်တိုးတက်အောင် သမီးလုပ်နိုင်တယ်. . . ဘယ်လိုလူမျိုးဆိုမှ ဂရုစိုက်စရာ မလိုဘူး. . . အလုပ်သမားတွေ အခက်အခဲ အမျိုးမျိုးဖြစ်နေသမျှ စာနာပေးနေရအောင်လည်း သမီး အလုပ်ရှုပ်ခံပြီး အချိန်မ



www.burmeseclassic.com

www.burmeseclassic.com



ပေးနိုင်ဘူး... သူတို့ကို ဖျက်ခွင့် နားခွင့် ဒီအလုပ်လုပ်ရင် ဘာလုပ်ခွင့် ရှိဘူး... ဘာလုပ်ရင် အကျိုးထူးမယ်... အားလုံးကို သိစေခဲ့ပြီးမှ သူတို့ ဆုံးဖြတ်ချက်ထိုးပြီး လုပ်တာ... အတိမ်းအစောင်း မဖြစ်အောင် ကြိုးစားမှာ သူတို့အပိုင်း ဖေဖေ့ လုပ်ငန်းမှာ ဖေဖေဟာ ဖေဖေ အလုပ်သမားတွေနဲ့ ထမင်းတစ်ဝိုင်းတည်းပဲ စားစား... သမီးနဲ့ လာမရောပါနဲ့ သမီးကတော့ ကိုယ့်မှုနဲ့ကိုယ်ပဲ..."

မိုးက စကားကို လိုချင်ရာ အတင်းထိုး ပြောသွားသည်။

"သမီးကတော့ လူတစ်ယောက်ဟာ တိုးတက်ချင်ရင် စည်းကမ်း ရှိရမယ်... တိကျရမယ်... ပြတ်သားရမယ်... ဆုံးဖြတ်ရဲမှ တိုးတက်မယ်... ဒီတိုင်းပဲ မြင်တယ်... စာနာတယ် ထောက်ထားတယ်ဆိုတာ တွေဝေတာပဲ... သမီး မတွေဝေချင်ဘူး..."

သားအဖ နှစ်ယောက် စကားဝိုင်းထဲကို ဝင်မပါပေမယ့် ဒေါ်နုယဉ် မျက်နှာ မကောင်းနိုင်တော့ပါ။

မအေက နူးနူးညံ့ညံ့။

ဖအေက ခပ်အေးအေးသမား။

သမီးကျမှ ဘယ့်နှယ် ဒီလောက်သွက်ပြီး ထက်မြက်ချင်နေရပါလိမ့်...

အစကတည်းက ဦးမိုးမြင့်မောင် ဒေါ်နုယဉ်ဆိုတာ သိပ်ကြီးချမ်းသာလှသည် မဟုတ်ခဲ့ပေ။

မြေတောင်မြှောက်ပေးသူ ရှိခဲ့လို့သာ စီးပွားရေးလောကမှာ နာမည်တစ်လုံးနှင့် နေရာတစ်ခု ရလာခဲ့ခြင်း ဖြစ်သည်။

ဒီနေ့အချိန်ထိ ကျေးဇူးရှင် ဆရာသမားရဲ့ နှုတ်၏ဆောင်မခြင်း





လက်၏ဆောင်မခြင်းနဲ့ မကင်းသေးပါ။

"သမီးကို ကြိုပြောထားမယ်နော်... သမီးကို မေမေတို့ရဲ့ ကျေးဇူးရှင် ဆရာကြီးရဲ့သားနဲ့ လက်ထပ်ပေးမှာ... သမီး စိတ်ကြိုက် ချစ်သူ မရှာမိပါစေနဲ့..."

မိုး ဆယ်တန်းအောင်တဲ့ နှစ်မှာပဲ သတိပေးထားခဲ့သည်။

ထိုမှာတင် မိုးရဲ့မာနတွေ ထကြွလာခဲ့တာ ဖြစ်သည်။

"အို... သူ့ဆီက မေမေတို့က ဘယ်လောက်တောင် ချေးငှားထားလို့လဲ... ကျေးဇူးနဲ့ အရင်းခံပြီး သိမ်းပိုက်တာမျိုး ဒီခေတ်မှာ မရှိတော့ဘူး မေမေ... သမီး ခံလည်းမခံနိုင်ဘူး... အဲဒီကြွေးဆပ်နိုင်အောင် သမီး ကြိုးစားမယ်..."

"ဒါ ဆပ်လို့မရတဲ့ ကျေးဇူး မဟုတ်ဘူး သမီး... စေတနာကြွေး သမီးဖေဖေက လူရိုးလူအေး... ဒါကို စီးပွားကွက်လာဘ် မြင်လာအောင် လုပ်တတ်ကိုင်တတ်လာအောင် လူရောငွေရော ရင်းနှီးကူညီပေးခဲ့တာ.."

"ဒီမှာ မေမေ... ငှက်ကလေးကို ချစ်လှချည်ရဲ့ဆိုပြီး လှောင်အိမ်ထဲပဲ ထည့်ထည့်... ကြိုးနဲ့ပဲ ချည်ချည်... သူ့မှာတော့ ပျံသန်းခွင့် ဆုံးရှုံးသွားတာပါပဲ.. ငါတို့ချစ်လို့ပါလားဆိုပြီး ချုပ်နှောင်ခံရတဲ့ ငှက်ဟာ ကျေးဇူးတင်သွားသတဲ့လား..."

"သမီးက ငှက်ကလေး မဟုတ်ဘူးလေ..."

"ဒါကြောင့် သမီးကလည်း ကြိုးနဲ့ချည်မခံနိုင်ဘူး မေမေ... မေမေတို့ တင်ခဲ့တဲ့ကြွေး သမီးဆပ်မယ်... တံဆိပ်ခေါင်းကပ်ပြီးသားမှ အတိတ်က တင့်ရှာယ်ပေးမယ့် နှလုံးသားကိုတော့ တံဆိပ်ကပ်မခံနိုင်ဘူး"

မိုးက စိတ်ထက်သလောက် အပြောပြတ်သည်။

www.burmeseclassic.com



ပြောတဲ့အတိုင်း မိုးမကမြင့် ဆိုတဲ့ နာမည်မှာ ဗိုးပွားရေးလော တထဲကို ဝင်လာကတည်းက ထင်ပေါ်လာခဲ့သည်။

ဦးမိုးမြင့်မောင်ရဲ့ သမီးဆိုတာထက် မိုးမကမြင့်ရဲ့ အဖေဆိုတာ ဖြစ်လာခဲ့သည်။

လုပ်ငန်းက တွင်ကျယ်လာလေ မိုး မာနတွေ ကြီးတက်လာလေ။

ဖအေထက်ပင် ကျော်နေသည့် ကိုယ့်ရဲ့ အောင်မြင်မှုကို ဂုဏ် ယူလို့မဆုံး။

'ငါ'ဆိုတဲ့ မာနက မိဘပြောတဲ့စကားကိုတောင် ဂရုမစိုက်ချင် တဲ့အထိ။

ဦးမိုးမြင့်မောင် သက်ပြင်းချလေသည်။

"ကဲ. . . အဲဒီလူကိစ္စ ဖေဖေ ရှင်းမယ်ဆိုလည်း ပြီးတာပါပဲ. . . သမီး သွားတော့မယ်. . ."

မိုးက လက်ကနာရီလေးကို ငုံ့ကြည့်၍ ထရပ်လိုက်သည်။

သမီး ထွက်သွားတဲ့အထိ ဒေါ်နွယ်ဦး စကားတစ်လုံးမှ ဝင်မပြော လိုက်မိပါ။

"ကဲ. . . ကဲ. . . မောင်ပိုက်ရေ. . . ဦးတို့ သွားမယ်. . . တစ်ခါ တည်း လူနာကို ဝင်ခေါ်မယ်. . . သူ့ကို ဆေးခန်းသွားပို့ပြီးမှ ရုံးဆက်သွား တာပေါ့. . ."

"ဟုတ်ကဲ့. . ."



အခန်း (၂)

"ကဲ. . . ဆေးခန်းရောက်ပြီ မောင်ရင်. . . အထဲကို သူလိုက်ပို့ ပေးလိမ့်မယ်. . . ဆေးဖိုးရှင်းခဲ့မယ်. . . အပြန်ကားခပေးခဲ့မယ်. . . မောင် ရင့်ဟာသာ ကိုယ့်အစီအစဉ်နဲ့ ကိုယ်ပြန်လို့ ရမလားကွယ်. . . ဦးတို့မှာ ဒီအချိန်က အလုပ်ဝင်ချိန်ဖြစ်နေလို့. . . အချိန်လုံးဝ မရလို့ပါ. . . နေ့စဉ် လာခေါ်ပြီး ခုလိုပို့ပေးမှာပါ. . . အပြန်တစ်ချက်လေးကိုတော့. . ."

ဦးမိုးမြင့်မောင် စကားမဆုံးမီ သူက ခေါင်းညိတ်၏။

"ရပါတယ်. . . နေ့စဉ် လာခေါ် ပေးဖို့သာ မပျက်ကွက်ပါစေနဲ့"

"စိတ်ချပါကွယ်. . . ဦးတို့ကလည်း ဒုက္ခရောက်နေတဲ့သူကို ပစ် ထားတတ်ပါဘူး. . ."

ပို့ရုံလေးဆိုတာတောင်မှ မောင်ပိုက် အတော်ကြီး ကြာမှ ပြန် ထွက်လာသည်။

မောင်ပိုက်က ကားပေါ် ကပျာကယာ ပြန်တက်၍ စက်မှသတ်ခဲ့.



www.burmeseclassic.com

www.burmeseclassic.com



သည့်ကားကို ဂီယာဆွဲကာ ချက်ချင်း မောင်းထွက်လိုက်သည်။

"မောင်ပိုက်. . ."

"ဗျာ. . ."

"ဒီလူနာက သမီးပြောသလိုမျိုး ဖြစ်နေမလား. . ."

"ဘာဖြစ်လို့လဲ ဦး. . ."

"ပလပ်စတစ် ကောက်သမား. . . အလဲသည်ဆို. . ."

"ဟုတ်တယ် ဦး. . . လူပုံကတော့ မြင့်မြင့်မားမား ဖြူဖြူစိုစိုနဲ့ ဆံပင်ဘုတ်သိုက်ကြီး ဖယ်ကြည့်ရင် ဟောလီးဝုဒ်က ဆင်းလာတဲ့ မင်းသား အတိုင်းပဲ. . . ဒါပေမယ့် ခြေထောက်ကတော့ တကယ်နာနေပုံပါပဲ"

"ငါဆိုလိုတာက အလဲဆိုတာကိုပဲ. . . ဒီရုပ်က ဟုတ်ပါ့မလား"

"ဒါကတော့ သိပ်ပင်ပင်ပန်းပန်း လုပ်မစားချင်တဲ့ လူတွေထဲက နေမှာပေါ့. . . ဦးရယ်. . ."

လွယ်လွယ်တွေးရင်တော့ ဟုတ်ချင်ဟုတ်မှာပေါ့. . .

ဦးမိုးမြင့်မောင်က ဘယ်အရာကိုမှ ပေါ့ပေါ့လေး တွေးတတ်သူ မဟုတ်။

သူအကဲခတ်ရသလောက် ဒီသူငယ်ရဲ့ အဆက်အပေါက်မျိုးက ခပ်ညံ့ညံ့ လူပျော့တစ်ယောက် ဖြစ်ဖို့ဆိုတာ. . .

"ဒါနဲ့ သူ့နာမည်တောင် မမေးလိုက်မိဘူး. . . မင်းသိခဲ့လား"

"ဘွဲ့ဖြူတဲ့. . ."

"ဟေ. . ."

ဦးမိုးမြင့်မောင် အသံကြီးကြောင့် မောင်ပိုက်က ရယ်သည်။

"မင်းက ဘာရယ်တာတုန်း. . ."





"ဦး အံ့ဩသွားတာကို သဘောကျလို့ပါ. . . ဘာနာမည်ကြီး မှန်းမသိလို့. . . ကျွန်တော်တောင် အဲဒီမှာ သူ့နာမည် တိုကင်မှာပေးတော့ ရယ်မိသေးတယ်. . ."

မောင်ပိုက်ခမျာ ပညာနည်းသလောက် ကားမောင်းဖို့ တစ်ခုက လွဲပြီး ဗဟုသုတ လွန်စွာနည်းရှာပါ၏။

ဦးမိုးမြင့်မောင် မျက်မှောင်ကြီး ကုတ်လျက်. . .

'ဘွဲ့ဖြူ' လက်နက် ဘီလူးစက်တဲ့. . .

ဒီသူငယ် ဘယ်လိုလူစားလဲ. . .



www.burmeseclassic.com

www.burmeseclassic.com

"ကား ဘာဖြစ်သွားတာလဲ. . ."

"မသိဘူး ဦးရဲ့. . . ကျွန်တော် ဆင်းကြည့်လိုက်ပါ့မယ်"

ဘာဖြစ်မှန်း မသိဘဲ ရပ်သွားသည့် ကားကို ဆင်းကြည့်ပြီး မောင်ပိုက်လည်း ဘာမှန်းမသိ ဖြစ်နေလေသည်။

ဦးမိုးမြင့်မောင် စိတ်မရှည်ဖြစ်၍ ဆင်းလိုက်သွားသော်လည်း ဘာမှန်းမသိပြန်. . .

"ဒုက္ခပါပဲကွာ. . . ဒရိုင်ဘာက အသုံးမကျ. . . ငါက ဘာမှန်း မသိနဲ့. . ."

ဘေးဘီကို ဝေ့ကြည့်တော့လည်း လူရောကားပါ ရှင်းနေသည်။

ကားပေါ်မှာ လူနာဆိုသည့် မောင်မင်းကြီးသားကလည်း စီအေအာ ကားရဲ့ မော်တော်ကားဆိုတာမျိုးတောင် ကြားဖူးရဲ့လား မသိ။

ထိုစဉ်. . .

သူတို့ဆီ ခပ်မှန်မှန် လျှောက်လာသော လူရွယ်နှစ်ယောက်။





"ဘာအကူအညီ လိုသလဲဦး. . . ကျွန်တော်တို့ ဘာကူညီရမလဲ"

တစ်ယောက်က ခပ်ပြုံးပြုံး မချိုမချဉ်. . .

တစ်ယောက်က ဦးမိုးမြင့်မောင် ကိုင်ထားသော ပိုက်ဆံအိတ်ထူထူကြီးကို အမှတ်တမဲ့ ပုံစံနှင့် တိုက်ချလိုက်တာ လက်ထဲက လွတ်ကျသွားလေသည်။

"ဟိတ်. . . မင်းတို့ ဒါဘာလုပ်တာလဲကွ. . ."

ဦးမိုးမြင့်မောင် ပိုက်ဆံအိတ်ကို ကုန်းကောက်လျှင် တိုက်ပစ်လိုက်သူက ခြေထောက် တစ်ဖက်နှင့် နင်းထားလိုက်၏။

မောင်ပိုက် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်နှင့် တစ်ယောက်က ဇက်ပိုးကို လက်ဝါးစောင်းနှင့် ဒိုင်းခနဲ ခုတ်ချလိုက်သည်။

ရှေ့သို့ ငိုက်ကျလာသည်နှင့် မျက်နှာကို လက်နှင့်တအား ဖြတ်ရိုက်ပစ်လိုက်၏။

မောင်ပိုက် ခွေခနဲ ကျသွားလေသည်။

"ဟာ. . . မင်းတို့ တယ်ရမ်းကားပါလား. . . ဒါ မင်းမဲ့တိုင်းပြည် မဟုတ်ဘူးကွ. . ."

"ခင်ဗျား မရှည်ပါနဲ့. . . သူခိုးဓါးပြဆိုတာ မရှိခဲ့ရင် အမြို့မြို့ အနယ်နယ်မှာ ရုံးတွေဂိတ်တွေ ထားပါ့မလား. . ဟဲ. . . ဟဲ. . . ကျွန်တော်တို့က သဘာဝတရားကို မပျောက်ပျက်အောင် ထိန်းသိမ်းနေပြတဲ့ တာဝန်သိ သူတော်ကောင်းလေးတွေပါ. . ."

"ဟုတ်ရဲ့လားကွာ. . . သူတော်ကောင်းတွေက ရှားပါးကုန်ပြမြင်ဖူးတယ် ရှိအောင် ကြည့်ထားမှ ထင်တယ်. . ."

ဘွဲ့ဖြူက ဓါးခါးဖွင့်၍ အေးအေးလူလူ ဆင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်မှာ ခြေချရပ်လိုက်သည်နှင့် သူတို့ထက် မိုးသွားသည့် အရပ်ကြီးကို သတိထားမိကာ တစ်ယောက်နဲ့ တစ်ယောက် မျက်လုံးနဲ့ အချက်ပေးရင်း ဘွဲ့ဖြူနားကို တိုးကပ်လာကြသည်။

ဘွဲ့ဖြူက တံခါးကို နောက်ပြန် ခပ်လျော့လျော့ မှီရပ်လိုက်သည်။

"ဟိတ်ကောင်. . . မင်းက ပခုံးချိုင်းပြန့် ဘာကောင်လဲ. . ."

"မြင်တဲ့အတိုင်းပဲလေ. . . ပခုံးကတော့ အပြဲ. . . ဒါပေမယ့် လက်သီးကတော့ ကောင်းတယ်. . . မြည်းမလား. . ."

ဓားရောင် လက်ခနဲ ဖြစ်သွားသည်။

"ဟေ့. . . ဓားတွေ ဘာတွေနဲ့ မလုပ်ကြနဲ့လေ. . . သွား. . . ယူသွားကြပါ. . . ပြန်ကြပါ. . . မောင်ဘွဲ့ဖြူ တော်တော့. . ."

ဦးမိုးမြင့်မောင် စကားကို ဘယ်သူမှ နားမထောင်ကြပါ။

တစ်ယောက်က အားအပြည့် ထည့်ထားသည့် ခြေထောက်နှင့် ပတ်ကန်သည်။

တစ်ယောက်က ဓားနဲ့ပြေးလိုက်သည်။

ဘွဲ့ဖြူက အရင်ဝင်လာသည့် ကန်ချက်ကို ဖျတ်ခနဲ ဖမ်းဆုပ်၍ သူ့အရှိန်နဲ့ သူ ကိုင်ရိုက်ပစ်လိုက်သည်။

နံဘေးမှ လက်ခနဲ ဝင်လာသည့် ဓားကြောင့် ဗိုက်ကို ကျုံ့သွင်းကာ လွတ်ရုံလေးရှောင်၍ ဓားကိုင်လက်ကို မိမိရရ အုပ်ကိုင် လိမ်ချိုးပစ်လိုက်သည်။

"အ. . ."

ဓားက ဘွဲ့ဖြူလက်ထဲ ရောက်သွားသည်။





လမ်းပေါ်က ပြန်ကုန်းထလာသည့် တစ်ယောက်က ပြေးဝိုင်းလဲ သွားသည်။

အခြေအနေကြောင့် မျက်လုံးပြူးသွားသည်။

ဘွဲ့ဖြူက ချုပ်ကိုင်ထားသည့် လူရဲ့မေးဖျားကို ဓားသွားနှင့် ခြစ် နေရင်း. . .

"ဒီပညာလောက်နဲ့ ဓားပြတိုက်စားရသလားကွ. . . မရှက်ဘူး လား. . ."

ဓားနဲ့အခြစ်ခံနေသူ မေးယားလျက် မျက်လုံးပြူးနေသလောက် ဘေးကလူ ထွက်ပဲပြေးရမလိုလို အပေါ်ကိုပဲ ပြေးတက်ရမလိုနှင့် ဘာလုပ် ရမှန်း မသိ။

"ဟေ့. . . မင်း ခါးကြားထဲက ပိုက်ဆံအိတ်ကို ပြန်ပေးလိုက် စမ်း. . ."

တောင့်တင်းဖောင်းကားနေသော ပိုက်ဆံအိတ်ကို နောက်ပြန် စမ်း၍ တစ်ယောက်က မပေးချင်. . .

"အား. . ."

မေးဖျားမှာ စူးခနဲ ဖြစ်၍ ဘွဲ့ဖြူချုပ်ထားသည့် လူက စူးစူးဝါး ဝါး ထအော်လေသည်။

သွေးစင်းကြောင်း တစ်ခု မေးဖျားမှ ရုတ်ချည်းပေါ်လာသည်။

"အောင်နိုင်. . . ပေး. . . ပေးလိုက်ပါကွာ. . . ငါ တောင်းပန် ပါတယ်. . ."

အောင်နိုင်ဆိုသည့် လူက လမ်းနောက်ပြန် လျှောက်နေရင်း. . .

"ဒီပိုက်ဆံအိတ်နဲ့ သူ လူမသတ်ရဲပါဘူးကွာ. . . ငါ မပေးနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူး. . ."

"ဟာ. . . မလုပ်ပါနဲ့ကွာ. . . ဒီမှာ ငါ ငါသေလိမ့်မယ်. . . အောင်နိုင်. . ."

အောင်နိုင် ဘယ်လိုမှ နားချလို့ မရနိုင်မှန်း ဘွဲ့ဖြူသိလိုက်သည်။

ထို့ကြောင့် လက်ထဲမှာ ချုပ်ထားသူရဲ့ ဖက်ပိုးက မေ့ကြောကို ခပ်ကြမ်းကြမ်း ရိုက်ထည့်လိုက်၏။

အသံပင် မထွက်နိုင်ဘဲ ခွေကျသွားလေသည်။

ဒါကို မြင်သည်နှင့် အောင်နိုင် ဖျတ်ခနဲ လှည့်ပြေးသည်။

ခါးကြားနောက်မှာ ပိုက်ဆံအိတ် ညှပ်လျက်. . .

ဘွဲ့ဖြူ အောင်နိုင် ပြေးသည့်ဘက်ကို မျက်နှာမူ၍ ခြေကိုခွဲ ရပ်လိုက်သည်။

ဓားကိုင်လျက် လက်ကို ချိန်ဆ၍ မြှောက်သည်။

"ဟာ. . . မ. . . မလုပ်နဲ့. . . မောင်ဘွဲ့ဖြူ. . ."

ဦးမိုးမြင့်မောင် အသက်ရှူ ရပ်မတတ် ထိတ်လန့်သွားကာ ကမန်းကတန်း တားသော်လည်း. . .

"ဝှစ်. . ."

ဓားရောင် လက်ခနဲ ဖြစ်သွားကာ. . .

"အား. . ."

အောင်နိုင် ရောက်သည့်နေရာမှာပင် ခွေကျသွားလေသည်။

"ထိသွားပြီ. . . မောင်ဘွဲ့ဖြူ. . . မင်း. . . မင်း လူသတ်လိုက်သလား. . ."

ဦးမိုးမြင့်မောင် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။





"မသတ်ပါဘူး. . . ခြေထောက်ကို တမင် ချိန်ပစ်လိုက်တာပါ အသေသတ်ချင်ရင် ဒီကောင့် ကိုယ်လုံးကြီးကို ချိန်ပစ်ဖို့တောင် မလိုဘူး"

ပြော၍ ဘွဲ့ဖြူက အဲဒီနေရာထိ ခပ်ထော့ထော့ လျှောက်သွားကာ ခြေထောက်ကို ကိုင်၍ လူးလိမ့် ညည်းညူနေသော အောင်နိုင် ခါးကြားထဲက ပိုက်ဆံအိတ်ကို ဆွဲဖြုတ်ယူလိုက်သည်။

ပြီးတော့ ပိုက်ဆံအိတ်ကို ဖွင့်၍ အထဲက တစ်ထောင်တန် နှစ်ရွက်ထုတ်ကာ အောင်နိုင့် အင်္ကျီအိတ်ထဲ ထိုးထည့်ပေးပြီး. . .

"ကဲ. . . ကိုယ့်လူ ကိုယ့်အသက်ကိုယ် ကြံဖန်မွေးပေတော့. . . ဝီသမလောဘတက်ရင် ဒီလိုပဲ ခံရမယ်ဆိုတာလည်း မမေ့နဲ့. . ."

"အား. . ."

အောင်နိုင် ပိုက်ဆံအိတ်ကိုလည်း မော့မကြည့်နိုင်တော့ဘဲ လူးလိမ့်ညည်းညူနေတော့သည်။

ဦးမိုးမြင့်မောင် အပြေးတပိုင်း ရောက်လာကာ. . .

"သူ့ကို ဆေးခန်းဝင်ပို့ပေးခဲ့ရင် မကောင်းဘူးလား မောင်ဘွဲ့ဖြူ"

"မကောင်းဘူး. . ."

ဘွဲ့ဖြူက ခေါင်းခါ၍. . .

"ကျားအနာကို ဆေးကုပေးဖို့ မလိုပါဘူး ဦးရယ်. . . လာ သွားစို့. . ."

ဘွဲ့ဖြူက အေးဆေးနေသလောက် ဦးမိုးမြင့်မောင် ရင်တွေတုန်နေဆဲ. . .

ခွေခွေလေး လဲကျနေခဲ့သည့် လူနှစ်ယောက်ကို ထားခဲ့၍ ရသည့် ဆိုင် ရင်ထဲမှာ လှုပ်ခါနေဆဲ. . .



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ဖြူ. . .
ဘွဲ့ဖြူကို သူ နားမလည်တော့. . .
တလောကချေဆိုတဲ့ ဘွဲ့ဖြူဟာ. . .



သွားသွားနားနား ဆိုသည့် ဘွဲ့ဖြူဆိုသည့် လူငယ်ရဲ့ လှုပ်ရှား တွေ့သည်သာ ကြီးစိုးနေတော့သည်။

အရေးကြုံလာတော့ ကေသရာဇာ ခြင်္သေ့တို့၏ အသွင်။

လိုအပ်လာတော့ လှုပ်ရှားမှုတိုင်းက သွေးအေးသလောက် တိ ကျကျ။ မနေ့က မြင်ကွင်းက မျက်ဝန်းထဲမှာ ရုပ်ရှင်ရိုက်ယူထားသည့် ယ်. . .

"အစ်ကို တီဗွီအစီအစဉ် ပြီးနေပြီလေ. . . အို. . . တီဗွီမပိတ် ဲ ဘာတွေ စဉ်းစားနေတာလဲ ဒုက္ခပါပဲ. . ."

ဒေါ်နုယဉ်က တီဗွီသွားပိတ်ရင် တဗျစ်တောက်တောက် ပြော သည်။

ဦးမိုးမြင့်မောင် ကိုယ့်ရဲ့စိတ်အတွေးကို ဘယ်လိုရှင်းပြရမှန်းပင် ။

"သမီး အိပ်သွားပြီလား နုယဉ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"မအိပ်သေးဘူး. . . သူ့အခန်းထဲမှာ ဒီဇိုင်းတွေ စစ်နေတယ်"

"ခေါ်ခေါ်လိုက်စမ်းကွာ"

ခဏကြာတော့ ဒေါ်နုယဉ်နဲ့ မိုးပါလာသည်။

"ဖေဖေ ဘာပြောမလို့လဲ ဟင်. . ."

ဦးမိုးမြင့်မောင်က ဆေးတံကို မီးညှိနေပြီးမှ. . .

"မောင်ဘွဲ့ဖြူကို သမီးရဲ့ ကားနဲ့တိုက်မိတုန်းက သူက ဘယ်လို ပုံစံလဲကွဲ့. . ."

အဖြစ်ကို ခုထိ မကျေနပ်ဖြစ်နေဆဲမို့ မိုးမျက်နှာက ချက်ချင်း အရောင်ပြောင်းသွားသည်။

"ဖာတစ်လုံး ခေါင်းကျားလို အထုပ်ကြီးကို တုတ်နဲ့လျှိုပြီး ထမ်း လာတာလေ. . . လမ်းကြိုလမ်းကြား ရေသန့်ဗူးတွေရော ဘီယာပုလင်း တွေရော. . . သူ့အိတ်ထဲမှာ အစုံပဲ. . . အဝေးကြီးကတည်းက သမီး သူ့ ကို မြင်သားပဲ. . . အနားရောက်မှ တုတ်ကြီးနဲ့ ငြိမှာစိုးလို့ ဟွန်းတီးလိုက် တာ. . . သူ့ဟာသူ အကြောက်လွန်း လန့်ဖျန့်ပြီး ကားရှေ့ရောက်လာတာ တကယ်ဆို အဲဒါ သမီး အပြစ်ဘာမှ မရှိဘူး. . ."

အဖြစ်ကိုသိချင်လို့ မေးတာ မဟုတ်သည့် ဦးမိုးမြင့်မောင်က မိုးရဲ့ နောက်ဆက် စကားတွေကို စိတ်မဝင်စားပါ။

သူ့ခေါင်းထဲမှာ ရှိနေသည်က ဘွဲ့ဖြူ. . .

ဘွဲ့ဖြူက အကြောက်လွန် လန့်ဖျန့်သွားပြီး ကားရှေ့ရောက် လာသတဲ့. . .

ဦးမိုးမြင့်မောင် ခေါင်းခါနေသည်။

ဘယ်လိုမှ အဖြေရှာမရတော့ ဘွဲ့ဖြူဟာ မှုခင်းစုံထောက်ဘက်





အစ်ယောက်များလား. . . ဟု ပြဇာတ်ဆန်ဆန် တွေးမိလိုက်သေး သည်။

"ဖေဖေ. . ."

"ဟေ. . ."

"အဲဒီလူက ဘာဖြစ်လို့လဲ. . . သူ့ကိစ္စက မပြီးသေးဘူးလား"

"နက်ဖြန်ဆိုရင်တော့ ပြီးပါပြီ. . . ဒါပေမယ့်. . ."

ဦးမိုးမြင့်မောင်က စကားရပ်ကို ခပ်ဆဆ လုပ်နေသဖြင့်. . .

"ပြောလေ ဖေဖေ. . . ဘာလဲ. . . သူက ငွေထပ်ညှစ်နေလို့ . . ."

"မဟုတ်ပါဘူးကွယ်. . . ဒီသူငယ် အစွမ်းအစ မသေးဘူး. . . ဖေ အဲ့ဒါကို စဉ်းစားနေတာ. . ."

မိုးက နှုတ်ခမ်းလေးမဲ့၍ ဆိုဖာမှာ ဆောင့်ခနဲ မှီချလိုက်သည်။

"ဖေဖေကလည်းလေ. . . ဒီပညာတတ်တာများ အထင်ကြီးနေ . . . ဒီလောက် လမ်းပေါင်းစုံ လူပေါင်းစုံ ရောက်နေသေးမှတော့ စုံမှာပေါ့. . ."

ဦးမိုးမြင့်မောင် ခေါင်းညိတ်သည်။

"ဒါလည်း ဖြစ်နိုင်တယ်. . . ဒါပေမယ့် ဖေဖေကတော့ ဒီသူငယ် တ်သက်နေရတာ တာဝန်ကြီးတယ်လို့ မခံစားရဘူး. . ."

"ပြောပါဦး. . . ဘယ်လိုခံစားရလို့လဲ. . ."

"ဒါလည်း မပြောတတ်ဘူးကွ. . ."

ဦးမိုးမြင့်မောင်က အတိတ်နဲ့ အနာဂတ်ကို စိတ်ဝင်စားတတ်သူ ဘာမဆို ပေါ့ပေါ့လေး မတွေး။



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွေးထဲမှာ ဘွဲ့ဖြူဆိုတာ စွဲထင်နေတဲ့ အဖြစ်ကို သူများ နားလည်အောင် ဘယ်လိုပြောမလဲ. . .



"ကဲ. . . မောင်ရင်လည်း ဒီနေ့ ကျန်းမာရေး ကောင်းသွားပြီ ားထဲမှာ ခင်ခင်မင်မင်လည်း ရှိနေကြပြီဆိုတော့ ဒို့တွေ နှုတ်ဆက်တဲ့ နေနဲ့ မိတ်ဆုံစားပွဲလေး လုပ်ရအောင်. . ."

ကားပေါ်မှာ ဘွဲ့ဖြူပါလာသည်နှင့် ဦးမိုးမြင့်မောင်က စကားစ သည်၊

"ဆေးခန်းကအပြန် အပြင်မှာ ဦးက တစ်ခုခု လိုက်ကျွေးပါရ . . မောင်ရင် လက်ခံတယ် မဟုတ်လား. . ."

ဘွဲ့ဖြူက ပြုံးလိုက်သည်။

သမီးနဲ့ ဖခင်ကတော့ တစ်ခြားစီပါပဲ။

သမီးက မောက်မာ ရိုင်းစိုင်းသလောက် ဖခင်က ယဉ်ကျေး သိမ်မွေ့သည်။

အဆင့်အတန်း ခွဲခြားတတ်ခြင်း မရှိဘဲ လူလချင်း လေးစား သော စိတ်ဓာတ် အပြည့်ရှိသူလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်လဲ . . . မောင်ရင်"

"လိုက်မှာပေါ့ ဦးရဲ့ . . . ကိုယ့်ကို ကျွေးဖို့ခေါ်တဲ့ ကိစ္စ . . . ဘယ် ငြင်းမလဲ . . ."

နှစ်ယောက်သား ရယ်မိကြသည်။

"ဟာ . . . ဦး . . . ဦး လေလံသွားမလို့ဆို . . . စားသောက်နေရင် မှီပါ့မလား . . ."

ဒရိုင်ဘာ မောင်ပိုက်က ကားမောင်းနေရင်း လှမ်း၍ သတိပေး သည်။

"အေး . . . ဟုတ်သားပဲ . . . ဒါဆို ဒီလိုလုပ်ရအောင် . . . မောင် ရင်လည်း ဗဟုသုတရတာပေါ့ . . . ဦးနဲ့ လေလံကို လိုက်ခဲ့ပါလား . . . အပြန်ကျမှ အေးအေးဆေးဆေး စားကြတာပေါ့ . . ."

"ရပါတယ် . . . ကျွန်တော်က အားနေတဲ့ သူပဲဟာ . . ."

သူတို့ ဆေးခန်းကအပြန် လေလံကွင်းရောက်တော့ လူတွေ တော်တော်များနေပြီ ဖြစ်သည်။

ဒါပေမယ့် စိတ်ဝင်စားသူတွေသာ များလှက် စားပွဲမှာ ထိုင်သူ သိပ်မရှိ။

"ဘာလေလံလဲ ဦး . . ."

"မြေကွက်ကွ . . . ကေသုံးရာကျော်တယ်"

ဦးမိုးမြင့်မောင်က ရှင်းပြသည်။

လေလံစတော့ သိန်းသုံးရာတဲ့ . . .

"ကျုပ်က ငါးဆယ် ပိုပေးမယ် . . ."

ခဏငြိမ်သွားသည်။





တအောင့်ကြာမှ . . .

"ကျုပ် ခြောက်ဆယ်ပေးမယ် . . ."

နေရာအကွက်ကောင်းသည်မို့ ဧရိယာအရ တန်မှန်းသိပေမယ့် ဈေးပေးဖို့ကို နည်းနည်းတော့ တွန့်နေကြသည်။

ရောင်းမည့်သူက အားလုံးကို ဝေ့ကြည့်၍ ခဏစောင့်ကြည့် သည်။

"ဘယ်သူပိုပေးမယ့်သူရှိသေးလဲ"

"ကျုပ်က ရှစ်ဆယ်ပေးမယ်ဗျာ . . ."

အားလုံး ငြိမ်ကျသွားကြသည်။

ရှစ်ဆယ်ပိုပေးသူက လူစွမ်းကောင်း ပုံစံနှင့် မျက်နှာမော့နေ၏။

"ဦး လေးရာပေးလိုက်ပါ"

"ဟေ . . ."

ဒီလောက်ထိ ပေးစရာမလိုဘူး ထင်လို့ကိုပဲ ဦးမိုးမြင့်မောင်က ငြိမ်သက်နေခဲ့တာ ဖြစ်သည်။

"ရဲရဲ ပေးလိုက်ပါဦး . . . ဒီမြေ ဒီနေရာကို ဒီဈေးပေးတာ ဦး မနစ်နာပါဘူး . . . နောက်သုံးရက်အတွင်း သိန်းနှစ်ဆယ်လောက် ဦး အပျင်းပြေ ကစားဖို့ ရမယ် ယုံမလား . . ."

ဦးမိုးမြင့်မောင် ဘွဲ့ဖြူမျက်နှာကို ကြည့်၍ ဘာပြောရမှန်း မသိ။

လေးရာဆိုတဲ့ ငွေက နည်းသလား . . .

"ကဲ . . . ဘယ်သူမှ မပိုတော့ဘူးဆိုရင် . . ."

"ကျုပ်တို့ လေးရာပေးမယ် . . ."

အားလုံး လှည့်ကြည့်လိုက်ကြတဲ့ မျက်ဝန်းတွေက သူတို့ကို လှ

www.burmeseclassic.com

www.burmeseclassic.com



မိုက်တွေဆိုသည့် ကဲ့ရဲ့ မျက်လုံးများနှင့်. . .

တစ်ချို့က ထထွက်သွားကြသည်။

လေလံပွဲက ပြီးသွား၏။

"ဦး စိတ်ပူနေလား. . ."

"မပူပါဘူး. . . စီးပွားရေးနဲ့ အရှုံးအမြတ်ဆိုတာ ဆန်းတာမှ မဟုတ်ဘဲ. . . ဒါပေမယ့် မောင်ရင့်ကို ဦး နားမလည်ဘူး. . ."

"ဘာဖြစ်လို့လဲ. . ."

"မောင်ရင်. . . အာမခံ သိပ်ရဲမနေဘူးလား"

ဘွဲ့ဖြူက ဟက်ခနဲ ရယ်သည်။

"ဦးလည်း ယုံခဲ့တယ် မဟုတ်လား. . ."

"ဟုတ်တယ်. . . မင်းက ဦးကို အကျိုးယုတ်စေအောင် မလုပ်ဘူးဆိုတာကို ယုံတာ. . . ဒါပေမယ့် အာမခံရဲတာကို အံ့ဩတယ်. . . အရှုံးအမြတ်ကို ဘယ်သူသိနိုင်မလဲ. . ."

"ဦး စောင့်ကြည့်ပါ. . ." တဲ့

ဘွဲ့ဖြူက ဒါပဲ ပြောခဲ့တာ ဖြစ်သည်။

အိမ်ရောက်လို့များ ဒီအကြောင်း သမီးသိခဲ့ရင်. . .

ဦးမိုးမြင့်မောင် မခိုးတရို ပြုံးမိလေသည်။



## အခန်း (၃)

"မရှိဘူး ဦးလေး. . . သူက ဒီလိုပဲ. . . သွားချင်ရာ သွားနေ
တ်တာ. . . တစ်ခါတလေ ညတောင် ပြန်မအိပ်ဘူး. . ."

ဦးမိုးမြင့်မောင် စိတ်ဓာတ်ကျသွားသည်။

"ဒါဆို ဒီလိပ်စာအတိုင်း ဆက်ဆက်လာခဲ့ဖို့ ဦးမိုးမြင့်မောင် သွားတဲ့အကြောင်း ပြောပေးပါကွယ်. . . ရောက်ရောက်ချင်း အရေး တယ်လို့လည်း ပြောပေးပါ. . ."

"စိတ်ချပါ ခင်ဗျာ. . . ပြောလိုက်ပါ့မယ်. . ."

ဦးမိုးမြင့်မောင် ကားပေါ်ပြန်ထိုင်လိုက်သည်။

"မရှိဘူးတဲ့လား ဦး. . ."

"အေးကွာ. . . နှစ်ခေါက်လောက်ရှိပြီ. . . ဘယ်သွားမှန်း မသိ ဘယ်လိုက်ရမှန်းလည်း မသိဘူး. . ."

"ဦးက သူ့ကို ဘောက်ဆူးချမလို့လား. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဘောက်ဆူးချ ပေးလိုက်ရမယ့် ကိစ္စ မဟုတ်ဘူး. . . သူ့ အရည်အချင်းကို စော်ကားသလို ဖြစ်သွားမှာပေါ့. . . ငါက လူကိုတွေ့ ချင်တာ. . ."

ဘာလုပ်ဖို့လဲလို့ မောင်ပိုက် ထပ်မမေးရဲတော့ပါ။

အင်္ဂါနေ့က ဝယ်လိုက်သည့် မြေကွက်ကို သောကြာနေ့မှာ နှစ် ဆယ့်ငါးသိန်း အမြတ်နှင့် ရောင်းလိုက်ရသည်။

ဦးမိုးမြင့်မောင် အဲဒီမှာ နေမရတော့တာ ဖြစ်သည်။

"မောင်ဘွဲ့ဖြူကို တွေ့တဲ့နေရာမှာ မင်းခေါ်လာခဲ့ပါ. . ."

မောင်ပိုက်ကိုလည်း မှာသည်။

ကိုယ်တိုင် သွားရှာတာပဲ နှစ်ခေါက်ရှိပြီ။

ဒေါ်နုယဉ် အံ့သြ၍ မိုးက မကျေနပ်။

"ဘာလုပ်ဖို့ ဖေဖေက ဒီလောက် ဖြစ်နေရတာလဲ. . . ကံအကျိုး ပေးလာရင် လက်လှုပ်တာနဲ့ ငွေဝင်တာပဲ. . . ကိုယ့်ကံကောင်းလို့ ကိုယ် တဲ့ကိစ္စ. . . သူပြောလိုက်တာနဲ့ အကြောင်း တိုက်ဆိုင်သွားတာကို လောက် ကျေးဇူးတင်နေစရာလား. . . ငွေလေး အစိတ်သုံးဆယ်နဲ့များ.

"ငွေရလို့ ဖေဖေ သူ့ကို ကျေးဇူးတင်ရအောင် လိုက်တာ မဟုတ် ဘူး. . . သူဟာ ဖေဖေ့ရဲ့ တကယ် အလိုအပ်ဆုံး လူဖြစ်နေတာ သေချာ နေလို့. . ."

ဦးမိုးမြင့်မောင် ခပ်ပြတ်ပြတ် ပြောသည်။

"ဦးရေ. . . ကိုဘွဲ့ပါလာပြီ. . ."

မောင်ပိုက်ကလည်း ဟိုတစ်ခါ ပိုက်ဆံအိတ် အလုခံရသည့် ကိစ္စပြီး ကတည်းက ဘွဲ့ဖြူကို လိုက်လိုက်လှဲလှဲ ခင်မင်ခဲ့တာဖြစ်သည်။





ဦးမိုးမြင့်မောင် ဆတ်ခနဲ ထ၍ အိမ်ရှေ့ တောက်လျှောက်ထွက် သွားသည်။ မိုးက အိမ်ထဲသို့ လှည့်ဝင်ခဲ့သည်။

ဒေါ်နုယဉ် ဘာလုပ်ရမှန်း မသိဘဲ နောက်တော့မှ အိမ်ရှေ့ ဧည့်ခန်းသို့ ထွက်ခဲ့လေသည်။

"လာပါကွဲ့. . . မောင်ဘွဲ့ဖြူ ဝင်ခဲ့စမ်းပါ. . ."

"ကျွန်တော့်ခြေထောက်တွေ ပေနေလို့ပါ ဦး. . ."

"လာ. . . လာ. . . ငါ့တူ. . . ဒီမှာလာဆေး. . ."

ဒေါ်နုယဉ်က ကပျာကယာ ထွက်လာကာ ပန်းပင်ရေလောင်း သည့် ပိုက်ခေါင်းနား ခေါ်လာသည်။

တကယ့်ကိုပဲ ခြေထောက်မှာ ရွှံ့စတွေ ပေနေပါသည်။

သူ့အထုပ်ကြီးဘေးမှာ အသာချကာ ဘွဲ့ဖြူက ပိုက်ကို ခြေထောက်မှာ တေ့၍ ခြေခြင်းပွတ်ဆေးသည်။

ဒေါ်နုယဉ်က ရပ်ကြည့်နေ၏။

ရွှံ့တွေ ကွာကျသွားတော့ ပေါ်လာသည့် ခြေအစုံက နီမြန်းနု ထွက်လျက်. . .

ဒေါ်နုယဉ် ဘွဲ့ဖြူ မျက်နှာကို ပြန်ကြည့်မိသည်။

ချွေးစတို့နှင့် အနည်းငယ် ညစ်ထပ်ထပ် ရှိပေမယ့် ထူသောမျက် ခုံး ထင်းနေသည့် နှာတံ ပိရိကျနသော နှုတ်ခမ်းနှင့် လေးထောင့်ဆန်ချင် သော မေးရိုးက လွန်စွာ လိုက်ဖက်လှသည်။

ဘွဲ့ဖြူက လက်ဖဝါးတွေပါ ပွတ်ဆေးနေသည်။

ခြေဆစ် လက်ဆစ်တို့သည် အလုပ်ကြမ်း လုပ်ကိုင်စားရသော ကာယသမားတွေလို မဟုတ်ဘဲ ခပ်သွယ်သွယ် လက်ချောင်းလက်ဖဝါးတို့



www.burmeseclassic.com

www.burmeseclassic.com



သည် ပန်းသွေးစိုလျက်၊ လက်ဖမိုးမှာ စိမ်းညို့သော အမွေးအမျှင်တို့ ဖုံးလွှမ်းနေသည်။

ခြေချောင်း ခြေဖမိုးပေါ်မှာကအစ မွေးညင်းတို့ ပြည့်သိပ်လျက်။

"မင်းမျက်နှာကိုပါ သစ်ပစ်လိုက်ပါလား. . . မောင်ဘွဲ့ဖြူ"

ဘွဲ့ဖြူ ဖျတ်ခနဲ မော့ကြည့်ကာ မျက်နှာတစ်ချက် ပျက်သွားသည်။ ပြီးမှ ခပ်ပြုံးပြုံးနှင့်. . .

"မသစ်တော့ပါဘူး အန်တီ. . . ဒီက သွက်တာနဲ့ လပ်းပေါ်မှာ သွားလာနေရတာပဲ. . . မထူးပါဘူး. . . အခု တိုက်ကြီးထဲ ဝင်ရမှာမို့ ခြေထောက်တွေ ဆေးတာပါ. . ."

မိန်းမဆိုတာ စပ်စုတဲ့ အမျိုး. . .

ဒီမျက်နှာကို သေချာ ဆေးကြောပစ်လိုက်လျှင်. . .

ဘွဲ့ဖြူက ပိုက်ကိုချ၍ လှည့်ထွက်သွားသည်။

ဒေါ်နုယဉ် ခပ်ဆိုင်းဆိုင်းနှင့် ပါလာလေသည်။

ဒါကြောင့် အစ်ကို တစ်ဘွဲ့တည်း ဘွဲ့နေတာ ဖြစ်မည်။

ဘွဲ့ဖြူဆိုတဲ့ သူငယ်က ဆန်းနေတာမို့. . .

"လာကွဲ့. . . ထိုင်. . ."

စားပွဲပေါ်မှာ လက်ဘက်ရည်ပွဲကို ကိုယ်တိုင် ယူပေးသည်။

"ရော့. . . မုန့်လည်း စား. . ."

ဘွဲ့ဖြူ စားတာ သောက်တာကို စောင့်ဆိုင်းရင်း အကဲခတ်နေသည်။ ဘွဲ့ဖြူက လက်ဘက်ရည် ပန်းကန်ကို ပြန်ချ၍ မျက်နှာရှေ့တည့်တည့်လောက်မှာ ရှိသော မိုးရဲ့ဘွဲ့ရ ဓါတ်ပုံကို ဖုတ်ခနဲ ကြည့်သည်။

"မောင်ရင့်ကို ဦး လိုက်ရှာနေတာကွဲ့. . ."





"ဘာလုပ်မလို့လဲ ဦး. . ."

ဦးမိုးမြင့်မောင်က ပေါင်ပေါ်မှာ လက်တစ်ဖက်ကို လက်သီးဆုပ်ထောင်ထားလိုက်ကာ. . .

"လေလံမှာ မင်း အကြံပေးလို့ ဦး ယူလိုက်တဲ့ မြေကွက် ပြန်ထွက်သွားပြီ. . . အစိတ်မြတ ပေါက်တယ်. . ."

"ဟုတ်လား. . . ကောင်းတာပေါ့ ဦးရဲ့. . . မဟုတ်ရင် ကျွန်တော်ကြောင့် ဆိုပြီး ကျွန်တော် စိတ်မကောင်း ဖြစ်ရဦးမယ်. . ."

ဘွဲ့ဖြူမျက်နှာက ဝမ်းသာ ရင်ခုန်သွားတာမျိုးလည်း မရှိ။

ဝင့်ကြွားဂုဏ်ယူ ဟန်လည်း မရှိ။

ဘာမှ ဆက်ပြော မလာတာကြောင့် ဦးမိုးမြင့်မောင်ကပဲ ဆက်၍

"မင်းမှာ အရည်အချင်းရှိတယ်. . . ဒါကို ဦးက ဂုဏ်ပြုချင်တယ်. . ."

"ဟာ. . . မဟုတ်တာ. . ."

ဘွဲ့ဖြူ ပျာပျာသလဲ ဖြစ်သွားသည်။

"ဒါ. . . အကြောင်း တိုက်ဆိုင်လို့ ဖြစ်သွားတာပါ ဦးရယ်. . . ကျွန်တော့် အရည်အချင်းနဲ့ ဘာမှမဆိုင်ပါဘူး. . . အဲဒီနေ့ကလည်း ခန့်မှန်းပြီး ပြောလိုက်တာပါ. . ."

"မှန်းပြောတာပဲ ဖြစ်ဖြစ်. . . ရမ်းပြောတာပဲ ဖြစ်ဖြစ်. . . မင်းအဲသလို မှန်းပြော ရမ်းပြောရဲတာကိုက ရဲရင့်တာပဲ. . . ဒါဟာ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိတာ. . . ဦးကတော့ ဒါမျိုးကိုမှ အထင်ကြီးတာ. . . မင်းလို ပုံစံအရည်အချင်းနဲ့ ဒီဘဝမျိုးမှာ မင်းမရှိသင့်ဘူး. . . ဒါကြောင့် အခု ဦးခေါ်တာ အဲဒီကိစ္စ ဆွေးနွေးချင်လို့. . ."



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ဖြူက ဘာမှမပြောဘဲ ဦးမိုးမြင့်မောင် ပြောတာကိုသာ နားထောင်နေလေသည်။

"မောင်ရင် ဦးဆီမှာ လာနေပါ. . ."

"ဗျာ. . ."

ဘွဲ့ဖြူမျက်နှာမှာ အရောင်တွေ အမျိုးမျိုး ဖြတ်ပြေးသွားသည်။

သို့သော် အံ့သြဟန် တို့သည်သာ မျက်နှာမှာ စွန်းထင်းကျန်ခဲ့လျက်. . .

"ကျွန်တော် ဒီမှာ လာနေရမယ်. . ."

"အေး. . . မင်းကို ဦးက တွေ့ကြတာ မကြာပေမယ့် ခင်တယ် သံယောဇဉ်လည်း ရှိတယ်. . . သူများတွေ ဘယ်လိုလို မြင်မြင်. . . ဦးက မင်းကို အထင်ကြီးတယ်. . . လေးစားတယ်. . ."

"ကျွန်တော်က ဒီမှာ လာနေပြီး ဘာလာလုပ်ရမှာလဲ. . ."

"မင်း ကားမောင်းတတ်သလား. . ."

"မမောင်းတတ်ဘူး. . ."

"သင်ပေးမယ်ကွာ. . . မင်း ဦးစီးတဲ့ ကားကိုမောင်း. . . မောင်ဝိုက်က သမီးကားကို မောင်းလိမ့်မယ်ကွာ. . ."

ဘွဲ့ဖြူက စိတ်မဝင်စားဟန်နှင့် ခေါင်းခါလေသည်။

"ကျွန်တော်က လူတစ်မျိုးဦးရဲ့ လမ်းဘေးမှာ ပလပ်စတစ် လိုက်ကောက်ရပေမယ့် သူများ အဆင်းအတက်ကို ကားတံခါးဖွင့် ကြိုဆိုပြီး သွားလေရာ ကားလိုက်မောင်းပို့ရတဲ့ အလုပ်ကိုတော့ မလုပ်ချင်ဘူး"

"ဟေ. . ."

ဦးမိုးမြင့်မောင်က အံ့သြရပြန်သည်။





ဒါပေမယ့် စိတ်မဆိုးနိုင်. . .

"ဒါဆို ခြံစောင့်လုပ်မလား. . ."

"ဒါလည်း ငြိုးငွေ့စရာ အလုပ်ကြီးပါ ဦးရယ်. . ."

"မာလီလုပ်ကွာ. . ."

"ပန်းတွေ ပွင့်ဖို့ ကျွန်တော် စိတ်မဝင်စားဘူး. . ."

ဦးမိုးမြင့်မောင် စိတ်ညစ်သွားသည်။

"ဦးက မင်းကို ဒီအလုပ်တွေ ခိုင်းနေတာ. . . ပြယုဂ်တစ်ခုပါပဲ တယ်တမ်းလိုချင်တာက မင်းကို ဦးနဲ့အတူ ရှိနေစေချင်တာ. . ."

"ကျွန်တော်က ဦးရဲ့ဘေးမှာ ရှိနေလည်း ဦးအတွက် အကျိုးထူး မဟုတ်ဘူး. . . ထင်ပါတယ်. . . ဘာဖြစ်လို့လဲ ဆိုတော့. . ."

"အကျိုးထူးချင်ရင် ဦးငွေကိုရင်းလို့ ရပါတယ်. . . ခု မင်းကို ဦးက ယုံကြည်စိတ်နဲ့ ခင်တာ. . . ဘာပဲဖြစ်ဖြစ်. . . မောင်ရင် ဦးဆီမှာ ပြောင်းနေပါ. . . လို့ ဦးပြောချင်တယ်. . ."

"ကျွန်တော်နဲ့ အံဝင်ခွင်ကျမယ့် အလုပ်မှမရှိဘဲ ဦးရယ်. . ."

"နို့ မင်းက ဘာအလုပ် လုပ်ချင်တာလဲ. . . ဦးနဲ့ပဲ ကုမ္ပဏီမှာ လိုက်ပြီး. . . အဲ. . . မင်း ဘယ်နှစ်တန်းအောင်ထားလဲ. . ."

ဘွဲ့ဖြူက အနည်းငယ် စဉ်းစားလိုက်ပြီ. . .

"ကုမ္ပဏီမှာ ဝင်ဆံ့လောက်တဲ့ ပညာ ကျွန်တော့်မှာ မရှိပါဘူး ကျွန်တော် ကော်ရုပ်ကော်ခွက်လဲတဲ့ ကောက်တဲ့ အလုပ်ပဲ လုပ်ချင်တယ်"

"မဟုတ်သေးပါဘူးကွာ. . . မင်းကို အဲဒီအလုပ် မလုပ်စေချင် လို့ ဦးက ဒီကို ပြောင်းစေချင်တာ. . ."

"ကျွန်တော်ကတော့ လုပ်မှဖြစ်မှာပါ. . . ဒီအလုပ်က သမ္မာအာ



www.burmeseclassic.com

www.burmeseclassic.com



ဝိဝ ကျပါတယ်. . . အေးချမ်းမှုလည်း ရှိတယ်. . . မပင်ပန်းဘူး. . ."

ဒေါ်နုယဉ်က ဘွဲ့ဖြူ ပုံစံချောချောကို နှမျောသလိုကြည့်ကာ

"ဒါပေမယ့် လူ့ပတ်ဝန်းကျင်မှာကျတော့ ဒီအလုပ်က ဘယ်ဝ[...]

မှ မဝင်ဆံ့နိုင်ပါဘူးကွယ်. . . မင်းလို တက်လမ်းတွေ အများကြီးရှိတဲ့ လူ[...]

ငယ်တစ်ယောက်က ဒီဘဝထဲမှာ မနစ်မွန်းသင့်ဘူး. . ."

"မောင်ရင့် ကြည့်ရတာ 'ဖဲ' လေးလုံးမင်းသားလိုများ ဖြစ်နေ[...]

ရော့သလားကွယ်. . . ဘာလဲ. . . မင်းကို ပလပ်စတစ် ကောက်စားနေ[...]

ဆိုတဲ့ ကြိမ်းစာတိုက်ခံထားရသလား. . ."

ဦးမိုးမြင့်မောင် အပြောကြောင့် ဘွဲ့ဖြူက ရယ်သည်။

"ဦးက ကျွန်တော် ဘဝင်မြင့်အောင် လုပ်နေပြန်ပြီ. . . ကျွန်

တော်က ကလေကချေပါ. . ."

"အင်း. . . ကိုယ့်ကိုယ်ကို ကလေကချေ ပါလို့ ပြောရဲတာ ခု[...]

ပဲကြားဖူးတော့တယ်. . ."

သူ့ဟာသူ ပြော၍ ဦးမိုးမြင့်အောင်က ဖြုံးသည်။

"ဒါလည်း အရည်အချင်း တစ်ခုပဲ. . . ကဲပါ. . . မောင်ရင် မင်း

ဒီမှာပဲ လာပြောင်းနေပါ. . . လောလောဆယ် မင်းလည်း စဉ်းစား. . .

ဦးလည်း စဉ်းစားမယ်. . . နောက်တော့ ကိုယ်နဲ့ အံဝင်ဂွင်ကျမယ့် အလုပ်

ရှိလာမှာပေါ့. . ."

ဘွဲ့ဖြူဘာမှ ပြန်မပြောမိတော့ပါ။

ရင်ထဲမှာတော့ ဆောင်းဦး နံနက်ခင်းလေးလို. . .

☂☂☂☂☂



"ဘယ့်နှယ်လဲ. . . အဆင်ပြေရဲ့လား. . . ကိုဘွဲ့"

ဘွဲ့ဖြူက သူ့အိတ်ကြီးထဲက ရေသန့်ဘူးတွေ ပလပ်စတစ်တွေ

ကော်ခွက်တွေ သူ့အမျိုးနဲ့သူ စုပုံစီချနေရင်း မော့ကြည့်သည်။

"ဘာလဲကွ. . ."

"ဩော်. . . ဒီအိမ်လေး ပေးထားတာနေလို့ ထိုင်လို့ အဆင်ပြေ

ရဲ့လားလို့ မေးတာပါ. . ."

"ပြေပါတယ်. . . ဒါနဲ့ ဒီအိမ်လေးက ရေချိုးခန်းနဲ့ အိမ်သာနဲ့

အားလုံးပြည့်စုံလို့ပါလား. . . ဘာအတွက် သပ်သပ်ဆောက်ထားတာလဲ"

မောင်ပိုက်က စွဲထားသည့် ပြတင်းပေါက် တံခါးတစ်ချပ်ကို

ခွင့်လိုက်သည်။

"ပန်းခင်းတွေထဲမှာ ဒီအိမ်လေးက မလှဘူးလား. . . ကိုဘွဲ့ရဲ့"

"လှတယ်လေ. . ."

"အဲဒါ. . . မမလေးရဲ့ အပန်းဖြေ စံအိမ်လေးပေါ့. . . မမလေး



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်နေတုန်းကဆို ဒီထဲမှာပဲ နေတာများတယ်. . . မမလေးက ငယ်ငယ်ကတည်းက သူတစ်ခုခု လိုချင်ပြီဆို. . . မရမက ကြိုးစားတတ်တယ်တဲ့. . . ကျွန်တော်တော့ ယုံတယ်. . . အခုလည်း ဘာပဲလုပ်လုပ် မမလေးက သေသပ်တယ်. . . စည်းကမ်းကြီးတယ်. . . ကြိုးလည်းကြိုးစားတယ်. . . အခု ကိုဘွဲ့ ဒီအိမ်လေးထဲမှာ ဒါတွေ သွင်းထားတာမြင်ရင် မမလေးနဲ့ ပြဿနာတက်မှာ သေချာတယ်. . .”

“ဒါဆို. . . ဒို့နဲ့ ဦးနဲ့ပြေလည်ထားတဲ့ ကိစ္စတွေ သူမသိဘူးပေါ့”

“ဒါတော့ ကျွန်တော် မသိဘူး. . . သိသိမသိသိ မမလေးကတော့ ကြိုက်မှာမဟုတ်ဘူး. . . ကိုဘွဲ့နဲ့ တိုက်မိခဲ့တဲ့ ကားကိုတောင် အဲနေ့က ချက်ချင်း ရောင်းပစ်တာဗျ. . . စိတ်ကတော့ တကယ်ကြီးတယ်”

“ဟုတ်လား. . . ဒီလောက်ထိတောင် ဖြစ်သွားသလား. . .”

ဘွဲ့ဖြူ ခပ်ပြုံးပြုံးလုပ်၍ ပခုံးတစ်ချက် တွန့်သည်။

မောင်ပိုက်က ဘွဲ့ဖြူရဲ့ အမူအယာတွေကို အမှတ်တမဲ့ စိုက်ကြည့်ကာ. . .

“ကိုဘွဲ့. . .”

“ပြော. . .”

“ကိုဘွဲ့. . . ဘာဖြစ်လို့ ပလပ်စတစ် ကောက်တဲ့အလုပ်ကို လုပ်နေတာလဲ. . .”

“ကိုယ့်အလုပ် ကိုယ်လုပ်တာပဲကွ. . .”

“ကိုဘွဲ့. . . မကြီးပွားချင်ဘူးလား. . .”

“မကြီးပွား မချမ်းသာချင်တဲ့လူ ဘယ်သူရှိမလဲ. . .”

“ဒါဆို ကိုယ့်ကို မြှောက်စားပါ့မယ်ဆိုတာတောင် ကိုဘွဲ့က





လက်မခံဘဲ. . . ဘာဖြစ်လို့ ပလပ်စတစ်ပဲ လိုက်ကောက်နေရတာလဲ. .”

“မိန်းမယူမလို့. . .”

“ဗျာ. . .”

မောင်ပိုက် ပါးစပ် အဟောင်းသားဖြစ်သွားသည်။

“ကိုဘွဲ့. . . ကိုဘွဲ့က ပလပ်စတစ်ကောက်တာ မိန်းမယူဖို့”

“ဟုတ်တယ်. . .”

“ကြံကြံဖန်ဖန် ဗျာ. . .”

ဘွဲ့ဖြူက သူ့ပစ္စည်းတွေကို အိတ်တစ်လုံးစီ သေချာပြန်ထည့်၍ လှပသော ညှော်ခန်းလေးရဲ့ထောင့်မှာ စုပုံထောင်ထားလိုက်သည်။

“ကိုပိုက်. . .”

“ဗျာ. . .”

မောင်ပိုက် အမေးအမြန်း ထူမလို့ ပြင်နေဆဲ ကဗျာကယာ ပြေးထွက်သွားလေသည်။

“ငါ့အိမ်လေးထဲကို အဲဒီအစုတ်ထုပ် ဘယ်သူသွားထားတာလဲ”

“ဦး. . . ဦးထားတာပါ. . . မမလေး”

အပြင်ဘက်က ပျံ့လွင့်လာသည့် အသံတွေကို ကြားနေရရင်း ဘွဲ့ဖြူက ဟင့်ခနဲ မဲ့၏။

ဘွဲ့ဖြူက ဘီလူးရဲ့စက်ပဲ. . .

ဒါပေမယ့် ငါအသားစားတဲ့ ဘီလူးမဟုတ်ဘူး. . .

မင်းရဲ့ မာန်မာနတွေကို ချေပစ်မယ့် ဘီလူး. . . .



www.burmeseclassic.com

www.burmeseclassic.com

"ကော်ရုပ်ကော်ခွက် အိတ်ကြီးတွေ တင်ထားသည့် ဆိုက်ကား
က တအိအိ လှည့်ထုတ်နေဆဲ လမ်းတောင်းနေသည့် ကားဟွန်းသံက
ဆူညံနေသည်။

မိုး တက်တစ်ချက် ခေါက်၍ ကားပေါ်က ဆင်းသည်။

ကားတံခါးကို တအားဆောင့်ပိတ်ကာ ဘောက်ဆတ် ဘောက်
ဆတ်နှင့် လျှောက်ထွက်လာလျက်. . .

"ဒီမှာ. . ."

ဘွဲ့ဖြူက ကော်အိတ်တွေကို ဘေးက ထိန်းပေးနေရာက လှည့်
ကြည့်သည်။

ကျောက်စိမ်းရောင် ဝမ်းဆက်နှင့် အင်္ကျီလက်ဖျား ခါးစပ်လေး
တွေမှာ ပုလဲလေးတွေ သီထားသည့် ပုံစံလေးက ဝင်းစိုနေသော မျက်နှာ
လေးကို ပို၍ နုပျိုစေလျက် ဖြန့်ချထားသော ဆံပင်ရှည်တွေက ကြည့်မ
အောင် လှနေလေသည်။





"ဘာလဲ. . ."

"ဘာလဲဆိုတာ ရှင် မသိဘူးလား. . . ရှင်ဟာလေ. . . အခွင့်
အရေး ပေးတိုင်း ကမ်းတက်တဲ့လူ. . ."

"ဟ. . . စွပ်စွဲလှချေလား. . . မင်း ပြောချင်ရင် လူမျက်နှာကို
ကြည့်ပြောနော်. . . ဒီရုပ်လား အခွင့်အရေး ယူတဲ့ရုပ်. . ."

"ဟုတ်တယ်. . . ဖေဖေ အခွင့်အရေး ပေးတိုင်း ရှင်လူပါးဝ
နေတာ. . . ဒါ ရှင့်လို ပလပ်စတစ် အစုတ်အပြတ် လိုက်ကောက်တဲ့
လူတွေ အမှိုက်စုပြီးနေတဲ့ နေရာမှတ်နေသလား. . . ကြည့်စမ်း. . . ဘယ်
လောက် ရှက်ဖို့ကောင်းသလဲ. . ."

မိုးက ရပ်တန့်သွားသည့် ဆိုက်ကားပေါ်က အိတ်တွေကို ရွံ့ရှာ
သလို ခပ်မဲ့မဲ့ ကြည့်သည်။

"ရှင် ဒီမှာဆက်နေခွင့်ရချင်ရင် ဒီပစ္စည်းတွေရော. . . ဟိုအိမ်ထဲ
မှာ ထည့်ထားတာတွေရော. . . ဒီနေ့အားလုံး ရှင်းပစ်ပါ. . ."

"ရှင်းလို့ ဘယ်ရမလဲ. . . ငါက ပလပ်စတစ် ကောက်တဲ့လူ
ပလပ်စတစ် ကောက်တဲ့လူကို ခေါ်ထားရင် ပလပ်စတစ် ထုပ်ပါမှာပဲ
မင်းအဖေ ကိုယ်တိုင် ခွင့်ပြုထားတာ. . ."

"အို. . . ဖေဖေ ခွင့်ပြုလည်း ကျွန်မ ခွင့်မပြုဘူး. . ."

"အဲဒါ. . . မင်းတို့ သားအဖရှင်းကြပေါ့. . . ငါကတော့ အမိန့်
အတိုင်း ခေါင်းမညိတ်တတ်ဘူး. . ."

ဘွဲ့ဖြူက ခပ်တည်တည် ပြန်လှည့်သွားကာ. . .

"ဟိုဘက် နည်းနည်း စောင်းပေးလိုက်ဗျာ. . . နောက်က ကား
လာမလို့. . ."



www.burmeseclassic.com

www.burmeseclassic.com



"တောက်. . ."

မိုး လက်သီးလေးဆုပ်၍ ဘွဲ့ဖြူကို ရိုက်သတ်ပစ်ချင်သည့် မျက်လုံးများနှင့် စိုက်ကြည့်နေသည်။

"ကဲ. . . ဟိုမှာ လမ်းရှုပြီ. . . မင်းကားထွက်တော့လေ"

သူကပဲ ဘာမှမသိတဲ့ ပုံစံနဲ့. . .

ကြည့်လိုက်တိုင်း ကျောပြ ပခုံးပြနဲ့ ပုဆိုးက အနားကွဲ. . .

ပါးစပ်က ထွက်လာလိုက်တဲ့ စကားလုံးကျတော့ စုတ်စုတ်ပြတ်ပြတ်တစ်စက်မှ မရှိ။

အောက်စည်းက မပြော။

"မောင်ဘွဲ့က ကလေကချေ ဖြစ်ကောင်းဖြစ်လိမ့်မယ် ဒါပေမယ့် တန်ဖိုးရှိတဲ့ လူငယ်ဘစ်ယောက်' တဲ့ ဖေဖေက ဘာကြည့်ပြောပါလိမ့်. . .

မိုး နှုတ်ခမ်းကို အကျည်းတန်စွာ မဲ့ပစ်၍ ချာခနဲ လှည့်ထွက်လိုက်သည်။

အောက်တန်းစားကိုများ အထက်တန်းစားလို့ ပြောလိုက်ပါတဲ့ ဖေဖေ. . .

☂☂☂☂☂



## အခန်း (၄)

"ဟာ. . . ဟိုမှာ မောင်ဘွဲ့ မဟုတ်လား. . . ကားရပ်စမ်း"

"မရပ်နဲ့ ကိုပိုက်. . ."

မောင်ပိုက် ဘာလုပ်ရမှန်း မသိ။

ကားက အိတ်ကြီးတစ်လုံးနှင့် ရေသန့်ဘူး နှစ်ဘူးသုံးဘူး သက်ထဲမှာ စုကိုင်ထားသည့် ဘွဲ့ဖြူနား ရောက်လာသည်။

"ကိုပိုက် လုံးဝမရပ်နဲ့နော်. . . ဖေဖေ သမီးကို အပြစ်မတင်ပါနဲ့. . . ဒီအိတ်ကြီးနဲ့ ဒီလူကို သမီး ကားပေါ်ကို လုံးဝမတင်နိုင်ဘူး. . . ဒီတစ်ခါဆို ဟော့ဒီကားကို မီးပုံရှို့ပစ်မယ်. . ."

ဦးမိုးမြင့်မောင် စိတ်မကောင်း ဖြစ်သွားလေသည်။

"ဒါ သူတောင်းစား မဟုတ်ပါဘူး သမီးရယ်. . . သမီး ဒီလောက် မိုးခါးသီးသီး မဖြစ်သင့်ပါဘူး. . . ကဲ. . . ကဲ. . . ရှေ့နားမှာ ကားရပ်ပေး မောင်ပိုက်. . . ငါ ဆင်းနေခဲ့မယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ့. . ."

မိုး ထိတ်ထိတ်ပျာပျာလေး ဖြစ်သွားသည်။

ကားက ဘွဲ့ဖြူရှိသည့် နေရာနှင့် မလှမ်းမကမ်းမှာ ကျော်ရပ်သွားသည်။

ဦးမိုးမြင့်မောင်က တံခါးဖွင့်၍ ဆင်းလျှင်. . .

"မဆင်းပါနဲ့ ဖေဖေ. . . ကိုပိုက်. . ."

မိုးက မောင်ပိုက်ကို လှည့်၍ မေးဆတ်ပြလိုက်သည်။

မောင်ပိုက် ကားပေါ်ကဆင်း၍ ဘွဲ့ဖြူရှိရာသို့ ပြေးသွားသည်။

အံ့မယ်. . . သူကပဲ ခေါင်းခါနေသေးရဲ့. . .

အတော်ကြီးကြာမှ မောင်ပိုက်က သူ့အိတ်ကြီးကို ယူဆွဲ၍ ရောက်လာသည်။

မိုးမျက်နှာက သပြေသီး မှည့်လို ညိုပုတ် တင်းမာနေတာ မြင်လျှင်. . .

"ဦး. . . ကျွန်တော် ပြန်လည်း မပြန်ချင်သေးလို့ပါ. . . မလိုက်တော့ပါဘူး. . ."

"မပြန်သေးပါဘူး . . . ဦးတို့ကလည်း ရွှေတိဂုံဘုရားလမ်းဘက် သွားကြမှာ. . . ဟိုမှာ သမီး မေမေ ရှိတယ်လေ. . . အပြန် ယုဇနဂါးဒင်းမှာ ညစာဝင်စားကြမယ်. . . ဒီနေ့ သမီးမေမေရဲ့ မွေးနေ့ကွဲ့. . ."

ဟုတ်ပါလိမ့်မည်။

မနက်က ဝေါ်နီယဉ် ယောဂီဝတ်စုံလေးနှင့် လက်မှာစံပယ်ပုတီးလေးကိုင်ကာ ကားပေါ်မှာ ပါသွားတာ တွေ့သည်။

ရွှေတိဂုံဘုရားသွားတာ ဖြစ်ပါလိမ့်မည်။





"ကဲ. . . တက်. . . တက် မောင်ပိုက်. . . သူ့အထုပ်ကြီး နောက်ထဲထည့်လိုက်ပါ. . ."

"ဦး. . . ကျွန်တော့်မှာ ပေပွလို့ ဖြစ်ပါ့မလား. . ."

မိုးက ဟင့်ခနဲ မဲ့ကာ. . .

"ရှင့်ရုပ်က ဘယ်တုန်းကရော အထက်တန်းကျဖူးလို့လဲ. . . ဆန်းလုပ်လို့. . ."

သူ့ကို စကားမပြောစဖူး လှမ်းပြောသည်မို့ မဲ့ပဲပြောပြော ရွဲ့ပဲပြောပြော ဘွဲ့ဖြူ အံ့သြသွားတာတော့ အမှန်။

"သမီးကလည်း ကွယ်. . . စကားကို ဒီလို မချေမငံ မပြောရဘူးလေ. . . ကဲ . . . တက် တက်. . . မောင်ဘွဲ့. . ."

ဘွဲ့ဖြူက မိုးမျက်နှာ ရှေ့က မှန်ကို ဖျတ်ခနဲ လှမ်းကြည့်၏။

မိုးကလည်း စူးစိုက်ကြည့်နေသည်နှင့် ဆုံကာ မျက်စောင်းထိုး မိုးက တစ်ဘက်လှည့်ပစ်သည်။

တော်တော် ရန်လိုကြည့်တတ်တဲ့ မျက်လုံးလေး. . .

ဘွဲ့ဖြူ ဘယ်သူမှ မမြင်အောင့် ကြိတ်ပြုံးလိုက်မိသည်။

ကားလေးက အရှိန်မှန်မှန်နှင့် ပြေးထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"မောင်ဘွဲ့. . . ရေသွားချိုးလိုက်ပါလား. . ."

"မချိုးတော့ပါဘူး ဦးရယ်. . . ခြေလက်ဆေးလိုက်ရင် ရပါတယ်. . ,"

"ဟုတ်သားပဲ. . . အပြန် ထမင်းဝင်စားကြဦးမှာ. . . ရေချိုးအဝတ်လဲလိုက်ပေါ့. . ."

"ကျွန်တော့်မှာ အပိုမှမပါတာ. . ."

"ရှင့်မှာအပိုပါလည်း ကျွန်မတို့ မီးဖိုချောင်ထဲက လက်နှီးခုလောက်ပဲ ဖြစ်မှာပါ. . . ကိုပိုက် နင်သွားဝယ်ပေးလိုက်. . . ရော့. . . ဒီမှာ ပိုက်ဆံယူသွား. . ."

မိုးက ဘွဲ့ဖြူကို မကြည့်ဘဲ ပြောသည်။

"နေပါစေ. . . မိုးမကမြင့်. . . ဒို့က သူတစ်ပါး ဝယ်ပေးတဲ့ ပစ္စည်း လက်ခံတတ်တဲ့ အကျင့်မရှိဘူး. . . ဒို့ ဝတ်ထားတာ စုတ်ပေမယ့် ဖြူစင်ပါတယ်. . ."





"ရှင့်ဟာရှင် ဖြူစင်စင်. . . မစင်စင်. . . လူကြားထဲမှာ ရှင့်ပုံစံကို ဘယ်လိုဆွဲထုတ်ပြီး စားပွဲတစ်ဝိုင်းတည်း ထိုင်ရမှာလဲ. . ."

"ဒါကို ဘယ်သူက တိုက်တွန်းလို့လဲ. . . မင်းက မထိုင်ချင်သလိုဒို့ကလည်း ဝါသနာ မပါဘူး. . ."

"ကဲ. . . ကဲ. . . တော်ကြစမ်း. . . တော်ကြာ ဥပုသ်သည် ပြန်လာလို့ စိတ်ညစ်သွားဦးမယ်. . ."

ဘွဲ့ဖြူက စိုက်ကြည့်နေသလို မိုးက မျက်စောင်းထိုးသည်။

ဦးမိုးမြင့်မောင် မဆီချင်ယောင်ဆောင်၍ သက်ပြင်းကြိတ်ချသည်။

မွေးနေ့ ဥပုသ်စောင့်တိုင်း ဒေါ်နုယဉ်က ဒီသီလရှင် ဇရပ်လေးမှာပဲ နားနေကျမို့ သူတို့တွေ အပေါ်မတက်ကြတော့ဘဲ ဒေါ်နုယဉ် ပြန်အလာကို ဒီဇရပ်လေးကပဲ စောင့်နေကြခြင်းဖြစ်လေသည်။

ဒေါ်နုယဉ် ရွှေတိဂုံဘုရားပေါ်က ဆင်းလာ၍ ဇရပ်ထဲဝင်လာသည်နှင့် မျက်နှာစုံညီ တွေ့လိုက်ရသဖြင့် ပြုံးလိုက်မိသည်။

"မေမေ. . . ဒီနေ့ မေမေ့ မွေးနေ့မှာ ဖေဖေက ယုဇနဂါးဒင်းမှာ မီးတေဘယ်လ် ပေးမယ်ဆိုလို့ သမီးတို့ စောင့်နေကြတာ. . ."

"ဟုတ်လား. . . ကောင်းတာပေါ့ သမီးရဲ့. . . သမီးတို့တွေ စားကြသောက်ကြတာ ထိုင်ကြည့်ပြီး. . . မေမေ ပီတိဖြစ်ရတာပေါ့. . ."

ဒေါ်နုယဉ်တို့က လင်ရောမယားပါ အတွဲညီသည်။

ဂုဏ်ပကာသန အလုပ်ဆို သိပ်ဝါသနာ မပါကြပေ။

မွေးနေ့ရယ်လို့ တခမ်းတနား ဖိတ်ကြားကျွေးပတာမျိုး မလုပ်ဘဲ နံနက်စောစော အိမ်ကထွက်၍ ဘုရားမှာ ပုတီးစိပ် ဥပုသ်ယူ တရားထိုင်နေကျ



www.burmeseclassic.com

www.burmeseclassic.com



သရဏဂုဏ် ခေါက်တည်၊ ညနေစောင်းမှ ကုန်းတော်ပေါ်က ဆင်း၍ သီလရှင် ဇရပ်လေးမှာ တအောင့်နားပြီး အိမ်ပြန်သည်။

ဦးမိုးမြင့်မောင်ရဲ့ မွေးနေ့ဆိုလည်း ဤနည်းအတိုင်းပင်။

"မရဘူးနော်. . . မေ့မှမ လာမယ့် သမီး မွေးနေ့ကိုတော့ သေသေချာချာကြီးကို ကျင်းပမှာ. . . မန္တလေးက ဘွားဘွားတို့ကိုလည်း နှစ်ရက်သုံးရက် အလိုကတည်းက ခေါ်ထားမှ. . . ဒါမှ ပျော်ပျော်ပါးပါး"

လုပ်ငန်းရှင် သူဌေးမလေး မိုးက ခုတော့လည်း ပါဝါတွေ ထည်ဝါတာတွေ ဘာမှမရှိပဲ မီဘနှစ်ပါးကြားမှာ ရွှင်မြူးသွက်လက်စွာ လက်ညှိုးလေး တစ်ထောင်ထောင်နှင့် ဖအေဘက်လှည့်လိုက် မအေဘက်လှည့်လိုက်. . .

ရှားပါးစွာ ဖြူဖြူစင်စင်လေး မြင်လိုက်ရသည့် မျက်နှာလေးကို ဘွဲ့ဖြူ အခန်းထောင့်ကနေ လက်ပိုက်ကြည့်နေမိသည်။

ဒါကို စကားပြောရင်း မိုးက ဖျတ်ခနဲ လှမ်းမြင်ကာ ပြုံးနေသည့် မျက်နှာလေး ချက်ချင်း ပျက်သွားပြီး မျက်စောင်းထိုးလေသည်။

ဘွဲ့ဖြူ တစ်ဘက်လှည့်၍ ပြုံးလိုက်မိသည်။

အားလုံး အတူတူ ယုဇနဂါးဒင်းရောက်တော့ မိုးက သူ့ကို မျက်စောင်း တထိုးထိုး။

"ကဲ. . . ကဲ. . . သမီးတို့ကို တစ်ဝိုင်းဝိုင်းကြ. . . ဖေဖေနဲ့ မောင်ဘွဲ့က တစ်ဝိုင်းပေါ့. . ."

"ဒို. . . မဟုတ်တာ အစ်ကိုကလည်း. . ."

"ဖေဖေနော်. . ."

ဘွဲ့ဖြူက သီးသန့်ခန်းထဲကို မဝင်ဘဲ. . .





"အားလုံး အတူစားကြပါ. . . ကျွန်တော်. . ."

"ဟော့. . . ဟော့. . . ဒီလို မဖြစ်ဘူးနော်. . . မောင်ဘွဲ့. . . မင်းနဲ့ဦး နှစ်ယောက်. . ."

"ကဲပါ. . . ဖေဖေရယ်. . . ဒီမှာပဲ အတူဝိုင်းလိုက်ပါ. . ."

"ဒါဆိုလည်း လာပါ. . . မောင်ဘွဲ့ရာ. . . ခွဲခြားခွဲခြား မလုပ်ပါနဲ့. . . လာ. . ."

ဦးမိုးမြင့်မောင်က အတင်းဆွဲ ထိုင်ခိုင်းသည်။

စားစရာတွေက စားပွဲတစ်လုံးအပြည့်. . .

ကြိုတင်စီစဉ်ထား သည့်အတိုင်း မွေးနေ့ကိတ်နှင့် ဖယောင်းတိုင်တွေကလည်း ရှိနေပြီသား. . .

ဒေါ်နုယဉ်က လက်အုပ်ကလေးချီ ဆုတောင်း၍ ဖယောင်းတိုင်လေးတွေကို လိုက်မှုတ်ပစ်ပြီးသည်နှင့် လက်ခုပ်တီးကြလေသည်။

"မေမေ. . . အသက်ရာကျော် ရှည်ပါစေ. . ."

"အသက်ရှည်သလောက် အနာမဲ့ပါစေ. . ."

ခါတိုင်းနှစ်တွေတုန်းက ဒီလို မလုပ်ခဲ့ဖူးသဖြင့် ဒေါ်နုယဉ်လည်း ဝမ်းသာပီတိဖြစ်ကာ ပြုံးနေလေသည်။

"ကဲ. . . ကဲ. . . အားလုံး စားကြသောက်ကြမယ်. . . အားရပါးရ အဝစားကြဟေ့. . ."

မိုးက ထမင်းစားနေရင်း ဘွဲ့ဖြူစားနေတဲ့ဆီ လှမ်းကြည့်သည်။

မျက်မှောင်လေး တွန့်သွား၏။

မျက်နှာကို မော့မကြည့်ဘဲ ငုံ့ခေါင်းခက်ရင်း ကိုင်ထားသည့် လက်တို့ပဲ ကြည့်၍ ပြောရပါလျှင် ဒါ ပလပ်စတစ် ကောက်သမားရဲ့လက်မျိုး



www.burmeseclassic.com

www.burmeseclassic.com



လား...

ပြီးတော့ လက်ချောင်းတွေမှာ အဖြူရိပ်တွေကို သေချာကြည့်တော့ မြင်လာရသည်။

ဒါ လက်စွပ် အမြဲဝတ်ထားတတ်တဲ့ သင်္ကေတပဲ...

စားပုံသောက်ပုံကအစ သေသပ်ကျနကာ ထိုင်ကြည့်နေချင်စဖွယ်...

မိုး ဘွဲ့ဖြူ မျက်နှာဆီ အကြည့်ရောက်လေသည်။

ဒီမျက်နှာက ပေတေတေ ညစ်တင်တစ်တွေက တကယ့်အသားရောင်လား...

ညစ်ပတ်နေတာတွေလား...

ဖါတွေသာ သန့်စင်သွားမယ်ဆိုလျှင်...

နက်မှောင်သော မျက်ခုံးတန်းတို့နှင့် ထင်းနေသော နှာတံကို အပေါ်ကနေ ငုံ့မိုးကြည့်နေသလိုမို့ အတော့်ကို ကြည့်ကောင်းသည့် ရုပ်မျိုး...

ထိုစဉ်...

"အမလေး...ဟန်ကျလိုက်တာ...မမနုရယ်...ကျွန်မ ခုပဲ မမနုအိမ်က ပြန်လာတာ...မသင်းက ပြောလိုက်လို့ ရင်တထိတ်ထိတ်သာ လာရတယ်...မယုံရဲဘူး..."

"မကြည်...လာလေ...ဘာကိစ္စများလဲ..."

မကြည်က ကုလားထိုင် အပိုတစ်လုံး ဆွဲ၍ ဘေးမှာပဲ ထိုင်လိုက်ကာ...

"မမနုက မစားဘူးလား..."





"မမနုက မွေးနေ့ရှင်လေ...ဒီနေ့ ဥပုသ်စောင့်တယ်..."

"ဩော်...ဟုတ်ပါရဲ့...မသင်း ပြောသားနဲ့ မေ့သွားတယ် ဒါဆို ပိုဟန်ကျသွားပြီ...မမနုက ဒီဘက်လှည့် ပစ္စည်းပါလာတယ်"

"ဟာ..အန်တီ..မေမေက ဥပုသ်စောင့်ထားတာ..စီးပွားရှာလို့မရဘူး..."

"အယ်...ဟုတ်ပါရဲ့..."

ဒေါ်နုယဉ်လည်း ကိုယ်ရှိန်သတ်သွားသည်။

"ဒုက္ခပါပဲ...ဟုတ်တော့ ဟုတ်ပါတယ်...မမနုရယ်...ဒါပေမယ့် ကျွန်မ တော်တော်ကလေးကို အရေးကြီးနေလို့ပါ..."

"ဟုတ်ပါတယ်...မကြည်...အရေးမကြီးဘဲ ရောက်မလာဘူးဆိုတာ မကြည်ကို မြင်လိုက်ကတည်းက မမနု သိတယ်...

...ဒါပေမယ့် ခုနေလည်း ဘာပစ္စည်းမှ မဝယ်နိုင်သေးပါဘူးအယ်...လုပ်ငန်းတွေထဲမှာ ငွေက တအားနစ်ပြီး ဘယ်ကမှ ပြန်ပေါ်မလာသေးဘူးလေ..."

မကြည်ဆိုသည့် အမျိုးသမီး မျက်နှာ ပျက်ပျက်နှင့် အတန်ကြာငြိမ်သက်သွားသည်။

ပြီးမှ သူ့လက်ပွေ့အိတ်ထဲက ရတနာဘူးလေး တစ်ဘူးထုတ်ယူကာ...

"ဒါဆိုလည်း မမနုရယ်...ဒီပစ္စည်းကို မမနု ဈေးဖြတ်ပေးစမ်းပါ...မမနုမှ မယူရင် ကျွန်မ ဘယ်မှလည်း သွားမရောင်းရဲဘူး...အိမ်က ယောက္ခမဆီမှာပဲ ပြန်ထားရတော့မှာ...ကျွန်မ ဈေးသိထားချင်လို့ပါ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာပစ္စည်းလဲ. . . မကြည်ရယ်. . . မမနုကလည်း သိပ်ကျွမ်း
တာမှ မဟုတ်တာ. . ."

"ကျွမ်းကျွမ်း မကျွမ်းကျွမ်း မမနုရယ်. . . ကျွန်မထက်တော့ သိ
မှာပါ. . . ကျွန်မက မိဘအမွေကို ဝတ်သာဝတ်တတ်တာ ဘာမှန်းသိတာ
မဟုတ်ဘူး. . . မသိဘဲနဲ့ ယောက္ခမ ယောက်မတွေဆီမှာ ရောက်ကုန်တာ
တွေပဲလည်း မနည်းတော့ဘူး. . ."

ပြော၍ မကြည်က ရတနာဘူးကို ဖွင့်ပြသည်။

"ဟယ်. . . အနီလား. . . အနီဆို မမနု. . . ထက်ယ့်ကို မဖြတ်
ရဲတာ. . . အဖြူဆို တော်သေးတယ်. . . မကြည်ရယ်"

"မမနုကလည်း လုပ်ပါ. . . နီးစပ်ဆုံး သိရတောင် တော်ပြီ. .

သူတို့နှစ်ယောက် ပြောဆိုနေကြတာတွေကို မောင်ဝိုက်ကအစ
ဦးမိုးမြင့်မောင်အထိ အားလုံး နားစွင့်ကာ စိတ်ဝင်စားနေကြလေသည်။

"အစ်ကိုရေ. . . ဒါလေးကြည့်ပေးပါလား. . ."

ဒေါ်နုယဉ်က ထမင်းစားနေသည့် ခင်ပွန်းဖြစ်သူကို လက်က
လေး မြှောက်ပြသည်။

"ရတနာ ကိစ္စတွေ ငါနားမလည်ပါဘူး နုယဉ်ရယ်. . . မင်းက
လည်း. . ."

"သမီးရော. . ."

"သမီးလည်း မေမေ့လိုပဲပေါ့. . . အဖြူလောက်ပဲ နည်းနည်း
ပါးပါး သိတာကို. . ."

"မောင်ဘွဲ့များ သိမလား. . ."

ဒေါ်နုယဉ်က အငိုက်ဖမ်းပစ်လိုက်သည်။





မောင်ဘွဲ့က အစွမ်းအစ ရှိတဲ့ သူငယ်တဲ့. . .

ဒါမျိုးထိ သိပ့ါမလား. . .

တကယ်လည်း ပစ္စည်းရဲ့ တန်ဖိုးကို သိချင်လို့. . .

ပြီးတော့ တစ်ဖက်သားကို နှိမ်ချင်တာ မဟုတ်ပေမယ့် တကယ်
သိနေတယ်ဆိုရင်လည်း ပညာရဲရင့် ပွဲလယ်တင့်ပေါ့. . .

ဘွဲ့ဖြူ ထမင်းကို လက်စသတ်၍ ရေတစ်ခွက်သောက်သည်။

"ဟင်. . . ကြည့်ပေးမလား မောင်ဘွဲ့. . ."

ဘွဲ့ဖြူ မျက်နှာကို စိုက်ကြည့်၍ မိုးက နှုတ်ခမ်းလေးမဲ့ကာ တစ်
ခုတစ်ခု ပြောလိုက်ချင်ပေမယ့် အားလုံးရဲ့ပစ်မှတ်က ရတနာဘူးလေးနဲ့
ဘွဲ့ဖြူဆီမှာသာ ဖြစ်နေသည်မို့ အသာငြိမ်နေလိုက်ရသည်။

ဘွဲ့ဖြူက သူ့ရှေ့ရောက်လာသည့် ကတ္တီပါဘူးနီလေးကို ဖွင့်
ကြည့်လိုက်သည်။

မကြည်က ဘွဲ့ဖြူ ဝတ်စားထားပုံကို မြင်၍ မျက်မှောင်ကုတ်
သွားမိပေမယ့် ပစ္စည်းကို ကိုင်ကြည့်နေသည့် မျက်နှာ အနေအထားကို
မြင်တော့ ယုံကြည်စိတ်လည်း ဖြစ်လာလျက်. . .

"ရဲရဲပြောပါ သားရယ်. . . အန်တီက အနီးစပ်ဆုံး သိရရင် ဖြစ်
ပါတယ်. . ."

ဘွဲ့ဖြူက ပတ္တမြား လက်ကောက်ကို ဘူးလေးထဲ ပြန်ထည့်ကာ
အရိုတသေ ပြန်ပေးသည်။

အားလုံးက သူပြောလာမည့် စကားကို နားစွင့်နေကြ၏။

"ဒီလက်ကောက်က တစ်ရဲလုံး ရှိသေးသလား. . ."

"ဩော်. . . ဟုတ်တယ် ရှိတယ်. . . ရှိတယ် သား. . . ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လို့လဲ. . ."

"ပတ္တမြားတွေမှာ ထွင်းထားတဲ့ ဆောက်ဖြတ်ရာတွေက တစ်ပိုင်းပဲရှိသေးတယ်. . . ဒီတစ်ဖက်ကတည်းက ပတ္တမြားကို ထုတ်ယူမယ်ဆိုရင် ပတ္တမြားရဲ့တန်ဖိုးက ဘာမှမရှိဘူး. . . နားလည်တဲ့လူဆို ဝယ်မှမဟုတ်ဘူး. . .

. . . လက်ကောက် တစ်ရံလုံးပေါင်းမှ ပတ္တမြားလုံးချော ပုံစံမပျက် အားလုံး ဆယ့်ခြောက်လုံးရမယ်. . . ဒီပတ္တမြား လက်ကောက်တစ်ရံရဲ့ တန်ဖိုးက တစ်ရာ့ခြောက်ဆယ် ကျော်ကျော်ရှိမယ်. . .

. . . အန်တီ နှစ်ဘက်လုံး ရောင်းနိုင်မယ်ဆိုရင် နားလည်တဲ့လူကို သွားရောင်းပါ. . . တန်ရာ တန်ကြေးပေးပါလိမ့်မယ်. . . ဒါမှမဟုတ်လို့ ဒီတစ်ဘက်တည်း ရောင်းချင်တာ ဆိုရင်တော့. . . လေးဆယ်ကျော်ကျော်လောက်ပဲ တန်ဖိုးဖြတ်လိမ့်မယ်. . ."

မကြည် ရင်ဘတ်ဖိလျှော့သည်။

"တစ်ရာ့ခြောက်ဆယ်. . . ဒါ တစ်ဘက်က လေးဆယ်ကျော်ဟုတ်လား. . ."

ဘွဲ့ဖြူက ခေါင်းညိတ်လျှက်၊ မကြည် သူ့ပစ္စည်းကို သူတစ်မှမမြင်ဘူးတဲ့ အရာလို ပြူးပြဲကြည့်နေ၏။

မယုံလို့လည်း မဖြစ်။

ပစ္စည်းကောက်ကြည့်ပြီး ဒါဘယ်လောက်လို့ ပြောချလိုက်တာမှမဟုတ်ဘဲ ပစ္စည်းရဲ့ အကျိုးအပြစ်ကို ပြောပြပြီးမှ ဖြတ်တဲ့ဈေး။

ဒါဆို ရှေ့ရှေ့က ထိုးပေးပစ်ခဲ့တဲ့ စိန်တွေ နီလာတွေ အမလေးကုန်ပါပြီ။





မကြည် လက်တွေ တုန်လာလေသည်။

မိဘက ချမ်းသာသမျှ အားလုံး ကိုယ့်ဆီရောက်။

ယောကျ်ားက မသိတတ်လို့ ဆိုးသမျှ ရှိသမျှ ပစ္စည်းတွေ အားပေါင်ပစ် ရောင်းပစ်။

သူတို့ကတော့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်တဲ့. . .

သားသမီး ပစ္စည်း ဒိုပြင် မရောက်စေချင်လို့တဲ့. . .

ပစ္စည်းတစ်ခုခု ရပြီးတိုင်း. . .

"ရော့ ငါးသိန်းအရင်ယူထား. . . ငါးသိန်းနောက်မှယူ. . ." ဆိုနှင့်. . .

"နင့်ဟာ များတာပေါ့. . . ရှစ်သိန်းဆိုတော့ ခြောက်သိန်းပဲယူမေတို့မှာ ဒီလ တကယ့်ကို ကျပ်နေလို့. . ."

ဆိုတာက မရှား. . .

သူ့မှာ ဒိုပြင်လည်း လိုက်မရောင်းရဲတော့၊ အားလုံးပြောသလိုပေးခဲ့ရတာ. . .

"ဟဲ့. . . မကြည် မကြည် ဘာငိုင်နေတာလဲ. . ."

မကြည်မော့လာတော့ မျက်ရည်တွေ ဝဲလို့. . .

"နှမျောလို့ပါ မမနုရယ်. . . ကျွန်မ ပစ္စည်းတွေ ကုန်သလောက်နေပြီ သိလား. . . အဲလို ဘာမသိ ညာမသိ ထိုးပေးပစ်တာပေါ့. . . လက်ကောက်ကိုတောင် ဟောဒီ သားလေး ပြောသလို အဘွားကြီးကလည်နေလို့ ဖြစ်မှာပေါ့. . .

. . . တစ်ရံလုံးရမှ လိုချင်တာတဲ့. . . လက်ကောက်လုပ်ထားတဲ့က နှစ်ဘက်ပူးဝတ်မှ လှမှာတဲ့လေ. . . သိပ်လည်တာပဲနော်. . .



www.burmeseclassic.com

www.burmeseclassic.com

အဲဒါ ဘယ်လောက်ပေးမယ် ပြောလဲသိလား..."

"အင်း... ပြောပါဦး..."

"နှစ်ဘက်ကို သုံးဆယ်ပေးမယ်တဲ့... မမနုရယ်... ကျွန်မ နားမလည်ပေမယ့် မိုးကုတ်သူပါ... မိဘကလည်း ကျောက်တွင်းသူဌေး ပဲ... မေမေက ရတနာစုသလောက် ဘယ်တော့မှ အပြင်ကာထည်တွေ ကို မကိုင်ဘူး...

...တကယ့် အဆီအနှစ်ကိုမှ ခုတတ်တာ... မေမေဆုံး ကျွန်မဆီ ရောက်လာတာ... တန်ဖိုးမသိပေမယ့် ဒီလောက်တော့ ဘယ် လိုမှမက နိုင်ဘူးဆိုတာ ကျွန်မ ခန့်မှန်းမိတယ်... ဒါကြောင့် မမနုကို ဈေးဖြတ်ခိုင်းတာပေါ့..."

မကြည်က ပြောရင်း ဘွဲ့ဖြူကို လှမ်းကြည့်သည်။

"ဟင်... ဟိုကလေး ဘယ်ရောက်သွားသလဲ..."

"အပြင်ထွက်သွားတယ် အန်တီ..."

မောင်ပိုက်က ဝင်ဖြေသည်။

"မမနု... သူက ဘယ်သူလဲဟင်"

"သူလား... နာမည်က ဘွဲ့ဖြူတဲ့... ဘယ်ကမှန်းတော့ မသိဘူး..."

ဒေါ်နုယဉ်က ဦးမိုးမြင့်မောင်ကို အားနာသလို တစ်ချက်ကြည့် ကာ...

"သူ့အလုပ်က ကော်ရုပ်ကော်ခွက်လဲတာလေ... အစ်ကို အပေါ်ပြုခဲ့ဖူးတဲ့ ကျေးဇူးရှိလို့ အိမ်မှာ ခဏလာနေတာ... အဲဒါတော့ မမနုတို့က အတင်းခေါ်ထားရတာ... သူက လူထူးလူဆန်းရယ်..."





"ဘာရယ် မမနု... ကော်ရုပ်ကော်ခွက်လဲတာ ဟုတ်လား"

"အင်း..."

"မဖြစ်နိုင်တာ... ကော်ရုပ်လဲတဲ့လူက ဒီပတ္တမြား အကြောင်း သိမတဲ့လား..."

ဒေါ်နုယဉ်တို့ တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့် ကာ...

ငြိမ်ကျသွားကြသည်။

"ဘာပဲဖြစ်ဖြစ်... ကျွန်မကတော့ သူ့ကို ကျေးဇူးတင်တယ်... တော့ဖို့လည်း အချိန်မရတော့ဘူး... အဲဒီကလေးကို ဒီ ပိုက်ဆံကလေး ပေးပေးပါနော်... မမနု ဒီပစ္စည်းကို ရောင်းပြီးလို့ ထိုက်သင့်တဲ့ ဈေးအ ကောင်း ရရင်လည်း ကျေးဇူး မမေ့ပါဘူးလို့ ပြောပေးပါ... ကျွန်မကို ခွင့်ပြု ဦး..."

မကြည်က ငွေတစ်သိန်းကို ဒေါ်နုယဉ် လက်ထဲထည့် ပစ်ခဲ့ပြီး ကသုတ်ယှာယှာ ထထွက်သွားလေသည်။

ဒီလောက်ငွေကို ချက်ချင်း ချပေးသွားကတည်းက မကြည် အပေါ် ဘယ်အထိ ယုံကြည်တယ်ဆိုတာ သိသာနေပါပြီ။

သူတို့ ထမင်းဝိုင်းက တိတ်ဆိတ်စွာ ပြီးဆုံးခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

၆

"ဘုရားရေ. . ."

ဒေါ်နုယဉ်က ရင်ဘတ်ဖိသည်။

"စုံထောက်ပဲ ထားပါဦး. . . ကျွန်မတို့ အိမ်မှာဘယ်လို ရာ
ဝတ်မှုတွေ ရှိနေလို့ သူက ရုပ်ဖျက်ဝင်ရတာလဲ. . ."

"ဒါကတော့ ဒီနားက တစ်ယောက်ယောက် တစ်အိမ်အိမ်လည်
ဖြစ်ချင်ဖြစ်မှာပေါ့. . . သူက ပတ်သက်ချင်တာ မဟုတ်ဘဲ ဒို့က အတင်
ပတ်သက်ခဲ့တာကိုလည်း ထည့်တွက်ဦးလေ. . ."

အားလုံးဆုံးအောင် နားထောင်နေပြီးမှ မိုးက ရယ်သည်။

"ဖေဖေတို့ကလည်း ကလေးတွေ ကျနေတာပဲ. . . လူတ
ယောက်ကို ဒီလောက်ပဲ အထင်ကြီးရသလား. . ."

"အေး. . . အထင်မကြီးချင်လည်း အထင်သေးလို့တော့ မဖြ
ဘူး သမီး. . . ဇာ်စ်ချို့လူတွေမှာ ထူးဆန်းတဲ့ စိတ်ရှိတတ်ကြတယ်. . .
တကယ်တမ်း ပြည့်ဝတဲ့ လူတွေမှာ ပကာသန မရှိဘူး. . . မပြည့်တဲ့





ဘောင်ဘင်ခတ်တယ်ဆိုတာ သမီးလည်း ကြားဖူးမှာပါ. . ."

"ဖေဖေကလည်း ပြည့်တဲ့အိုးလည်း ဖိတ်တာပါပဲ. . . အဲဒါကမှ
ထိန်းလို့မရတာ. . ."

မိုးကတော့ အဲဒီလူနဲ့ ပတ်သက်လို့ အထင်ကြီးပေးရမယ့် မဲ
လုံးဝ မပေးနိုင်ပါ။

မရရအောင် တိုက်ဖျက်မည်သာ. . .

"သူ တကယ်တမ်း ပညာရှိရင် ဒီလို လူတန်းမစေ့တဲ့ စုတ်စုတ်ပွဲ
ပွဲ အလုပ်မျိုး လုပ်စားပါ့မလား. . . စိန်တွေ ကျောက်တွေကြားမှာ ပါး
စပ်တစ်ခုနဲ့ လုပ်စားလို့ရတယ်. . . ဒို့ပြင် ပညာတွေလည်း တတ်ဦးမှာပဲ
လုပ်စားပေါ့. . ."

"ဒါကိုက သူ့စိတ်ရဲ့ ထူးဆန်းခြင်းပဲ. . . အဓိက လျှို့ဝှက်ချက်
ပေါ့. . . ဒီအလုပ် သူဘာလို့ လုပ်သလဲ. . . သူလုပ်တဲ့ အကြောင်း
သူပဲသိမှာဘဲ. . . ဖေဖေကတော့ ဘွဲ့ဖြူဆိုတဲ့ သူငယ်ရဲ့ မျက်နှာ ကို
စမြင်လိုက်ကတည်းက လုံးဝကို အထင်သေး စိတ်မရှိခဲ့တာ. . ."

သူတို့ စကားပြောနေဆဲ မောင်ပိုက် တက်လာသည်။

"ကိုဘွဲ့ လာပြီ ဦး. . ."

"အေး. . . မောင်ဘွဲ့ရေ. . . လာဟေ့. . . ကွန်ပျူတာက ဒီမှာ"

ဘွဲ့ဖြူက မြင်နေကျတိုင်း အင်္ကျီပခုံးပြဲ ကျောက်ကွဲနှင့် ဦးထုပ်ငိုက်
စိုက်ဆောင်း၍ ဝင်လာသည်။

"ဘာလဲ. . . မင်း အပြင်ထွက်တော့ မလို့လား. . ."

"ဟုတ်ကဲ့. . ."

"အေးပါကွာ. . . ဒါလေးတော့ ကြည့်ပေးခဲ့ပါဦး. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ. . . ကျွန်တော် သိသလောက်တော့ ကြည့်ပေးပါမယ်. . ."

"မင်း အားလုံးသိမှာပဲ. . . ငါသိပါတယ်ကွာ. . . ကြည့်သာကြည့်ပါ. . ."

ဘွဲ့ဖြူက သူတို့အားလုံးရဲ့နောက်က ကွန်ပျူတာဆီသို့ လျှောက်သွားသည်။

မိုး မျက်မှန်းကျိုးနေမိသည်။

နေရာတကာ ဒင်း ပညာပြခန်းတွေလည်း ဖြစ်နေပါလား. . .

ရှိသမျှ ပညာတွေလည်း ပြရဲ. . .

ပလပ်စတစ်ကလည်း အကောက်မပျက်. . .

ငွေရှိလည်း ဝတ်ကောင်းစားလှ ဝယ်ဝတ်တာယ် မရှိ။

ဒီခြံကြီးထဲမှာ နေပြီး သူ ဒီလို တမင်လုပ်နေတာ ဘာသဘောလဲ. . .

"မမလေး ဧည့်သည်လာနေတယ်. . ."

မသင်းရဲ့ အကြောင်းကြားသံပင် မဆုံး. . .

စက်ရုံက စာရေးမလေး ခပ်ရှိုရှို ဝင်လာသည်။

"ဘာလဲ. . . ဘာကိစ္စရှိလို့လဲ. . . ဒီနေ့ စက်ရုံပိတ်ရက် မဟုတ်ဘဲ. . . မင်းဘာလာလုပ်တာလဲ. . ."

"ဟုတ်ပါတယ် မမရယ်. . . နီလာ အခု စက်ရုံကလာတာပါ အိမ်မှာ အတွားမူးလဲလို့ ဆေးရုံတင်လိုက်ရပါတယ်. . . နီလာ့ကို မောင်လေး လာပြောတာပါ. . . အခု လကုန်ဖို့လည်း ရှစ်ရက်လောက်ပဲ လိုတော့တာပါ. . . နီလာ့ လခလေး မမ ကြိုရှင်းပေးလို့ ရမယ်ဆိုရင်. . ."





"အဲဒါ ဒို့ကိစ္စမှ မဟုတ်ဘဲ. . . မင်း စာရင်းကိုင်ဆီ မသွားဘူးသား. . ."

"သူက မပေးနိုင်ဘူးဆိုလို့ပါ. . . အများစုနဲ့ စာရင်းထဲက သပ်သပ် အလုပ်ရှုပ်ခံပြီး ထုတ်မပေးနိုင်ဘူးတဲ့. . ."

"ဒါမှန်တယ်လေ. . . မင်း ဒို့ဆီလာလည်း အဝိုပဲ. . . အများနဲ့ထားတဲ့ စည်းကမ်းကို ဘယ်လိုမှ ဖောက်လို့မရဘူး. . ."

ဦးမိုးမြင့်မောင် မနေသာတော့ပါ။

"စက်ရုံထဲက စာရင်းနဲ့ မဟုတ်ဘဲ သမီးကပဲ ဂရုဏာကြေးအနေနဲ့ ထောက်ပံ့လိုက်ပါလားကွယ်. . . သူ့ခမျာ နာရေးဖြစ်တဲ့ဟာ. . ."

"အဲဒီလိုပဲ. . . ဘယ်သူမှ အလှူလုပ်ဖို့ပါလို့ မလာဘူး ဖေဖေ. . . အရေးပေါင်း သောင်းခြောက်ထောင်ကို လူရှိသမျှ လာကြတိုင်း သမီးဒိုင်ခံ ဘယ်လိုလုပ်ရှင်းမလဲ. . ."

"ဟုတ်ပါတယ်. . . တော်သင့်တဲ့လူတော်. . . လျှော့သင့်တဲ့ လူကို လျှော့ပေါ့. . . သမီးရယ်. . . ကိုယ်က အကြီးအကဲ ဖြစ်နေတော့ ယောက်ျားတွေအပေါ်. . ."

မိုးက လုံးဝလက်မခံပေ။

"အဲဒီ ယောက်ျားတွေက သိပ်လည်တာ ဖေဖေရဲ့. . . ရသလောက် အခွင့်အရေး အကုန်ယူတာ. . . တော်တော်ကြာ ခေါင်းကိုက်လို့ ဝင်နာလို့ ခြေကျိုးလို့ လက်လိမ်လို့ အကြောင်းတွေက များမှများ. . .

. . . သနားလို့ တစ်ခါထုတ်ပေးမိရင် တစ်ယောက်အစ အမြဲရှာ ဒီငွေကို သူတို့မှာ သုံးလို့ကို လောက်တယ် မရှိဘူး. . ."



www.burmeseclassic.com

www.burmeseclassic.com



"မရှိဆင်းရဲသားဆိုတာ ဒီလိုပဲ သမီးရဲ့. . . ရသလောက် ? လောက်ဘူး. . ."

"မလောက်တိုင်း သမီးက ထုတ်မပေးနိုင်ဘူး ဖေဖေ. . . စီးပွား ရှာတာ အလှူလုပ်တာမှ မဟုတ်ဘဲ. . ."

ကွန်ပျူတာ စက်ဖွင့်၍ ပြင်နေသော ဘွဲ့ဖြူ အားလုံးကြားနေ ရသည်။

ဦးမိုးမြင့်မောင်လည်း ဘွဲ့ဖြူရှိနေသည်မို့ စကားကို ဆင်ခြင် ပြောနေရသည်။

တော်ကြာ သမီးကို ဆုံးမတာပေမယ့် အပြစ်တွေ ထောက်ပြ သလိုလည်း မဖြစ်စေချင်။

နီလာဆိုသည့် ကောင်မလေး အားလုံးရှေ့ကနေ ထွက်ခွာသွား ပါပြီ။

တစ်အိမ်လုံး တိတ်ဆိတ်ကျန်ခဲ့၏။

မိုးက သုန်မှုန်သော မျက်နှာလေးနှင့် အိမ်ပေါ် တော လျှောက် တက်သွားလေသည်။

ဘွဲ့ဖြူ ကွန်ပျူတာ စမ်းရင်း ခလုတ်ကလေးတွေပေါ်မှာ လက် ချောင်းတို့ လှုပ်ရှားသွားကြလျှင် ဖန်သားပြင်ပေါ်မှာ ပေါ်လာသည့် စာ တန်းလေးက. . .

MAKE THE WAY WHILE THE SUNSHINE

ခဏလေးသာ ပေါ်လာလျက် ချက်ချင်း ပျောက်ကွယ်သွား သည်။

ဒါကို အမှတ်တမဲ့ နောက်လှည့်ကြည့်လိုက်မိသော ဦးမိုးမြင့်





မောင်ကလည်း မြင်ဖြစ်အောင် မြင်လိုက်ပါလေသည်။

ဘွဲ့ဖြူ ကျောဘက်သို့ ဖျတ်ခနဲ လှည့်လိုက်လျှင် သူ့ကို နှုတ်ခမ်း ဟဟနှင့် ငေးကြည့်နေသော ဦးမိုးမြင့်မောင်၏ ဝှေ့ခွဲမရနိုင်သည့် မျက်လုံး တို့က စူးစူးနစ်နစ်။

"ကောင်းသွားပြီ ဦး. . ."

ပြော၍ ဘွဲ့ဖြူ ထွက်လာခဲ့သည်။

ဦးမိုးမြင့်မောင်ရဲ့ မျက်ဝန်းတို့ သူ့ကျောပြင်မှာ ငြိတွယ်နေခဲ့ပြီ မှန်းလည်း နောက်လှည့်မကြည့်ရဘဲ သိနေပါ၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ဟလို. . .'နေရိပ်ဖြာ' က ဟုတ်ပါသလား ရှင်. . ."

"ဟုတ်ပါတယ်. . . အခု ဆက်တာ ဘယ်သူပါလဲ. . . ခင်ဗျား"

"ရန်ကုန်က ဆက်တာပါရှင်. . . ဦးမိုးမြင့်မောင် အိမ်ကပါ"

"ဪ. . . ဟုတ်ကဲ့ပြောပါ. . . လူလေး မှာထားပါတယ်. . ."

"ရှင်. . . မောင်နေတန်ခိုး မရှိဘူးလား ဟင်. . ."

လှမ်းမေးရင်း ဒေါ်နုယဉ်က ထိုင်နေသည့် ဦးမိုးမြင့်မောင်ဆီကိုလည်း ကြည့်၏။

"ဦးလူရှင်လား ခင်ဗျ. . ."

"ဟုတ်ပါတယ်. . . ဦးမိုးမြင့်မောင် အကြောင်းရှိပါသလား. . . ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ပါတယ်. . . လူလေးက မှာခဲ့တယ်"

"ဟုတ်ကဲ့. . . ကျွန်တော်တို့ လွှန်ခဲ့တဲ့ ရှစ်လပိုင်းက ယူထားတဲ့ ငွေပြန်ဆပ်ချင်လို့ပါ. . . ခါတိုင်းလိုပဲ ပို့လိုက်လို့ရမလား. . . ကျွန်တော်



ကိုယ်တိုင်လာပို့ ပေးရမလား. . ."

"ရပါတယ်. . . အဆင်ပြေသလို လုပ်ပါ"

"ဟုတ်ကဲ့. . . ဒါနဲ့ မောင်နေတန်ခိုးက ခရီးရှည် ထွက်သွားတာ ထင်တယ်. . . ဘယ်ကိုများ သွားတာလဲ မသိဘူး. . . ရန်ကုန်ကို ရောက်ရင်တော့ ဦးမိုးမြင့်မောင်က ဖိတ်ပါတယ်လို့ ပြောပေးပါ. . . ကိုယ့် ကျေးဇူးရှင်ကို မြင်ဖူးတယ် ရှိအောင် ကြည့်ချင်လို့ပါလို့. . ."

"ပြောလိုက်ပါ့မယ်. . . သူလည်း ခုလောက်ဆို ရန်ကုန်ဘက် ရောက်ချင်ရောက်နေမှာပါ. . ."

"ဪ. . . ဟုတ်ကဲ့ ခင်ဗျာ. . . ဒါပါပဲ. . . ကျွန်တော် ငွေ အမြန်ဆုံး ပို့ပေးလိုက်ပါ့မယ်. . ."

ဖုန်းချလိုက်တော့ ရင်ထဲမှာ မရှင်း။

ဦးမိုးမြင့်မောင် မျက်နှာကို ဒေါ်နုယဉ်က အကဲခတ်၍. . .

"ဘာပြောလိုက်လို့လဲ အစ်ကို. . ."

"ဘာမှမပြောပါဘူး. . . မောင်နေတန်ခိုး ရန်ကုန်ကို ဆင်းလာတယ်ဆိုပဲ. . ."

"ဟင်. . . ဟုတ်လား"

ဒေါ်နုယဉ် ထလာသည်။

"ဘယ်လောက်ကြာပြီတဲ့လဲ. . . ဘယ်မှာတည်းနေသတဲ့လဲ"

ဦးမိုးမြင့်မောင် လေးပင့်စွာ ခေါင်းယမ်းလျက်. . .

"မသိဘူး. . . အဲဒီလောက်ထိ မေးဖို့လည်း မသင့်ဘူးလေ"

လင်မယား နှစ်ယောက်လုံး ခဏမျှ ငိုင်သွားကြသည်။

"နေရိပ်ဖြာ မိသားစုဟာ ကျွန်မတို့ကို အစစ ကူညီခဲ့တာ

www.burmeseclassic.com



မှန်ပေမယ့်. . . အဖက်မတန်သလိုပဲနော်"

ဒေါ်နုယဉ်က ခံစားရတဲ့ အတိုင်းပြောသည်။

"အဖက်မတန်သလို နေတာ မဟုတ်ပါဘူးကွယ်. . . အစ်ကို ကြီးက သူ့သားနဲ့ ဒို့သမီးကြီးလာရင် လက်ထပ်ပေးဖို့တောင် ပြောခဲ့ဖူးတာပဲ. . ."

"ဒါပေမယ့် အတည်ပြု ထားခဲ့တာမှ မဟုတ်ဘဲ အစ်ကိုရယ်. . . စနောက်ခဲ့တဲ့ သဘောပြောခဲ့တာ နေမှာပါ. . . ဒီနေ့ထိ ဦးနေရောင် ရှိခဲ့တုန်းကလည်း ကျေးဇူးတင်လွန်းလို့ ထမင်းတစ်နပ် ဖိတ်ကျွေးပါရစေ ဆိုတာတောင် လာစားခဲ့ဖူးလို့လား. . .

. . . ဦးနေရောင် ကိုယ်တိုင် အစ်ကို့ကို စောင့်ရှောက်ခဲ့ပေမယ့် သူ့မိန်းမကလည်း ခပ်တန်းတန်းပဲ. . . အခု သူ့ သားကလည်း နေနိုင်လိုက်တာ. . ."

"ဒီလို မတွေးပါနဲ့ကွာ. . . ကျေးဇူးပြုပြီး အခွင့်အရေး မယူတတ်တဲ့ လူက ဒီလိုပဲ. . ."

ဒေါ်နုယဉ်ကတော့ စိတ်မကောင်းဖြစ်နေမိတာ ဖြေလို့မရ။

'နေရိပ်ဖြာ' မိသားစုက မျိုးရိုးစဉ်ဆက် ချမ်းသာကြွယ်ဝလာခဲ့ကြသည့် သူဌေးတွေ ဖြစ်သည်။

ဦးနေရောင် ဒေါ်မြတ်သစ်တို့ဟာ အခြေကြီးကြီး မနေတတ်ကြဘူးဆိုပေမယ့် လက်ညှိုးထိုးမလွဲ ရှိနေသော အဝေးပြေး ကားအစီးပေါင်းများစွာနှင့် ဦးနေရောင် ကိုယ်တိုင်က မြန်မာနိုင်ငံ ကုန်သည်ကြီးများအသင်းဝင် တစ်ဦးဖြစ်လျက် များစွာသော ကျက်သရေအပေါင်းတို့နှင့် ပြည့်စုံမှုများကတော့ ပတ်ဝန်းကျင်နှင့် မတူစေသော အဆင့်အတန်း တစ်





တို့ သူ့အလို အလျှောက် ခွဲခြားပေးထားသလိုပါ။

ရိုးလွန်းတော့ အတယ်ပဲ ဆိုမလား. . .

ဦးမိုးမြင့်မောင်၏ ရိုးသားမှုကို မြင့်လာအောင် တက်လာအောင် သမ်းပြ၍ အစစ လူအားငွေအား များစွာ ကူညီပေးခဲ့သော ဦးနေရောင် ဘကယ်ဆို အစကတည်းက ရင်းနှီးခဲ့ကြတာမျိုး မဟုတ်ပါ။

လုပ်ငန်းနှင့် ပတ်သက်သော မိတ်ဆုံစားပွဲ တစ်ခုမှာ တွေ့ဆုံ ခင်မင်ခဲ့ကြပြီ ရှေးရေစက်ကြောင့်ပဲ ဦးနေရောင် ကိုယ်တိုင်က ဘာအခြေ မြစ်မှ မခိုင်သေးသော ဦးမိုးမြင့်မောင်ကို ခင်မင်သွားကာ လုပ်ငန်းတွေ ကြောင်း သင်ပေး လိုသလောက် ငွေစိုက် ထူထောင်ပေး အားလုံးကို ညွှမတ်ပေးခဲ့တာ ဖြစ်သည်။

'နေရိပ်ဖြာ' ဟာ ဦးမိုးမြင့်မောင်တို့ရဲ့ ကျေးဇူးရှင် မိသားစု ဖြစ်လို့ ဒီနေ့အချိန်ထိလည်း လိုအပ်တိုင်း အကူအညီ ပြေးယူနေရတုန်း နေရောင်တို့က သားလေးတစ်ယောက်ပဲ မွေးခဲ့သည်။

အဲဒီ သားလေး ဆယ်နှစ်သား ကတည်းက ဦးလေး လင်မယား အမေရိကန်ကို ခေါ်ထားခဲ့ကြသည်မို့ 'နေတန်ခိုး' ဆိုတဲ့ နာမည်မှ မမြင်ဖူးခဲ့ပေ။

မြန်မာနိုင်ငံကို ပြန်လာတဲ့အခါ ရှိချင်ရှိနိုင်ပေမယ့် ရန်ကုန်နဲ့ လေးခရီးမို့ မကြာခဏလည်း မရောက်သလို ဆုံလည်း မဆုံဖြစ်ခဲ့ပါ။

ဦးနေရောင်ဆုံးတဲ့ ရက်ပိုင်းကတောင် 'နေတန်ခိုး' ရောက်မလာ မမြင်ဖူးခဲ့။

"သေတဲ့လူက သေပြီပဲ. . . ဟိုမှာ သားလေး စာမေးပွဲတွေ အ ကြီးနေတုန်း စိတ်ကယောက်ကယက် မဖြစ်စေချင်ဘူး" တဲ့



www.burmeseclassic.com

www.burmeseclassic.com

ဦးမိုးမြင့်မောင်က အသုဘကိစ္စမှာ ကိုယ်ဖိရင်ဖိ ကြေကွဲရခြင်းများစွာနှင့် ရင်းနှီး၍ ကူညီလုပ်ကိုင်ပေးခဲ့သည်။

ဒေါ်မြတ်သစ် ကျေးဇူးတင် စကားဆိုပါသည်။

"အစ်ကိုနေ မရှိတော့ပေမယ့် အရင်လိုပဲ လိုတဲ့အကူအညီ တောင်းနိုင်ပါတယ်. . ."

အနေတည်ပေမယ့် ဒေါ်မြတ်သစ်က လိုရင်းကိုတော့ ရည်မွန်စွာပဲ ပြောသွားခဲ့သည်။

"သားကို ပြန်ခေါ်တော့မယ်. . . သူ့အဖေ လုပ်ငန်းတွေက အများကြီး သားရှိမှ ဖြစ်မှာ. . ."

ဒေါ်မြတ်သစ်က ဦးနေရောင်ရဲ့ ဈာပန ကိစ္စအားလုံး ပြီးတော့ စကားတွေ အများကြီး ပြောခဲ့သည်။

ဦးမိုးမြင့်မောင် စေတနာနဲ့ ကူညီခဲ့တာတွေကို သိ၍လည်း ကျေးဇူးတင်ကြောင်းကို နှစ်ကြိမ်မက ဆိုခဲ့သည်။

ဒီတုန်းကလည်း ဒေါ်နုယဉ် အမျှော်လင့်ကြီး မျှော်လင့်ခဲ့မိသည်က သားရေးသမီးရေး ကိစ္စ ဒေါ်မြတ်သစ် သတိတရ ဖြစ်စေဖို့ ဤမျှချမ်းသာကြွယ်ဝသော မိသားစုထံကို သမီးလေး ဝင်ဆံ့စေချင်သည်။

ကိုယ့်ဘက်ကတော့ သမီးကိုတောင် သတိပေးထားပြီးသား။

လက်ထပ်ပေးဖို့ ရွေးချယ်ပြီးသား ရှိတယ်ဆိုတဲ့ အကြောင်း။

ဒါပေမယ့် အနောက် တစ်နှစ်ကျော်ကျော် အကြာမှာပဲ ဒေါ်မြတ်သစ်ပါ ဆုံးသွားခဲ့သည်။

'နေတန်ခိုး' ရဲ့လက်ထဲမှာ လုပ်ငန်းတွေ ဆက်လက်လည်ပတ်သည်။





အားလုံး ဘာတစ်ခုမှ အရှိန်မပြတ်ခဲ့သလို 'နေတန်ခိုး' ဆိုတဲ့ နာမည်က အချိန်တိုတိုလေး အတွင်းမှာ တစ်ဟုန်ထိုး ကျော်ကြားလာသည်။

ဖအေ ရပ်တည်ခဲ့သော နေရာတိုင်းမှာ နေတန်ခိုးက စီးပွားရေးလုပ်ငန်းရှင်ကြီးများနဲ့ ပခုံးချင်းယှဉ်၍ ရပ်တည်လာနိုင်ခဲ့သည်။

သို့သော် နေတန်ခိုးဆိုတာ ဖြူသလား မည်းသလား ခုချိန်ထိ သူတို့ မသိပါ။

အရေးကြီးလျှင် ဖုန်းလှမ်းဆက်ကြည့်သည်။

လိုတဲ့အကူအညီ ချက်ချင်းရသည်။

လာခဲ့ပါလည်း မခေါ်။

သူလာဖို့လည်း ဘယ်တုန်းကမှ မပြောခဲ့ဖူး။

ဒေါ်နုယဉ်ကတော့ မိခင်ပီပီ သမီးလေးကို ဆင်စီး၍ မြင်းရံစေသော ဆန္ဒရဲ့ မျှော်လင့်ချက်ကလေး ရှိနေသေးသည်မို့ 'နေတန်ခိုး' ဆိုတာကို စိတ်ဝင်စားသည်။

ပတ်လည်း ပတ်သက်ချင်မိသည်။

သို့သော်. . .


www.burmeseclassic.com

www.burmeseclassic.com

"မသင်းရေ... ကိုပိုက် သွားခေါ်စမ်း..."

"ဟုတ်ကဲ့... မမလေး..."

မသင်းက မောင်ပိုက်နေတဲ့ တန်းလျားကို ထွက်သွားလေသည်။

ချက်ချင်း ပြန်တက်လာ၏။

"ကိုပိုက် မရှိဘူး မမလေး... မေမေနကို သွားကြိုတယ်တဲ့"

မိုး စိတ်ပျက်သွားသည်။ ဒီပစ္စည်းကလည်း ခုယူမှ ဖြစ်မှာ...

မသင်းက လည်း အင်္ဂလိပ်စာ မတတ်...

'ဒီစာတင်းပါတဲ့ စာအုပ်ကို ရှာခဲ့' လို့ မောင်ပိုက်ကို ခိုင်းဖို့ စာအုပ်အဖုံးမှာပါတဲ့ စာတန်းလေး ရေးထားပြီးသည့် စာရွက်ကလေးကို လုံးချေပစ်ရင် မိုး ဘာလုပ်ရမှန်း မသိ။

ဒီအချိန်ဆို အိမ်လေးထဲမှာ ဟိုလူ ရှိနေမှာလည်း အသေအချာ လက်ကနာရီကို ဘစ်ချက်ငုံ့ကြည့်ကာ မိုး ထရပ်လိုက်သည်။

ထင်သည့်အတိုင်းပင် ဘွဲ့ဖြူက အိမ်လေးထဲမှာ စာအုပ်တစ်





အုပ်ရှေ့မှာချ၍ ဘာတွေ ရေးမှတ်နေသည်မသိ။

"ဒီမှာ..."

မိုး အသံပေးလိုက်မှ မော့ကြည့်သည်။

မျက်နှာမှာ အံ့သြရိပ် ဖျတ်ခနဲ ယှင်၍ ချက်ချင်းပျောက်သွားသည်။

"ဘာလဲ..."

မျက်ခုံးနှစ်ဖက် ပင့်၍ မေးလည်း ဆတ်၍ မေးသည်။

"အဲဒီထဲက ကျွန်မ စာအုပ်ဘီရိုထဲမှာ စာအုပ်တစ်အုပ် ယူစရာရှိလို့..."

"ယူပေါ့..."

ဒါပဲပြောပြီး သူ့အလုပ်သူ ဆက်လုပ်နေသည်၊

မိုးဆိုတဲ့ ကိုယ့်ရဲ့ လှပကျော့ရှင်းမှု ဂုဏ်သတင်းဟာ လူမရောက်အတောင် မိုးမကမြင့် ဆိုတာကို ကြားဖူး၍ စိတ်ဝင်စားနေကြတဲ့ ပုရိသတွေ အများကြီး...

မိုးကို မြင်လျှင် မိုးကသာ အခွင့်အရေး ပေးဆက်ဆံမည်ဆိုရင်...

သွားတဖြီးဖြီး ဟန်ဟာပြင်ပြင်နှင့် ဘယ်လိုယောက်ျားမဆို မိုးက ခြေလောက်ထိ ဖမ်းစားနိုင်ခဲ့တာ...

ဘွဲ့ဖြူဆိုတဲ့ ကလေကချေ အမည်ခံ ပလပ်စတစ်ကောက်တဲ့ကောင်ကျမှ ဆက်ဆံတော့ သူကပဲ ပြန်တင်စီး မာရေကျောရေ...

လူကို တွေ့လည်း ရှိတယ်လို့ပင် မမှတ်တဲ့ ပုံ...

ကိုယ့်မှာ ရှိခဲ့တဲ့ အလှမာန်က ဒါကို မခံချင်စိတ် သေးသေးလေး

www.burmeseclassic.com

www.burmeseclassic.com



တော့ ဖြစ်မိတာ အမှန်။

လုံးဝမော့မကြည့်တော့သည့် ဘွဲ့ဖြူကို ခပ်စူးစူး တစ်ချက်ကြည့်ကာ သူနောက်မှာရှိနေသည့် ဘီရိုလေးဆီ မိုးက လျှောက်သွားလိုက်သည်။ ဘီရိုကိုဖွင့် ခါးလေး အနည်းငယ် ကုန်း၍ စာအုပ်ရှာနေဆဲ ရှုးခနဲ အသံကြား၍ မော့ကြည့်လိုက်မိလျှင်. . .

"အား. . ."

မိုး တအားအော်၍ လှည့်အပြေး ဘွဲ့ဖြူက ထအလာနှင့် ဆုံကာ မိုးက ကြောက်အားလန့်အားနှင့် ဘွဲ့ဖြူကို တအား ဖက်ထားလိုက်လေသည်။

"ဘာဖြစ်တာလဲ ဘာလဲ. . ."

"ဟိုမှာ. . . မြွေ. . . မြွေကြီး. . ."

ဘွဲ့ဖြူပင် ထိတ်ခနဲ ဖြစ်သွားမိသည်။

ဘီရိုလေးရဲ့ အမိုးပေါ်မှာ မြွေဟောက်ကြီးပါလား. . .

ကိုယ်လုံးလေး ခပ်သေးသေးနှင့် ထောက်ခွက်နေသည့် ပါးပျဉ်းကြီးက နည်းတဲ့ ခေါင်းကြီး မဟုတ်။

"မိုး. . . မင်း မင်းကို ကိုက်လိုက်သလား. . . ကိုက်မိသွားသလား. . ."

ဘွဲ့ဖြူအသံတွေ တုန်ကာ မိုး ပခုံးလေးကို အတင်းလှုပ်နေသည်။

"ဟင့်အင်း. . . မကိုက်မိဘူး. . ."

မြွေဟောက်က မပေါက်လိုက်မိသည့် အတွက် မကျေနပ်ဖြစ်နေသည့်နှယ်. . .





ခေါင်းတယမ်းယမ်းနှင့် ကြောက်မက်ဖွယ် ကောင်းနေတော့သည်။ ဘွဲ့ဖြူက မိုး ကိုယ်လုံးလေးကို ဆွဲဖယ်ကာ တံခါးထောင့်က သံတုတ်ကို သွားယူလိုက်သည်။

မြွေကလည်း ဘယ်လိုမှ ဆင်းမသွားဘဲ ဖက်ပြိုင်အံပြုဖို့ စောင့်နေသည့်အတိုင်း တရှူးရှူးနှင့် မာန်ဖီနေသည်။

"ကိုဘွဲ့ဖြူ. . . ရှင် တုတ်တိုတိုလေးနဲ့ သွားမလုပ်နဲ့လေ. . . ရှင့်ကို ကိုက်လိုက်မှာပေါ့. . ."

မိုးက တုတ်ကို နောက်ကနေ ဆွဲထား၍ အော်သည်။

"ဘာမှမဖြစ်ဘူး. . . မင်း နောက်ဆုတ်နေ. . ."

တစ်ယောက်နဲ့ တစ်ယောက် စည်းလုံးနေမိကြတာ သူတို့ကိုယ်တိုင်တောင် သတိမထားမိကြ။

ယမ်းခါနေသည့် ခေါင်းကို သံတုတ်ထိပ်ဖျားနှင့် ဆန့်တန်း၍ ချိန်သည်။

ပြီး ဆတ်ခနဲ လွှဲရိုက်ပစ်လိုက်တာ မိုး သေချာကြီး ရပ်ကြည့်နေပါလျက်နှင့် ဘာမှ ရှင်းလင်းစွာ မမြင်လိုက်ဘဲ. . .

'ဘုတ်ခနဲ' မြည်ကာ အိမ်တံခါးဝမှာ ပြေးမှန်သွားသည့် မဲမဲအရာတစ်ခုကိုသာ အမိအရ လိုက်ကြည့်လိုက်မိသည်။

မြွေသည် ပါးစပ်မှာ သွေးချင်းချင်း နီလျက် အမြီးကြီးစွာ လူးလွန့်နေသေးသည်။ အတန်ကြာမှ ငြိမ်သက်သွား၏။

မိုး မြွေကိုကြည့်လျက် ခုထက်ထိ ရင်တုန်နေဆဲ. . .

ကိုယ့် နဖူးများ ပေါက်လိုက်လျှင်. . .

အမလေး ကံကြီးလို့ပါလား. . .



www.burmeseclassic.com

www.burmeseclassic.com



အသက်ဘေးနဲ့ ဝေးသွားတော့ ဒေါသမာနတွေ ပြန်ဝင်လာသည်။

"အဲဒါ ရှင့်ကြောင့်. . . ရှင့်အမှိုက်တွေက ပါလာတာ. . ."

မိုးက ကော်အိတ်ထုပ်တွေကို လက်ညှိုးထိုး၍ ရန်တွေ့သည်။

"ဘာလဲ. . . ဒါတွေနဲ့ ဘာမှမဆိုင်ဘူး. . . ကော်မှာပါလာရင် ငါ့လက်နဲ့ အရင်ကိုင်လာတာ. . . ငါ့အရင်သေမှာပေါ့. . ."

"ဒါကတော့ ရှင်က အရှောင်ကောင်းသွားလို့ ဖြစ်မှာပေါ့. . . ကျွန်မ နေခဲ့တဲ့ သက်တမ်းတစ်လျှောက် ဒီထဲမှာ ပိုးဟပ်တောင် မရှိဘူး. . . အလကား အစုတ်တကာ အစုတ်. . . အရှုပ်တကာ အရှုပ်တွေ စုဆောင်းနေတာ. . ."

"ဘာဖြစ်ဖြစ်. . . အဲဒါ ပိုက်ဆံတွေပဲ. . ."

"ရှင်. . . ဘယ်လောက်လိုချင်သလဲ. . . ကျွန်မ ပေးမယ်"

ဘွဲ့ဖြူ ဖွတ်ခနဲ ပြုံးသည်။

"ငါလိုချင်တာ မင်းပေးမှာလား. . ."

မိုးမျက်နှာလေး နီရဲသွားလေသည်။

"ငွေကိုပြောတာရှင့်. . ."

"ငွေရအောင် ရှာဖို့က လွယ်ပါတယ်. . . အလုပ်ကို တန်ဖိုးထားတတ်ဖို့ ခက်တာ. . ."

"ဪ. . . အင်း အလုပ်ကို တန်ဖိုးထားတတ်လွန်းလို့ ပလပ်စတစ်ကောက်နေတာပေါ့နော်. . ."

"မင်း အဲဒီလို ကောက်ရဲလား. . ."

"ဘာဖြစ်လို့ ကောက်ရမှာလဲ. . ."





မိုး ဆတ်ဆတ်ခါ နာသွားသည်။

"သမားအာဇီဝနဲ့ အလုပ်ဆိုတာရဲ့ နှစ်ခုပေါင်းခြင်းက သွားလာတဲ့ result ဟာ အမြဲတမ်း 'ဂုဏ်' ဆိုတဲ့ ပြယုဂ်တစ်ခုကို ဖြစ်စေနိုင်သလားဆိုတာ ငါသိချင်တယ်လေ. . . ဒါကြောင့် ငါလုပ်ချင်တဲ့ အလုပ်ကို ငါလုပ်တာပဲ. . ."

"ရှင့်ဟာရှင် ဒဿနတွေ မြှုပ်. . . ဘုန်းကြီးပဲ ဝတ်ဝတ် နောက်နေ့ ဒီအမှိုက်တွေ ကျွန်မ အိမ်ထဲလုံးဝ မသွင်းပါနဲ့ ဒါပဲ. . ."

မိုးက သူ့ကို ရှောင်၍ ဘီရိုလေးဆီ ဒုတိယအကြိမ် ထပ်ရောက်သွားပြန်သည်။

သို့သော် အနားရောက်မှ ခြေထောက်နား ငုံ့ကြည့် ဘေးကိုငဲ့ကြည့်နှင့် ရှုံ့တွန့်တွန့်လေး ဖြစ်သွားလေသည်။

ဘွဲ့ဖြူက မိုးရဲ့ဘေးနားဆီ လျှောက်လိုက်လာကာ. . .

"ရဲရဲရှာပါ. . . ဒီမြွေမျိုး နှစ်ကောင်ပါလာရင် မင်းထက်အရင် ငါသေတာ ကြာပြီပေါ့. . ."

မိုးက မျက်စောင်းလှည့်ထိုးသော်လည်း သူ့ဆီ မရောက်တော့ဘဲ စာအုပ်ထပ်တွေကို ဆွဲဖွနေသည်။

ကော်အိတ်တွေ စုကျုပ်နေသည့် ချောင်ထဲမှာ ရပ်နေသည်မို့ အောက်က ခြေထောက်ကိုလည်း ငုံ့ကြည့်။

ခပ်မှောင်မှောင် ဘီရိုထဲလည်း ရှုံ့ရှုံ့ မနိုက်ရဲနှင့် ဘာအုပ်က တော်တော်နဲ့ မတွေ့ပါ။

ဒါကို ဘွဲ့ဖြူက ရပ်ကြည့်နေ၍ အားလုံးမြင်နေသည်။

"စာအုပ်ရှာပြီး မင်းစိတ်တွေကတော့ မြွေကိုပဲ ရှာနေတာကိုး



www.burmeseclassic.com

www.burmeseclassic.com

စာအုပ်ဘယ်တွေ့မလဲ. . . ဘယ်စာအုပ်လဲ ပြော. . ."

ဘွဲ့ဖြူက ဒီဘက်က ဘီရိုတံခါး တစ်ချပ်ကို အဆုံးထိ ဆွဲဖွင့်ပစ်လိုက်၍ ဝင်ရှာပေးသည်။

"ဘာစာအုပ်လဲ. . . ပြောလေကွာ. . ."

" September 99 Daily Notes "

ခဏကြာလျှင် ရှားရောင် အဖုံးလေးနှင့် စက္ကူဖြူလေးပေါ်မှာ ဆော့ပင်နှင့် ထိုစာတမ်းလေး ရေးသားသော စာအုပ်ကလေးကို ဘွဲ့ဖြူက ဆွဲထုတ်ပေးသည်။

"ဟုတ်ရဲ့လား. . ."

မိုးက စာအုပ်ကို ကြည့်လိုက် ဘွဲ့ဖြူကို ကြည့်လိုက်. . .

ဘွဲ့ဖြူက ဂရုမစိုက်ဘဲ. . .

"ဟုတ်တယ်ဆိုလည်း ကြွ မြန်မြန်. . .,ဒီမှာ မြွေကိုစွရှင်းရဦးမယ်. . . တော်တော် ဂြိုလ်မွှေတဲ့မြွေ. . ."

မြွေဆိုသည်မှ ရင်တုန်ရမှန်း သတိရသွားသည်။

မြွေကို ကြောက်၍ မဟုတ်ပါ။

စောစောက ကြောက်ကြောက်လန့်လန့်နဲ့ ကိုယ်လေ. . .

မြတ်စွာဘုရား. . .

မိုး ထိုနေရာမှ ချက်ချင်း လှည့်ထွက်လာခဲ့မိသည်။

တစ်ယောက်တည်း ထွက်ပြေးနေရသူလို ခြေလှမ်းတို့က မှားယွင်းလျက်. . .



"ဟုတ်တယ်. . . သမီး မေးသလိုပဲ. . . ကျွန်မလည်း မေးချင်တယ်. . . ကားမောင်းမလား ဆိုတော့လည်း မမောင်းဘူး. . . အလုပ်လုပ်မလားဆိုတော့လည်း သူ့အလုပ်ကို မစွန့်နိုင်ဘူးတဲ့. . . အစ်ကို သူ့ကို ဒီအမှိုက်တွေ ခြံထဲမှာ စုဆောင်းခွင့်ပြုပြီး ဘာအကျိုးအတွက် ခေါ်ထားတာလဲ. . ."

"အဲဒါ ငှါကိုယ် ငါတောင် နားမလည်ဘူး. . . ဒါပေမယ့် မင်းတို့မြင်သလို ငါ မောင်ဘွဲ့ကို ပလပ်စတစ် ကောက်တဲ့ ခပ်ဖျင်းဖျင်း ကောင်လို့ မမြင်ဘူး. . . သူ ငှါကို ကိုယ်ရံတော်လို နေမပေးပေမယ့် ဒီသူငယ်ကို ငါ ယုံကြည်နေတယ်. . . သူ့အနားမှာ ရှိတာ. . .

. . . ရဲဘော်ရဲဘက်တစ် ယောက်ရှိနေသလို စိတ်ထဲမှာ ချမ်းသာတယ်. . . ရှေးရေစက်ပဲ ထင်ပါရဲ့ ဒါ့အပြင် မင်းတို့ မေးခွန်းကို ဖြေဖို့ငါ့မှာ ဘာအကြောင်းပြချက်မှ ခိုင်ခိုင်လုံလုံ မရှိဘူး. . ."

"သူ့ကို ခပ်ဖျင်းဖျင်း ကောင်လို့ ကျွန်မ မထင်ပါဘူး. . . အစ်ကို့



www.burmeseclassic.com

www.burmeseclassic.com



ကို အကူအညီမရဘူးလို့လည်း မပြောဘူး. . . ဒါပေမယ့် မိသားစုထဲကို သူက ခွေးရှောယူကဲ့ထင် [illegible]လို့ပုံမရတဲ့ လူတစ်ယောက်ကို အစ်ကိုက အ ကြောင်းမဲ့ ဒီအတိုင်းကြီး ခေါ်တင်ထားတော့. . ."

"အကြောင်းမဲ့တော့ မဟုတ်ဘူး နုယဉ်. . . မောင်ဘွဲ့က သူဟာ သူ ခပ်အေးအေး နေတတ်ပေမယ့် အရေးကြုံလာရင် သူနေနိုင်သလား ဝင်ပါ ဖြေရှင်းပေးတာပဲ. . . မဟုတ်ဘူးလား. . .

. . . သူ့စိတ်ပြောင်းလဲပြီး ကိုယ့်လူဖြစ်လာရင် ဒို့အတွက် ကောင်းကျိုး အများကြီး ပြုနိုင်တဲ့ သူပါ"

မိုးက ဒီဇိုင်းပုံတွေ စစ်နေရာမှ မော့မကြည့်ဘဲ. . .

"မျှော်လင့်နေလိုက်တာ ဖေဖေရယ်. . . သူမသိတာ မတတ်တာ ဘာမှမရှိဘဲ တမင်ကို ဒီအလုပ်ကို လုပ်နေတဲ့ဟာ ကလေး မဟုတ် သူငယ်မဟုတ် ဒီအရွယ်ကြီးကို ချွေးဆောင်ဖြားယောင်းဖို့ ဖေဖေက စိတ်ကူးသေးတယ်. . ."

မိုး လေသံက ခနဲ့တဲ့တဲ့. . .

"လေလံဆိုလည်း သူပဲ. . . စိန်ကောင်း ကျောက်ကောင်း ရောင်းတဲ့ နေရာမှာလည်း သူပဲသိ. . . သူပဲတတ် ကွန်ပျူတာလည်း လာခဲ့. . . ဒီအရည်အချင်းတွေကို ချောင်ထိုးထားပြီး ပလပ်စတစ် လိုက်ကောက်နေတဲ့ ကိစ္စ. . ."

"ဒါ သူ့အကြောင်းနဲ့ သူရှိမှာပေါ့. . . ဖေဖေကတော့ မောင်ဘွဲ့ကို လေးစားတယ်. . ."

ဒေါ်နုယဉ် သက်ပြင်းချလေသည်။

"သမီးကရော မွေးနေ့အတွက် ဝတ်စုံ ရွေးပြီးပြီလား. . ."





"အိမ်တောင် ရောက်နေပြီ မေမေရဲ့. . . ဝတ်လည်း ဝတ်ကြည့်ပြီးပြီ. . . အတော်ပဲ"

"ဂါဝန်လား. . ."

"အာ. . . အမေကလည်း သမီး ဧည့်သည် လုပ်ငန်းရှင်တွေ လာကြမယ့်ဟာ သမီးက ဂါဝန် ဝတ်ပါ့မလား. . . နက်ပြာရောင် လည်ဆိုက်လက်ရှည် မေမေရဲ့ အသားပေါ်မှာ အနက်ရောင် ငွေခြည်အဆုပ် ဒွင့်ကလေးပါတယ်. . . အရမ်းလှတာပဲ. . . မေမေ ကြည့်မလား. . . သမီး ထပ်ဝတ်ပြမယ်. . ."

ဒေါ်နုယဉ်က သမီးရဲ့ ဆံပင်ရှည်တွေ တစ်ပင်ချင်း စင်းကျနေသည့် အလှလေးကို တယုတယ ပွတ်သပ်ပေးရင်း. . .

"သမီး သဘောကျရင် ပြီးတာပါပဲ. . . သမီးရယ်. . . မွေးနေ့ရက်ကျမှပဲ မေမေ တအံ့တသြကြီး ကြည့်မယ်. . . မေမေ့ သမီးက လှပြီးသားပဲ. . ."

မိုးက အထည် ဒီဇိုင်းပုံ ကတ္တူအထပ်ကို ဘေးကို ရွှေ့ဖယ်လိုက်သည်။

"ကိုယ့်သမီး ကိုယ့်မြှောက်မနေနဲ့ မေမေ. . . မေမေပဲ မွေးနေ့ လက်ဆောင်ပေးရမှာ. . ."

"ပေးပါ့မယ်ရှင်. . . မေမေကဖြင့် စီတောင်စဉ်ပြီးပြီ. . . မွေးနေ့ကျမှ ပြမလို့ ဝှက်ထားတာ. . ."

"ဖေဖေကရော. . ."

ဦးမိုးမြင့်မောင်က ဆေးတံကို ဆေးဖြည့်နေရင်း ပြုံးလိုက်သည်။

"ဖေဖေကတော့ ငါ့သမီးက လုပ်ငန်းတွေတောင် ဦးစီးလာပြီကိုင်



www.burmeseclassic.com

www.burmeseclassic.com

နေတဲ့ သမီးဖြစ်နေလို့. . . ဘယ်လို လက်ဆောင်မျိုးနဲ့ တင့်ဘယ်မလဲ တောင် မတွေးတတ်တော့ဘူး. . ."

"ဖေဖေက လုပ်ပြီး. . ."

နှုတ်ခမ်းလေး စူသွားပေမယ့် မိုး မျက်ဝန်းလေးတွေက ကြည်လို့ နေလေသည်။

စီးပွားရေးလုပ်ငန်းရှင်ဟု တစ်ခါ သမုတ်ခံရတိုင်း မိုး ရင်ထဲမှာ ပီတိဖြစ်ရသည်။

ဒီဘဝရောက်ရအောင် သူဘယ်လောက် ကြိုးစားခဲ့ရသလဲ။

အထူးသဖြင့် 'နေတန်ခိုး' ဆိုသော မေမေတို့ အရမ်းမျှော်လင့် ထားခဲ့သည့် ကျေးဇူးရှင် ဆိုတာနှင့် လက်မထပ်ရဖို့ ဖြစ်သည်။

ဘယ်လို ပုရိသမျိုးကိုမှ အထင်မကြီးနိုင် ပုံမပေးရက်ခဲ့သော သန့်စင်သည့် ကိုယ့်အချစ်များကို ကျေးဇူးတရားနှင့် ရောယှက်မခံနိုင်။

သူကပဲ ကျေးဇူးနဲ့ သိမ်းသိမ်း။

ကိုယ်က ကျေးဇူးဆပ်ချင်လို့ သွားဟာပဲ ဖြစ်ဖြစ်။

အချစ်ရဲ့ ဂုဏ်သိက္ခာဟာ ကျဆင်းမှာပဲ ဖြစ်သည်။

ဒါကြောင့် ကျေးဇူးဆိုတာတွေကို ဖယ်ချနိုင်ဖို့ မိုး ကြိုးစားခဲ့ တာ ငယ်ငယ်ရွယ်ရွယ်လေးနှင့် မည်သည့် ဘာကိစ္စကိုမှ ခေါင်းထဲမထည့် ဘဲ ငွေကို သည်းကြီးမည်းကြီး ရှာခဲ့သည်။

အဲဒီလမ်းကြောင်းပေါ်မှာ ဘာရှုပ်ရှုပ် မိုး မညှာမတာ ရှင်းပစ်ခဲ့ သည်သာ။ အလုပ်သမားတွေ ပါးစပ်ဖျားမှာ မိုးက ရက်စက်ပြတ်သား လှသည်တဲ့။ ဖေဖေက ဒီသတင်း ထွက်တာမျိုးကို သဘောမကျ။

မိုးကတော့ ပြတ်သားနိုင်အောင်ကို တမင်ကြိုးစားနေသူမို့ ဒီအ





သံတွေဟာ အားဆေးတွေလို့ပဲ သဘောထားခဲ့သည်။

လူတွေဟာ ကိုယ့်လိုဘ မပြည့်လျှင် မကောင်းပြောကြတာပဲ မဟုတ်လား. . .


www.burmeseclassic.com

www.burmeseclassic.com

"မိုး လာလေ. . . ဒီမှာ ထိုင်ပါဆို. . ."

လက်ကို ဆွဲချတာလည်း မထိုင်မိ။

စည်ကားလှပနေသော ညစ်ခံပွဲကြီးသည်လည်း မျက်လုံးထဲမှာ ပျောက်သွားသည်။

မိုး **ကြည့်နေမိတာ**က တစ်နေရာတည်းမှာ စူးစူးနစ်နစ် . . .

**အနက်ရောင်** အနောက်တိုင်း ဝတ်စုံနှင့် ဒူးနှစ်ဖက်ကို ခပ်ခွဲခွဲ ထားကာ ကုလားထိုင်မှာ လျော့ရဲရဲ မှီထိုင်နေသည့်သူ. . .

ဘွဲ့ဖြူ. . .

သူမှ သူအစစ်ပါ။

ဒါပေမယ့် သူမဟုတ်တာလည်း သေချာနေပြန်သည်။

သီချင်းတွေဆိုနေသော စတေ့ချ်ရဲ့ ရှေ့တည့်တည့် ထိပ်ဆုံးစားပွဲမှာ သူလိုပဲ အနောက်တိုင်း ဝတ်စုံတွေပဲ ဝတ်ထားသည့် ခပ်ရင့်ရင့် လူကြီးများနှင့် ဝိုင်းထိုင်နေသည်။





အနေတော် ဆံပင်က နက်မှောင်ပြောင်လက်ကာ အားလုံး နောက်လှန်သိမ်းဖြီးထားသည့် ရှင်းသန့်နေသော မျက်နှာနှင့် ဆံပင်ဘုတ် သိုက် ခပ်ပေပေ မျက်နှာက ကွာချင်တိုင်း ကွာပေမယ့်. . .

နှုတ်ခမ်းစွေ့ ပြုံးနေတဲ့ပုံ ပါးတစ်ဖက်မှာ ပါးချိုင့်ရှည်လေး တစ် ဖက် ခပ်ရေးရေး ထင်နေပုံ. . .

သူမှ သူပဲဖြစ်နေသည်။

ဟော. . . ထိုင်ကြည့်နေတုန်းမှာ အဲဒီစားပွဲနားကို လူရွယ်နှစ် ယောက် လာရပ်သည်။

ထိုင်နေသည့် လူအားလုံးက မော့ကြည့်ကာ ရယ်မော၍ သူ့ကို ညွှန်ပြကြသည်။ သူက ထိုင်နေရာမှ ထရပ်၍ ထိုနှစ်ယောက်ကို လက်ဆွဲနှုတ် ဆက်သည်။ ကြည့်စမ်း. . . ဘယ်လက်မှာ လက်ခလယ်မှ လက်သန်းထိ ပလက်တီနမ် လက်စွပ်တွေ ထပ်ဝတ်ထား၏။

ဒီလက်စွပ် စွပ်ခဲ့ဖူးသည့် အရာလေးတွေ ယုဇနဂါးခင်းမှာ ထမင်းစားကြတုန်းက မိုး သတိထားမိခဲ့သေးသည်။

ဟုတ်ပါတယ်. . .

ဒီဘက်လက်ပါပဲ. . .

မိုး ခေါင်းထဲမှာ ရှုပ်ယှက်ခတ်နေဆဲ သူငယ်ချင်း စီစီက အနား ရောက်လာ၏။

"ဟော့. . . မိုး ထိုင်လေကွာ. . ."

"ပြောမရဘူးဟော့. . . ဟောဟို ထိပ်ဝိုင်းက တစ်ယောက်ကို ဘိလုံးနဲ့ သန်းခေါင်စာရင်း စစ်နေလေရဲ့. . . သေချာလည်း မေးဦး ပ်ဆက်ပေးဖို့ လိုသေးလားလို့. . ."



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေသည့် စတယ်လီ မေးငေါ့ပြ၍ ပြောတာကြောင့် စီစီက လည်း လှည့်ကြည့်သည်။

မိုးက သူ့ဆီမှ မျက်စိမခွာဘဲ. . .

"သူ့ကို နင်သိလား စီစီ. . . သူဘယ်သူလဲ. . . ဟင်"

"ဘုရားရေ. . . မိုးက စုံစမ်းရေးတွေ ဘာတွေ လုပ်လို့ပါလား. . . ရှားရှားပါးပါး ဟယ်. . ."

စီစီက ရင်ဘတ်လေး ဖိ၍ ပြောသည်။

"အဲဒီ တစ်ယောက်က မန္တလေးက ဟိုက်ဘော့စ်ကွ. . . ကုန် သည်ကြီးများ အသင်းဝင်လို့ ပြောတယ်. . . ကိုကို့ဆရာက ဖိတ်ပေးတာ ကိုကိုတောင် သူဒီပွဲကို လာအောင် မွေးနေ့ တစ်ရက်ကြိုပြီး လုပ်လိုက်ရ တာ. . . ကိုကို့မှာ မွေးနေ့သာလုပ်ရတယ်. . . လာတဲ့ လူတွေကို ဧည့်မခံ နိုင်ဘူး. . . အဲဒီ လူနားမှာပဲ ကပ်မံနေရတာ. . ."

စီစီရဲ့အစ်ကိုဟ ၊၊ ခည်ကြီး စီးပွားရေးသမား တစ်ယောက်ပါ။

ခုလည်း သူကိုယ်တိုင် စားစရာတွေ ဖွေ့ပိုက်သယ်ချလာ၍ စား သောက်ပြီးသော ပန်းကန်တွေကိုဖယ် အသစ်ထပ်ချနှင့် အလုပ်သမားတွေ ကို တစ်ယောက်မှ မဝင်စေရ။

"ကိုကိုတောင် ခုမှ သူ့ဆရာ အင်ဂေ့ရှ် လုပ်ပေးလို့သိရမှာ. . . ငါက ဘယ်သိမလဲ. . ."

"နင်ကလည်း နင့်ကိုကို့ကို သွားမေးပေးပေ့ါဟ. . ."

စတယ်လီက စိတ်မြန် လက်မြန်သမား. . .

"နေပစေ. . . ရတယ် ငါသိချင်တာ အကြောင်းရှိလို့ပါ. . ."

"အေးပါ. . . ဘာအကြောင်းပဲ ရှိရှိ. . . ဒါမျိုးနဲ့ဆို သိပ်ဟန်





လုပ်ဖို့တော့ သတိထား. . . ပျိုသလား အိုသလားသာ မသိတာ. . . ဧည့်ခံ ပွဲ တစ်ခုလုံးမှာ ရှိသမျှ မိန်းကလေးတွေထဲက ရှစ်ဆယ် ရာခိုင်နှုန်းလောက် ရဲ့ မျက်လုံးတွေကတော့ အဲဒီ တစ်ယောက်ဆီမှာပဲနော်. . . ကိုယ့်သူငယ် ချင်း ရှားရှားပါးပါးလေး ချစ်စိတ်ပင်လာတုန်း ဆွေးသွားရမှာစိုးလို့. . ."

စချင်လည်း စကြပါစေတော့. . .

မိုး ကြည့်လေ. . . ခေါင်းရှုပ်လာလေ. . .

မဟုတ်နိုင်တာလည်း သိရက်နဲ့ မဟုတ်ဘူးဆိုတာကို လက်မခံ နိုင်. . .

"လူပျိုဆိုရင်တော့ မြှောက်ပေးသင့်တယ် ဟ. . . ဒီလူက နှယ် နှယ်ရရ မဟုတ်ဘူး. . . သူရောက်လာကတည်းက ဟိုက လာနှုတ်ဆက် ဒီကလာမိတ်ဖွဲ့. . . ကိုကိုတောင် ခုထိ အေးအေးဆေး စကားပြောခွင့် ရသေးပုံ မပေါ်ဘူး. . . ဟဲ. . . ဟဲ. . . ငါကတော့ ချောလို့ကြည့်နေမိတာ. . ."

"ဟော. . . ဟော. . . ပေါ်ပြီ. . ."

စတယ်လာနှင့် စီစီတို့က ရယ်ကြသည်။

မိုး မျက်နှာလေးလွှဲ၍ ကုလားထိုင်မှာ ထိုင်ချလိုက်ရသည်အထိ စိတ်က မကျေနပ် ဖြစ်နိုင်လျှင် သွားဆွဲ၍သာ မေးလိုက်ချင်သည်။

ဒါပေမယ့်. . .

ဒီလိုလူမျိုးက ပလပ်စတစ် ကောက်မတဲ့လား. . .

ပလပ်စတစ် ကောက်တဲ့လူကရော ဒီလိုလူမျိုးနဲ့ အမွှာညီအစ်ကို ဘာညာတော်စပ်တဲ့ သူဖြစ်နိုင်ပါ့မလား. . .

ဘာပဲဖြစ်ဖြစ် ဒီလူ ဘွဲ့ဖြူနှင့် ချွတ်စွတ်တူနေရသည့် အဖြစ်ကို မိုး မကျေနပ်ပေ။



www.burmeseclassic.com

 www.burmeseclassic.com

ယောက်ျားလေး တစ်ယောက် အကြောင်းကို ယောက်ျားလေး တစ်ယောက်ဆီမှာ စုံစမ်းရလောက်အောင်လည်း မိုး သိက္ခာ မနည်းချင်။

စိတ်ထဲမှာ နောက်ကို ရှုပ်ထွေးလှုက်. . .



## ခန်း (၆)

ကားသံကြား၍ ဒေါ် နုယဉ် လည်ပင်းရှည် ကြည့်လိုက်မိသည်။

သမီး ညဘက် သွားစရာ တစ်ခုခု ရှိလို့သွားတိုင်း မပြန်မချင်း ...င်စောင့်တတ်သည့် အကျင့်က သမီး ပြန်မလာမချင်း အခန်းထဲ ဝင်လှဲ ...လို့တောင် မရ။

ကားရပ်ပြီး သော့တောင်ချခဲ့ရဲ့လား မသိ။

မိုး အိမ်ပေါ် ကပျာကယာ ပြေးတက်လာသည်။

"ဩော်. . ."

ဟု တစ်ချက် အသံထွက်၍ ချက်ချင်း ပြန်လှည့်ဆင်းသွား၏။

"ဟဲ့. . . သမီး ဘာဖြစ်လာလို့လဲ. . ."

ဒေါ်နုယဉ် နောက်က ကပျာကယာ ထလိုက်ခဲ့သည်။

"ဘာမှ မဟုတ်ဘူး မေမေ. . . စာလေး. . ."

မိုးက ရှေ့က ခပ်သုတ်သုတ် လျှောက်ရင်း လှည့်မကြည့်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။

မောင်ပိုက်ရဲ့ အခန်းရှေ့ရောက်မှ ခြေစုံရပ်၍. . .

"ကိုပိုက်. . . ကိုပိုက်. . ."

တံခါးကို ညင်သာစွာ ခေါက်၍ ခပ်တိုးတိုး ခေါ်သည်။

"ဗျာ. . . မမလေး. . ."

မောင်ပိုက် ချက်ချင်း တံခါးလာဖွင့်၏။

မိုးက ပန်းခြံအလယ်က မီးရောင်ဖျဖျ ရှိနေသည့် အိမ်လေးဆီ လှမ်းကြည့်လိုက်ပြီး. . .

"ကိုဘွဲ့ဖြူဆီသွား တံခါးခေါက်ချေစမ်း. . ."

"ဟုတ်. . ."

မောင်ပိုက်က ခြေသုံးလှမ်းခန့် လျှောက်သွားပြီးမှ ခေါင်းကုတ်၍ ပြန်လှည့်လာသည်။

"မမလေး. . . ကျွန်တော်က ဘာပြောခဲ့ရမှာလဲ. . ."

"ဘာမှမပြောနဲ့ မင်း တံခါးခေါက်လို့. . . ထူးသံကြားရင် ပြန်လှည့်လာခဲ့. . ."

"မထူးရင်ရော မထူးမချင်း ခေါ်ရမှာလား. . ."

"အထဲမှာ သူရှိမရှိ သိရအောင်ခေါ်. . ."

"ဟုတ်. . . ဟုတ်. . ."

မောင်ပိုက် ထွက်သွားလျှင် မိုးက အဲဒီနေရာမှာပဲ ရပ်စောင့်နေလေသည်။

လည်တံဆန့်ဆန့်နှင့် စိတ်စောနေသည့်ပုံမို့ ဒေါ်နုယဉ်က စိတ်ဝင်တစား ဖြစ်လာကာ. . .





"ဘာဖြစ်လို့လဲ သမီးရယ်. . . မမေ့ကိုလည်း ပြောပါဦး. . ."

"ပြောမယ် မေမေ. . . ခဏလေး. . . သမီး ဒါကိုသိရမှ ရှင်းမှာ. . ."

မောင်ပိုက် ခပ်သုတ်သုတ် ပြန်လျှောက်လာ၏။

"သူအထဲမှာ ရှိတယ်. . . မမလေး. . ."

ဟင်. . .

မိုး ပြန်လာတော့ လူအုပ်ကြီးကြားထဲမှာ သူ အေးဆေးစွာ ထိုင်နေဆဲ. . .

ကားကိုလည်း တစ်ချက်မှ အရှိန်မလျှော့ပဲ ဒါရိုက်မောင်းချလာခဲ့တာ ဖြစ်သည်။

ဒီလောက် အချိန်လေးအတွင်းမှာ သူ မိုးထက် စောပြီးအခန်းထဲ ဝင်နေတာတော့ မဖြစ်နိုင်ပါ။

"သူ ဘာအင်္ကျီဝတ်ထားသလဲ. . . အလုပ်လုပ်နေတဲ့ ပုံလား. . အပြင်တစ်နေရာရာက ပြန်လာတဲ့ပုံလား. . ."

မောင်ပိုက်က မျက်လုံးပြူးနှင့် ခပ်ကြောင်ကြောင် ပြန်ကြည့်နေပြန်သည်။

"ဟဲ့. . . မေးနေတာ ဖြေလေ. . ."

မောင်ပိုက် ဒုတိယမ္ပိ ခေါင်းကုတ်ပြန်ပြီ. . .

"မမလေးပဲ တံခါးခေါက်ချေ. . . ထူးသံကြားရင် လှည့်ပြန်ခဲ့ဆို. . ."

အဲဒီလောက် တိကျစွာ လိုက်နာတတ်တဲ့ မောင်ပိုက်။

"သူ ထူးသံကြားတာနဲ့ ကျွန်တော်လည်း. . ."



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့..."

မိုး ဒေါသတွေ ဖောင်းပွ၍ မထိန်းနိုင်တော့ မောင်ပိုက် ပခုံးကို ဖျန်းခနဲ ရိုက်ပစ်လိုက်မိသည်။

"အို... သမီး..."

"မဆွဲနဲ့ မေမေ... သစ္စာကြီးလွန်းလို့ ဆုချတာ... အဲဒီအ တိုင်း တီတီကျကျလုပ် သိလား... လူလည်ဆိုတဲ့ ဘွဲ့က တန်ကြေးကြီး တယ်..."

မိုး အိမ်ကြီးပေါ် ပြန်တက်လာကာ မကျေမနပ်နှင့် ဝင်ထိုင် သည်။

"ကဲ... ပြောပါဦး... မောင်ဘွဲ့ဖြူက ဘာဖြစ်လို့လဲ..."

"ဘာမှမပြောဘူး မေမေ... သမီးကိုက မကျေနပ်နေတာ..."

"ဘာကိုလဲ..."

"သမီး အခု... သူငယ်ချင်းအစ်ကိုရဲ့ မွေးနေ့ကို သူငယ်ချင်း က ဖိတ်လွန်းလို့ အားနာပြီးသွားတာ..."

"အေးလေ..."

မိုးက သူမြင်ခဲ့ ထင်ခဲ့ လွဲခဲ့သမျှ အားလုံးကို ဇေ့ဇေ့ပေါက်ပေါက် ပြန်ပြောပြသည်။

ဒေါ်နုယဉ်လည်း အံ့သြနေပါ၏။

"အဲဒီလောက်ထိ ထူးနေသလား... သမီးရယ်..."

"ပြောရင် မေမေ ယုံမှာမဟုတ်ဘူး... မေမေ မြင်လိုက်ရင် တကယ် အံ့သြသွားမှာ... အဲဒီလို ပုဂ္ဂိုလ်မျိုးမှာ ဒီဘွဲ့ဖြူလို ညီအစ်ကို မျိုး ရှိနိုင်ပါ့မလား ဟင်..."





"မဖြစ်နိုင်တာ သမီးရယ်... ရှိတော့ရော သူ့သွေးသားကို ဒီ ဘဝမျိုး ထားပါ့မလား..."

"ကိုဘွဲ့ဖြူကလည်း ပညာတတ်ပဲ မေမေ... သူတို့ညီအစ်ကို ချင်း တစ်ခုခု ကသိကအောက် ဖြစ်ပြီး.. ဒီအလုပ်လုပ်နေတာရော မဖြစ် နိုင်ဘူးလား..."

"ဖြစ်နိုင်ပေမယ့် မလွယ်ပါဘူးကွယ်... သူက ရွှေဦးတော့ ဟိုက နိုင်ငံနဲ့ချီပြီး အလုပ်လုပ်နေတဲ့သူ... သူ့သိက္ခာ ပွန်းပဲ့ခံပြီး ကြည့်နေပါ့ မလား..."

မိုးက တစ်စုံတစ်ခုကို လေးနက်စွာ စဉ်းစားနေသည်။

"ဖေဖေပြောသလို ကိုဘွဲ့ဖြူဟာ တကယ် အရည်အချင်းရှိတဲ့ လူဆိုရင်တော့ အဲဒီတစ်ယောက်နဲ့ တစ်ခုမဟုတ် တစ်ခု ပတ်သက်မှာ အသေအချာပဲ..."

ဒေါ်နုယဉ်က ခေါင်းခါသည်။

"မေမေတော့ မထင်ဘူး... မောင်ဘွဲ့ဖြူက အထည်လက်တစ် ဝါး အကောင်းမရှိတဲ့လူ... သမီးပြောသလို ရွှဲနေတယ်ပဲ ထားဦး... အမြဲချမ်းသာလာတဲ့ လူတစ်ယောက်က ဒီအိတ်စုတ်ကြီးကို ထမ်းပြီး... သူများ စွန့်ပစ်ထားတဲ့ ဗူးတွေခွက်တွေ မသန့်ရှင်းတာတွေကို လိုက်ကောက် ဖို့ထိ ဘယ်လိုမှ စွန့်စားနိုင်မှာ မဟုတ်ဘူး..."

"ဟော... ဘွားဘွားတို့ လာပြီ..."

မိုးက အပြေးလေး ထွက်ကြိုသည်။

မသင်းက ကားပေါ်က အိတ်တွေ ပြေးသယ်၏။

ဘွားအေဖြစ်သူ ဒေါ်ကြူပုံက တစ်အိမ်လုံးကို လှည့်ပတ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကာ. . .

"ဟဲ့. . . မွေးနေ့ကလည်း ဘာမှလည်း မပြင်ရသေးပါလား. ."

"နောက်နေ့ညမှကိုး. . . ဘွားဘွားရဲ့. . . တော်ကြာ ဒီအိမ်ပေါ်အတွက် နှင်းဆီအလှထိုးဖို့ ပန်းအရှုပြင် ဆရာမတွေ လာကြမယ်. . ညှော်ခံဖို့ ခြံထဲမှာ ပြင်ဆင်ဖို့က စောသေးတယ်လေ. . ."

"သိပါဘူးအေ. . . ညည်းတို့ ရှစ်ရက်က အင်္ဂလိပ် ရှစ်ရက်မှန်းမသိ. . . မြန်မာ ရှစ်ရက်မှန်း မသိ. . . ဖုန်းထပ်ဆက်တော့ ခေါ်မရ. . . မွေးနေ့လည်း ငါ့မှာ မမှတ်မိနဲ့. . . မှန်းလာခဲ့ရတာ. . . ဟဲ့. . . လာကြ"

ပြောလည်းပြော သူ့ညှော်သည်တွေကိုလည်း ခေါ်ကြာယုံကလှည့်ခေါ် လို့. . .

များလှချေလား. . .

မိန်းမကြီးများကချည်း သုံးယောက်။

မိုးတို့ အရွယ်မကတတက ယောကျ်ားတစ်ယောက်နှင့် အမျိုးသမီးငယ် နှစ်ယောက်။

ဘွား ဘာဖြစ်လို့ ညှော်သည်တွေ ဒီလောက်အများကြီးကို ခရီးအဝေးကြီးက ခေါ် ချလာမှန်း မိုးတို့ သားအမိ သားအဖတွေ နားမလည်နိုင်ပေ။

သို့သော်. . .

ညဘက် မိုး မေမေ့ အခန်းဆီသွား တံခါးခေါက်ဖို လက်ပင့်မရွယ်ရသေးပေ။

"ကောင်လေးက အဲကိုဘွဲ့ရပြီးသား. . . ရုပ်ကလေးကလည်း ညည်း မြင်တဲ့ပဲ သနားကမား. . . မိဘကလည်း ချမ်းသာတယ်အေ. . ."





"ဪ. . . အမေ ဟိုတစ်ခါ ပြောဖူးတဲ့ မောင်. . . စိုး. . . စိုးဘယ်သူ. . ."

"ဟုတ်တယ်. . . မောင်စိုးထိုက်တဲ့. . . အဲဒါသူပဲ. . . ငါကတော့ သဘောတူတယ်. . . ကောင်လေးက ရှုပ်ရှုပ်ယှက်ယှက် မရှိဘူး. . ညည်းတို့မှာ စီးပွားရေးလေး တက်လာတာ မကြာသေးတော့ အခြေဘာရှိလို့လဲ. . . ဒီကြားထဲ မြေးလေးက မာနခဲ သူ့ကိုယ်သူ ဘယ်သူနဲ့မှ တူတယ်. . . တန်တယ် ထင်တာ မဟုတ်ဘူး. . . အဲဒါမျိုး ဘဝင်မြင့်တဲ့ မိန်းကလေးများ အကျနာတတ်တယ် သိလား. . . ဒါကြောင့် ခုလို ငါစီစဉ်လာခဲ့တာ. . ."

မိုး ကြက်သီးများပင် ထသွားမိလေသည်။

မနက်က ညှော်သည်တွေထဲမှာ ပါလာသည့် စိုးထိုက်ဆိုတာကို မိုးနဲ့သဘောတူနေသည် ဆိုပါလား. . .

"နေပါဦး အမေရဲ့. . . သူတို့က ဘာလာလုပ်ကြတာလဲ. . ."

"ကလေးချင်းလည်း တွေ့ဖူးအောင်. . . ပြီးတော့ ငါ့အိမ်မှာ ညည်းသမီးရဲ့ ခါတ်ပုံကို မြင်ပြီး သားကရော မအေကပါ သဘောကျနေကြတာသိလား. . . အဲဒါ ညည်း ကျေနပ်ရင် သူတို့က တစ်ခါတည်း စေ့စပ်သွားချင်တယ်တဲ့. . ."

"ဟင်. . . အမေကလည်း ကျွန်မ ကျေနပ်ရင် စေ့စပ်မယ်ဆိုတော့ ကျွန်မနဲ့ ယူရမှာမှ မဟုတ်တာ. . . သမီး ကျေနပ်မှ ဖြစ်မှာပေါ့. . သမီးက အိမ်ထောင်ရေး ကိစ္စကို လုံးဝ ခါးခါးသီးသီးပဲ အမေ. . . အဲဒီမနွေလေးက 'နေတန်ခိုး'ဆိုတာနဲ့ ပြောတာတောင် လက်ခံတာ မဟုတ်ဘူး"

"တော်ပါအေ. . . အဲဒီ 'နေတန်ခိုး'. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ. . ."

"ညည်းတို့က သက်သက် အမိုက်ခံပြီး အဟုတ်မှတ်လို့ မန္တလေးမှာ 'နေရိပ်ဖြာ' ကို မသိတဲ့လူ ရှိမလား. . . မမြတ်သစ်ဆိုတာလည်း ဘယ်မြင့်လိုက်တာမှ နာမည်ကြီး. . . အခု သူ့သားကများ မြင်ဖူးတဲ့လူ ဘယ်နှစ်ယောက် ရှိလို့လဲ. . .

. . . အပြင်ထွက်ရင် ကားမှန်ကို အတွင်း ကန့်လန့်ကာတွေချလို့ ရှိုင်းရှိုင်း ပြောရရင် ကျိုးကန်းနေလို့ပဲလား. . . လူစင်မမှီတာ တစ်ခုခုဖြစ်နေလို့လား. . . အားလုံးက ဝေဖန်နေတဲ့ 'နေရိပ်ဖြာ'. . ."

"ဟုတ်ရဲ့လား. . . အမေ. . ."

"သိပ်ဟုတ်ပေါ့. . . အဲဒါ 'နေတန်ခိုး' ဘာဒဏ်ရာကြီးပါပါ. . . ကျိုးကျိုးကန်းကန်း လိုချင်နေတဲ့ မိန်းမတွေ သမီးရှင်တွေဆိုတာလည်း ပေါမှပေါ. . . အားလုံး ညည်းတို့ထက် သာတာတွေချည်းပဲ. . . ဒါကိုများ ဟိုက ညည်းသမီးကို ခေါင်းဖွဲထည့်မတဲ့လား. . . ပြီးတော့ မိဘတွေကလည်း ရှိတော့တာ မဟုတ်ဘဲနဲ့. . ."

ဒေါ်နုယဉ် ငိုင်သွားသည်။

ဟုတ်ပါတယ်လေ. . .

အစကတည်းက ဦးနေရောင်က သမီး ခေါင်းလေးကို ပုတ်၍ ချစ်စနိုး စသွားတဲ့ပုံပါ။

"ဘယ့်နှယ့်လဲ. . . မြေးကို မောင်စိုးထိုက်နဲ့ နားချလို့ ဖြစ်နိုင်ပါ့မလား. . ."

မိုး အံလေးကြိတ် ထားလိုက်မိသည်။

ဘယ်တော့မှ လက်မထပ်သေးဘူးမှတ်. . .





ဘွားဘွားကိုလည်း မကျေနပ်ပါ. . .

ကိုယ့်မြေးကို ပြောပုံက အထင်မြင်သေးသံများနှင့် 'နေတန်ခိုး' ကို လက်မထပ်နိုင်တာနဲ့ပဲ သူဌေးအမည်ခံ ခပ်ညံ့ညံ့ ယောကျ်ားတစ်ယောက်ကို မိုးက ကောက်ယူလိုက်ရမှာလား. . .

ဝေးပါသေးသည်။

လှတာမြင်တိုင်း သဘောကျ မိန်းမတစ်ယောက်ရဲ့ ရှေ့မှာ သေပဲပြုရပြုရ ငိုပဲပြုရပြုရ. . .

ဒီယောကျ်ားမျိုးတွေ မိုးရဲ့ခြေထောက်နားမှာ အများကြီး. . .

သူဌေးဆိုတာတွေရော ဟိုက်ဘော့စ်ဆိုတာတွေက မရှား. . .

ဒါပေမယ့် မိုး အထင်မကြီးနိုင်တဲ့ ယောကျ်ားမျိုးကို ဘယ်တော့မှ လက်ထပ်ဖို့ စိတ်ကူးမိမှာ မဟုတ်ပေ။

နေရာမှ ချာခနဲ လှည့်ထွက်လာကာ အခန်းထဲဝင်၍ တံခါးကို ဆောင့်ပိတ်ပစ်လိုက်သည်။

မေမေဟာ မိုးသဘောမပါဘဲ ဇွတ်စီစဉ်မှာ မဟုတ်ဘူးဆိုတာ သိပေမယ့် မနက်ကျလျှင် 'အကြောင်းပြပစ်လိုက်ဦးမယ်'ဟု ကြိမ်းဝါးလိုက်မိသည်။

မနက် နေမြင့်အောင် အိပ်ပစ်လိုက်မည်။

အိပ်ယာထ နေမြင့်တိုင်း မေမေ လာနှိုးတတ်သည်။

အဲဒီကျမှ ကောင်းကောင်းကြီး ငြင်းရပါဦးမည်။

မိန်းကလေးရှင် သဘောကို မတီးခေါက်ဘဲ ဘွားအေ အားကိုး နှင့် မိုးဆိုတဲ့ မိန်းမကို စေ့စပ်ဖို့ ကျူးကျော် ရောက်ရှိလာသူဌေးရောပဲ တွေ့မည်။



www.burmeseclassic.com

www.burmeseclassic.com



မိုး အိပ်ယာထက်မှာ တိုးတိတ်ကြိမ်းဝါးသံများစွာနဲ့ အိပ်ပျော်သွားပါတော့သည်။

☂☂☂☂☂



နောက်ကျမှ ထပါမည်ဆိုမှ မျက်လုံးတို့က ဆက်အိပ်ဖို့ကို ခွင့်မပြုပါလား. . .

မိုး အိပ်ယာထက်မှာ စောင်လေးခွာ၍ ထထိုင်လိုက်သည်။

"အမလေး. . ."

လန့်ဖျန့်ကာ ထိုင်လျက်သားလေး အတိုင်း နောက်ဆုတ်ခုန်လိုက်မိလေသည်။

"ရှင်. . . ရှင်. . ."

အံ့ဩ ဒေါသထွက်လွန်းကာ စကားတို့က ထစ်ငေါ့၍ မထွက်။

ဘွဲ့ဖြူက မိုးရဲ့အိပ်ရာထက်မှာ ခြေတွဲလောင်းချ၍ မိုးကို ကျောခိုင်းထိုင်ကာ တစ်ဝက်ကျိုးနေသည့် သူ့လက်ကြားထဲက စီးကရက်ပြာမှုန့်တို့ ခြွေချသည်။

"ကိုဘွဲ့ဖြူ. . . ရှင်. . . ဒါဘာလုပ်တာလဲ. . . ဒီအခန်းထဲကို ဘယ်လိုလုပ် ဝင်နေတာလဲ. . . ဒုက္ခပါပဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



ဒေါသအစား အံ့ဩခြင်း ရှက်ခြင်းတွေသာ ကြီးစိုးလျက် တစ်စုံတစ်ယောက် မြင်သွားလျှင် ဟူသော စိတ်တို့သာ ဖိစီးနေသည်။

"ငါ... ညကတည်းက မင်းရဲ့ဘေးမှာ ရှိတယ်..."

"ဘာ..."

မိုး အိပ်ယာပေါ်က လျှောဆင်းကာ သူ့ရှေ့မှာ ရပ်လိုက်၏။

"ရှင်... ဘာစကားပြောလိုက်တာလဲ... ထပ်ပြောစမ်းပါ"

ဘွဲ့ဖြူက အေးဆေးစွာ မတ်တပ် ထရပ်သည်။

လက်ထဲက စီးကရက်ကို ပစ်ချ၍ ပြုံးသည်လည်း မကြည်သော ခပ်တွန့်တွန့် နှုတ်ခမ်းတို့နှင့် စူးစိုက်ကြည့်၏။

"ထပ်ပြောလည်း ဒီစကားပဲလေ... ဘာပဲဖြစ်ဖြစ် ခုချိန်ကစပြီး မင်းငါ့ကို လက်ထပ်ရတော့မယ်..."

"ဘာပြောတယ်..."

မိုး လက်တစ်ဖက် ရိပ်ခနဲ မြောက်တက်သွားသည်။

ဘွဲ့ဖြူက လက်ကို ဖမ်းကိုင်ကာ နှုတ်ခမ်းတို့ကို တင်းတင်းစေ့၍ ကြည့်သည်။

"သိပ်မြင့်မားတဲ့ မင်းရဲ့မာနတွေ ပလပ်စတစ် ကောက်သမားတစ်ယောက်ရဲ့ မိန်းမအဖြစ် ဇာတ်သိမ်းရတော့မယ်..."

"ရှင်... ရှင် မယုတ်မာနဲ့နော်... လက်ကိုလွှတ်..."

မိုး ရုန်းနေစဉ်ဆဲ...

"သမီး... သမီးလေး..."

တံခါးခေါက်သံနှင့်အတူ မေမေ့အသံကို မိုး ကြားလိုက်ရလျှင် မိုးကြိုး ပစ်ချခံလိုက်ရသည့်နှယ် ရုတ်တရက် အပူစီးကြောင်းကြီး တစ်ခု





ချဆောင့်ကာ ခေါင်းထဲမှာ ပြိုးပြက်ပြက် လက်သွားလေသည်။

"တံခါးက စေ့ထားပါလား... ဒီကောင်မလေး နိုးပြီးမှ ပြန်အိပ်တာ ထင်ပါတယ်..."

တံခါးက ရှပ်ခနဲ ပွင့်သွားသည်။

ပေါ်လာသည့် ဒေါ်နုယဉ် မျက်နှာသည် မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ဖွေးခနဲ သွေးဆုတ်သွားလေသည်။

"သ... သမီးလေး..."

ဘွဲ့ဖြူက မိုးလက်ကို လွှတ်၍ မျက်နှာလွှဲနေသည်။

"ဟဲ့... ညည်း သမီး နိုး..."

စကားတစ်ပိုင်း တစ်စနှင့် မျက်လုံးကြီး ပြူးသွားပြန်သူကနောက်ထပ်ရောက်လာသည့် ဒေါ်ကြာပုံ။

ဒေါ်နုယဉ် နှုတ်ခမ်းတို့ တဆတ်ဆတ် တုန်လာကာ...

"ညည်း... ညည်း မိုက်လှချေလား ဟင်..."

"မဟုတ်ဘူး မေမေ... သမီး..."

"တော်စမ်း..."

ခုမှနေပင် ခေါင်းမပြူတတ်သေး။

အခန်းထဲမှာ ပွထနေသော စီးကရက်တိုများလည်း သက်သေပြတော့ မှန်တင်ခုံ ကုလားထိုင်ကျောမှီမှာ ဘွဲ့ဖြူရဲ့ ခပ်စုတ်စုတ် အပေါ်အင်္ကျီပုံက ဖြစ်သလို တင်ထားလျက်...

ရှက်လွန်းသဖြင့် ဒေါ်နုယဉ် မျက်ရည်တွေ လည်လာသည်။

"မေမေ... အထင်မလွဲပါနဲ့ မေမေရှယ်... သမီး ဘာမှမသိဘူး... အဲဒါ သူလေ..."



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါ... မပြောနဲ့... ငါဘာမှ မကြားချင်ဘူးဆိုတာ ညည်းသိပ်ကို သိက္ခာမဲ့တဲ့ မိန်းကလေး မိဘမျက်နှာကို အိုးမဲ သုတ်တဲ့မိန်းကလေး..."

"ဘာမဟုတ်တာလဲ ဟင်... တစ်ညလုံး နှစ်ယောက်တည်း အခန်းထဲမှာ ချိန်းတွေ့နေပြီးမှ..."

"မဟုတ်ဘူး..."

"ကဲ... မဟုတ်ဦး..."

မိုး ပါးကို ဒေါ်နုယဉ် 'ဖြန်းခနဲ' ရိုက်ချလိုက်သည်။

"ဟော့... ဘာဖြစ်တာလဲ..."

ထပ်ဝင်လာလိုက်ကြတာ လူတွေ အကုန်...

ဦးမိုးမြင့်မောင် မျက်နှာကြီးက ပုစွန်မျက်လုံးကဲ့သို့...

မိုး ချုံးပွဲချငိုကာ အားလုံးရှေ့မှ ပြေးထွက်လာခဲ့လေသည်။

ဘာမှမဟုတ်ပါဘဲ မိုး ဘဝပျက်ခဲ့ပြီ...



'မွေးနေ့ပွဲလည်း မလုပ်ဖြစ်ခဲ့ပါ။

ဘွားဘွားနဲ့ ဧည့်သည်တွေလည်း ဒေါသအရှက်ရခြင်း များစွာနှင့် ပြန်သွားခဲ့ကြပြီ။

အိမ်မှာ မိုးတို့ မိသားစုနှင့် မိုးနဲ့ဘဲ့ဖြူ ကိစ္စ ဆုံးဖြတ်ဖို့ အိမ်နီးပါးနီး အနည်းငယ်သာ ကျန်ခဲ့လေသည်။

မိုးကတော့ ဘယ်သူ့ကိုမှ စကားမပြော။

မျက်နှာချင်းသည်း မဆိုင်ဘဲ အခန်းထဲက လုံးဝမထွက်ပေ။

"ကျွန်တော်နဲ့မိုး ရုံးမှာလက်မှတ် ထိုးပြီးကြပါပြီ... မင်္ဂလာပွဲကို ကျင်းပဖို့တော့ လုံးဝမဖြစ်နိုင်ပါဘူး... ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က ပလပ်စတစ်ကောက် ဝယ်ရောင်းနဲ့ အသက်မွေးတဲ့ သူမို့ ကျွန်တော့်ဘက်က ကိုယ့်အထုပ် ကိုယ်ဖြေသလိုလည်း အဖြစ်မခံနိုင်ပါဘူး..."

စကားပြောပုံက မိုးတို့ ဦးတို့ သိက္ခာကျမှာစိုးလို့ ဘာညာဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မျိုးမလဲဟာ။

ခပ်တည်တည် ခပ်ရင့်ရင့်ပဲ ဖြစ်သည်။

အခန်းတံခါးကို ကျောနှင့် မှီကပ်ရင်း နားစွင့်နေမိသည့် မိုး နှုတ်ခမ်းလေးကို ဖိကိုက်ထားမိလေသည်။

"နောက်တစ်ချက်က မိုးက ကျွန်တော် လက်ထပ်ထားတဲ့ မိန်း ဖြစ်သွားပြီမို့ သူ့ကို ကျွန်တော် ခေါ်သွားမှာပါ..."

"ဘာကွဲ့..."

ဒေါ်နုယဉ် အသံက ဒေါသကြောင့် မာထန်နေလေသည်။

ပတ်ဝန်းကျင် အလယ်မှာ ဒီစကားတွေ ပြောနေသူက ကိုယ့် သားမက် အကျီချိုင်းပြဲ ဦးထုပ်စုတ်နှင့် ပလပ်စတစ် ကောက်သမားရုပ် တကယ့်ကို ပီပြင်အောင် သရုပ်ဖော်ထားသည့်သူ။

အချိန်ပြည့် မေတ္တာထားနိုင်ခဲ့ပါသော ဦးမိုးမြင့်မောင်သည်ပင် ထိုအဖြစ်ကို လက်ခံနိုင်အောင် ဘယ်လိုမှ မကြိုးစားနိုင်ဘဲ ရက်စွဲ့စိတ် ကြောင့် မျက်နှာကြီးနီကာ တင်းပြတ်လျက်ရှိလေသည်။

"ဒီလိုပါ အန်တီ... ကျွန်တော်က ပလပ်စတစ် ကောက်သမား ပါ..."

"မင်းဒါကို ဘာဖြစ်လို့ ဂုဏ်ယူဝင့်ကြွားစွာ ထည့်ထည့်ပြောနေ ရသလဲ..."

ဒေါ်နုယဉ် မည်သို့မျှ သည်းမခံနိုင်ပြီမို့ အော်ပစ်လိုက်မိသည်။

ဘွဲ့ဖြူက လှစ်ခနဲ ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ... ဒါကို ထည့်မပြောတော့ပါဘူး... ကျွန်တော် ပြောချင်တာက ဒီအိမ်မှာ မိုးရဲ့ခင်ပွန်းအဖြစ် ကျွန်တော် မနေနိုင်ပါဘူး





မိုးကိုလည်း မခွဲနိုင်တဲ့ အတွက် မထားခဲ့နိုင်ဘူး..."

"မင်းက ဘာဖြစ်လို့ ဒီမှာ မနေနိုင်ရတာပဲ... ငါ့သမီးကို ယူပြီး တော့များ ပလပ်စတစ် ကောက်ကျွေးဦးမလို့လား ဟင်..."

"ဒါကို ကျွန်တော် စဉ်းစားမှာပါ... ဒါပေမယ့် ဒီအလုပ် လုပ် ဖြစ်သည်ဖြစ်စေ မလုပ်သည်ဖြစ်စေ... ဒီမှာ ရှိတဲ့လုပ်ငန်းတွေကိုလည်း ကျွန်တော် ဘာတစ်ခုမှ မလုပ်နိုင်တဲ့ အတွက် အများအမြင်မှာ သူဌေး သမီးကို ယူပြီး ထိုင်စားနေတယ်လို့ အပြောမခံနိုင်ဘူး...

...ဒါကြောင့် မိုးကို ကျွန်တော် ခေါ်သွားမယ်... ကျွန်တော့် အစွမ်းအစနဲ့ ကျွန်တော် ရှာဖွေကျွေးမယ်... မိုးနဲ့ ပတ်သက်တဲ့ အမွေ ခွဲ့စည်းအစစကို အန်တီတို့ လှူပဲပစ်ပစ်... လွှင့်ပဲပစ်ပစ်... ကျွန်တော့် အပေါ် မကျေနပ်သမျှ ကြိုက်သလို လုပ်ပစ်လိုက်ပါ... ကျွန်တော်က မိုးကိုပဲ လိုချင်တာ..."

ဒေါသဖြစ်လွန်း၍ ဒေါ်နုယဉ် ဘာပြောရမှန်း မသိ။

ဒီသမီးလေး တစ်ယောက်ပဲ ဖူးဖူးမှုတ် မွေးထားတဲ့ဟာ အမွေ တွေကို လွှင့်ပဲပစ်ပစ်တဲ့...

မိုးကို ရရင်ပြီးရောတဲ့...

ဒါဆို ဒီအိမ်ထဲက ဝင်လာတာ သမီးကို လိုချင်လို့ပေါ့...

ဒီလိုပြောတော့လည်း သူ့ကို ဦးမိုးမြင့်မောင် ကိုယ်တိုင် ရှာဖွေ ခေါ်လာခဲ့တာ ဖြစ်သည်မို့...

"သမီးကို မင်းပိုင်ပေမယ့် လုံးဝမထည့်နိုင်ဘူး မောင်ဘွဲ့... သမီးကို ငါတို့ ဘယ်လောက်ပဲ စိတ်ဆိုးဆိုး... သမီး ဘယ်လောက်ပဲ ...ကိုက်... သမီးက ငါတို့ရဲ့ သမီး တစ်ဦးတည်းသော သမီး... ငါတို့ရဲ့

www.burmeseclassic.com



အသည်းနှလုံး မင်းခေါ်သွားပြီး. . တဲစုတ်ပေါ် ခေါ်တင်ထားမှာကို ..
ဝခွင့်မပြုနိုင်ဘူး. . ."

"ကျွန်တော်ကတော့ ခေါ်ရမှာပါပဲ. . . ကျွန်တော် လက်ထ..
ထားပြီးတဲ့ မိန်းမမို့ ကျွန်တော် ခေါ်ခွင့်ရှိတယ်. . . သူ့ဘဝကို ကျွန်တေ..
တာဝန်ယူပြီး ခေါ်ရရင် အိမ်ထောင်သည်ဘဝ ဖြူသလား မည်းသလာ..
ငါသမီး သိစမ်းပါစေဆိုပြီး အန်တီတို့ကလည်း ရဲရဲကြီး လွှတ်ပေးသင့်..
တယ်. . ."

"မင်း. . . မင်း. . . ဖိုး. . . မပြောနဲ့ကွာ. . ."

ဒေါ်နုယဉ် မျက်ရည်ပါကျလာလျှင် အနားမှာ ရှိနေကြသည..
လူကြီးတွေပါ မနေသာတော့ပါ။

"သူတို့ချင်းလည်း မေတ္တာရှိလို့ လက်ထပ်ကြတာပဲ. . .
ဒေါ်နုယဉ် သူပြောတာလည်း သိပ်တော့ မဆိုးလှပါဘူး. . ."

"ဟုတ်ပါတယ် ခင်ဗျာ. . . ကျွန်တော်တို့က မိဘချင်း ကိုယ်ချင်..
မစာလို့ ပြောတာ မဟုတ်ပါဘူး. . . ကလေးမနဲ့ ပတ်သက်တဲ့ အမွေ..
တောင် သူ အားမကိုးဟဲ ခေါ်နေတာဟာ ယောကျ်ားပီသတဲ့ စိတ်ပါ. . .

. . . လင်ရယ်မယားရယ် ဖြစ်လာပြီဆိုရင် မိဘ အားမကိုး..
ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တာ အကောင်းဆုံးပါပဲ. . . ဒီတေ..
ကလေးမလေးကို ခေါ်မေးစေချင်ပါတယ်. . . သူသာ လိုက်မယ် ..
ရင်. . ."

ဒေါ်ညွှန့်ခန်းနှင့် မျက်နှာချင်းဆိုင်နေသော လှေခါးကြီးရဲ့ ခြေရင်..
တံခါးတစ်ချပ် ပွင့်သွားသည်။

မိုးက မျက်နှာ တင်းတင်းလေးနှင့် လက်သီးလေး နစ်ဖက်ဆ..





..ာ တစ်လှမ်းချင်း ထွက်လာလေသည်။

"မိုး. . . သူနဲ့လိုက်သွားမယ်. . . မမေ. . ."



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

"သမီး. . . သမီးလေး. . ."

အငှားကားလေးနဲ့ ပါသွားသည့် သမီးနောက် ဒေါ်နုယဉ် ပြေးလိုက်မတတ် ခေါ်လျက် ကျန်ခဲ့လေသည်။

"မင်းမငိုပါနဲ့ကွာ. . . သမီးလေး ဒုက္ခရောက်ပါ့မယ်. . . မိဘမျက်ရည်တစ်စက် သားသမီး ဆင်းရဲတစ်သက်တဲ့. . ."

"မငိုဘဲ နေနိုင်မလား အစ်ကို. . . ကျွန်မ သမီးလေးကို အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဆွဲချသွားတာ. . . ကျွန်မ ဘယ်လိုလုပ် စိတ်ချမ်းသာနိုင်မှာလဲ. . ."

ဦးမိုးမြင့်မောင်လည်း ငိုချင်ဟန်ပပနှင့် မျက်နှာကြီး နီရဲလျက်ရှိလေသည်။

ယောက်ျားကို အစကတည်းက ချိုသည် ခါးသည် မဝေဖန်ခဲ့ဖူးသလို ချစ်ခင်ရိုသေရင်းစွဲ ရှိခဲ့သူမို့သာ 'အစ်ကိုကြောင့်' ဆိုတဲ့စကားမျိုး ဒေါ်နုယဉ် ဆိုမလာပေမယ့် ရင်ထဲမှာတော့ ရှိနေမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးမြင့်မောင် ကြေကွဲမဆုံးဖြစ်နေမိလေသည်။

"ဘွဲ့ဖြူဟာ ဘယ်ကပေါ်လာမှန်း မသိ. . . ဘယ်လို လူစားမှန်း မသိ. . ."

ဒေါ်နုယဉ် ငိုကြီးချက်မနဲ့ ပြောနေဆဲ. . .

"ရွှေရယ် ငွေရယ်လို့လည်း ခင်တွယ်ရမှန်း မသိ. . . သမီးကိုလည်း နှစ်နှစ်ကာကာ ချစ်တာမှ ဟုတ်ရဲ့လား. . . အို. . . သမီးနဲ့ ချစ်သူတွေဆိုတာ ကျွန်မ လုံးဝမယုံနိုင်ဘူး. . . သူ မကြည်ဖြူဘဲ အခန်းထဲမှာ တစ်ညလုံး လက်ခံစကားပြောနေမှာတဲ့လားကွာ. . .

. . . ပြီးတော့ ကိုယ်ချင်းတွေ့တာဆိုလည်း အကြောင်း မဟုတ်ဘူး. . . အိမ်မှာ ညှော်သည်တွေ မျက်နှာစုံညီ ရှိနေတဲ့ အချိန်ကြီးကျမှ ဒီလိုမဖွယ်မရာ တွေ့ရတာကို ဒို့က မယေးစားဘဲ နေလို့ရတော့မလား"

"အဲဒီ ပတ်ဝန်းကျင်ဆိုတာကိုလည်း ကျွန်မ စိတ်နာတယ်. . . ပတ်ဝန်းကျင် ပြောလာဆိုလာမှာတွေကို စိုးပြီး လက်ထပ်ပေးလိုက်ရတာ ရွှေပင်နားတော့ ရွှေကျေးပဲလို့ ဖြေသိမ့်ပြီး လက်ထပ်ပေးခဲ့တာ. . . ခုတော့

. . . တစ်ဦးတည်းသော သမီးကို ယူပြီး ရွှေဘုံပေါ် ထိုင်ပါဆိုတာတောင် မထိုင်နိုင်ပါဘူးဆိုပြီး သမီးလေးကို အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ခေါ်သွားတယ်. . . ဒါ လုံးဝမကျေနပ်ဘူး. . . ဘွဲ့ဖြူ သက်သက်လုပ်တာ. . ."

ဦးမိုးမြင့်မောင် ဘာဖြေရမှန်း မသိတော့ပေ။

ဩသယ ဖြစ်ဖွယ်တွေက အများကြီး. . .

လောကမှာ မကြီးပွား မချမ်းသာချင်ပါဘူးဆိုတဲ့ ပုထုဇဉ်မျိုးရှိသလား. . .





ဘွဲ့ဖြူက ဘာမှမမက်မော. . .

သူကိုယ်သူ အခြေအမြစ် မရှိတဲ့ လူအဖြစ်လည်း အားငယ်သိမ်ငယ်ခြင်းတို့ လုံးဝမရှိ၊

ဖြစ်သလိုလည်း နေသည်။

သူပြောချင်တာကိုလည်း ပြောခဲ့သည်။

ခုလုပ်သွားပုံက သမီးကို ရည်ရွယ်ချက် တစ်ခုခုနဲ့များ ခေါ်သွားလေသလား. . .

"ကျွန်မကို သမီး ကန်တော့ရင်း ပြောသွားတယ်. . ."

ဒေါ်နုယဉ် ဆက်မပြောနိုင်ဘဲ မျက်ရည်အေးကျလာပြန်သည်။

"သမီး ထားခဲ့သမျှ မာနတွေ သိက္ခာတွေ ဘာမှမရှိတော့ပါဘူး ဆီးဝါးလွန်းတဲ့ သမီးရဲ့ ကံကြမ္မာကိုလည်း သမီး စိတ်နာတယ်. . . ကိုယ်ဖြစ်ချင်သလို မဖြစ်ရဘဲ. . . သူများ သဘောကျ ဖြစ်ပေးလိုက်ရတဲ့ ဘဝကို မေမေလည်း ခွင့်ပြုလိုက်ပါ. . . သမီးလည်း ဆုံးဖြတ်ပြီးပြီ. . .

. . . ခုချိန်မှာ အသုရာချောက်ထဲတိုပဲ ဖြစ်ဖြစ် သမီး ခုန်ချဝံ့တယ်. . . ပတ်ဝန်းကျင် မျက်နှာတွေနဲ့ ဝေးတဲ့ဆီ သမီးသွားပါရစေ မေမေ. . . ဒီမှာနေ နေလည်း သူ့ရဲ့မဟာဂုဏ်ပုဒ်ကြီးကို လူလာတိုင်းပြောပြောတိုင်း မေမေတို့ သိက္ခာကျမှာ ဒါ့ကြောင့် အားလုံးအတွက် သမီး ဆုံးဖြတ်လိုက်တာပါ. . ."

ငိုနေတဲ့ သမီး မျက်နှာလေးကို ခုထိ မြင်ယောက်နေဆဲ. . .

"တကယ်တော့ သမီးလေးက ကျွန်မတို့အတွက် အနစ်နာခံသွားတာ ဘွဲ့ဖြူဟာ မာဒင် လုပ်တဲ့ ပုံမျိုးလာလုပ်သွားတာ သိလား. . . သူသမီးရဲ့ သတင်းကို ကြားပြီး သမီးမာနကို ချိုးဖို့ သက်သက်လေ့က်



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့သူ. . ."

"ဒါတော့ မဖြစ်နိုင်ဘူး နယဉ်. . . ဖြစ်ခဲ့သမျှကို ငါ အထပ်ထပ် ပြန် စဉ်းစားခဲ့ပြီးပြီ. . . ဒီကို ရောက်လာဖို့ သူဖန်တီးခဲ့တာ တစ်ခုမှမရှိဘူး. . . ကိုယ်ကိုယ်တိုင် လမ်းပေါ်ကနေ ကားပေါ်ဆွဲတင်ပြီး ခေါ်လာတဲ့ ကိစ္စ သူ့ဒီမှာ မနေဘူးဆိုလို့တောင် ငါလိုက်လျောမှုတွေ ပေးခဲ့ရသေးတယ်. . .

. . . ကံကြမ္မာကိုက ဒီလိုဖြစ်ချင်လို့ ငါ့သူ့အပေါ် အထင်ကြီး စိတ်ဝင်ခဲ့မိတာ ဒါ ငါကြောင့် ငါသူ့ကို ခေါ်မလာရင် သမီးလေး ဒုက္ခရောက်မှာ မဟုတ်ဘူး. . ."

"သူ့ကိုပဲ ကျွန်မ နားမလည်တာ. . . သမီးကို ဘာကြောင့် လက်ထပ်တာလဲ. . . ချမ်းသာချင်လို့လည်း မဟုတ်ဘူး. . . သမီးနဲ့ ချစ်သူတွေ ဖြစ်ခဲ့ဖူးတာလည်း မရှိခဲ့ဘဲနဲ့. . ."

ဒေါ်နယဉ် မျက်ရည်သုတ်၍ မျက်နှာမော့လာသည်။

"အဲဒါ သမီးက မင်းကို ဘာပြောသလဲ. . ."

"သမီးလေးဟာ သူ့ဘဝကိုသူ အတော်လေး ထိခိုက်ခံစား သွားရပုံပါပဲ. . . အစက လူတွေစုံနေတုန်း မဟုတ်ဘူး. . . မဟုတ်ဘူးနဲ့ ငြင်းရှာတာ. . . ကျွန်မလည်း ရှက်ပြီး လုံးဝ အပြောမခံမိဘူး. . . ခုနောက်ပိုင်း ဘာမှကို ထပ်မပြောတော့ဘူး. . .

. . . ဘွဲ့ဖြူကို ဘာဖြစ်လို့ အခန်းထဲထိ ခေါ် တွေ့တာလဲလို့ မေးကြည့်သေးတယ်. . . သူ ဘာမှမရှင်းတော့ဘူး. . . 'သမီး သူ့ကို လက်ထပ်ခဲ့ရပြီပဲ မေမေ' တဲ့. . ."

ဒေါ်နယဉ် မျက်ရည်တွေလည်း လာပြန်သည်။





"ဘာပဲဖြစ်ဖြစ်. . . ဒို့သမီးလေးဟာ ဘဝင်မြင့်တတ်. . . အပြောဆိုဆေတတ်တာကလွဲရင် မိဘအပေါ် အလေးထား ချစ်ခင်ခဲ့တဲ့ သမီးပါ အပေါ် ဘာတစ်ခုမှ မစော်ကားခဲ့ဖူးဘူး. . . သူ့ကို ရတနာ သုံးပါးစောင့်ရှောက်ပါစေ. . ."

"ခု သမီးကို ဘယ်ခေါ်သွားတာလဲ ဟင်. . ."

"ပြောမသွားဘူး. . . ဒါပေမယ့် သူနေခဲ့တဲ့ အိမ်ပဲဖြစ်မှာပေါ့. . . ငါသိတယ်. . ."

"ဘယ်လိုအိမ်လဲ. . . အစ်ကို စုတ်ပြတ်လို့လား. . . အဲဒါ ဘွဲ့ဖြူအိမ်လား. . ."

ဦးမိုးမြင့်မောင် အဖြေရခက်ရင်း. . .

"သူ့အိမ်တော့ မဟုတ်ဘူး ထင်တာယ်. . . လူတွေအများကြီးပဲ"

"အမလေး. . . ဒုက္ခပါပဲ. . ."

ဒေါ်နယဉ် မျက်ရည်ပေါက်ပေါက် ကျပြန်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ဦး. . . သမီးတို့ ဘာလုပ်ပေးရဦးမလဲ ဟင်. . ."

"ရပြီ. . . သမီးရေ. . . ကျေးဇူးပဲကွာ. . ."

"ဦး. . . သားသားတို့ အိမ်မှာ အန်တီနဲ့ တီဗွီလာကြည့်နော်"

"အေး. . . လာကြည့်မှာပေါ့. . ."

"အစ်ကိုရေ. . ."

အိမ်ပေါ်မှာ ကလေးတွေရော လူကြီးတွေပါ ဆင်းလိုက်**တက်**လိုက်နှင့် ရှုပ်ယှက်ခတ်နေတော့သည်။

ဒါပေမယ့် စားပွဲခုံရဲ့ဘေးမှာ ထိုင်၍ မေးငေးထောက်နေသော မိုးမျက်နှာ တည်တည်ကြောင့် မိုးကိုတော့ ဘယ်သူမှ နှုတ်မဆက်ကြပါ။

"အစ်ကို"

အွန်စေတို့လို ဆံပင်ကို ခပ်ဝဲဝဲလေး ဖြန့်ချထားလျက် ဖြူဖြူ ချောချော ကောင်မလေး တစ်ယောက် ပြေးတက်လာသည်။





ခရမ်းနဲ့ အပြာရောသော ကချွက်ကီ တံဆိပ်ပါ ဘော်**စုံလေးပင်** မလဲရသေးသည်မို့ အလုပ်က ပြန်ရောက်ရောက်ချင်း ဒီဘက်**ကူးလာခဲ့**မှန်း သိသာလှ၏။

"အတာပါလား. . . အလုပ်က ပြန်လာတာလား. . ."

ဘွဲ့ဖြူက ဘုရားစင် ရှိက်နေရာမှ လှမ်းနှုတ်ဆက်သည်။

"အစ်ကို. . . ဒီရောက်ဟောပြီဆိုလို့ ဝမ်းသာလွန်းလို့ ဒီမှာ လမ်းမှာ ရေဆာလာတာတောင် မေ့သွားတယ်. . ."

ပြော၍ အတော့မျက်နှာ ပြုံးပြုံးလေးက မိုး ထိုင်နေတဲ့ဆီ ရောက်သွားသည်။

"အစ်ကိုမိန်းမက. . . ဟိုမမလား ဟင်. . ."

"ဟုတ်တယ်. . . မချောဘူးလား. . ."

အတော့အသံ ရုတ်တရက် ထွက်မလာဘဲ အတော်ကြာမှ. . .

"ချောလိုက်တာ အရမ်းပဲ အစ်ကို. . . ဘယ်သူနဲ့ တူပါတယ်လို့ နှိုင်းပြရမှန်းတောင် မသိဘူး. . ."

အဘက မိုးနား လျှောက်သွား၍ ဘေးက ကုလားထိုင်မှာ ဝင်ထိုင်ချကာ. . .

"မမက မိုးမကေခြင့်ဆိုတာလား ဟင်. . ."

မိုးက ခပ်ယဲ့ယဲ့လေး ပြုံး၍ ခေါင်းညိတ်ပြသည်။

သူနဲ့ပတ်သက်သမျှ ဒီအဖွဲ့ ဒီအသိုင်းအဝိုင်း အားလုံးဟာ ဒါမျိုးတွေပဲ ဖြစ်မှာပေါ့. . .

အားလုံးကို အထင်ကြီးလို့ မရနိုင်စွာ မိုး မျက်နှာက အပြုံးတစ်ခုကို ဘယ်လိုမှ ပီပြင်အောင် ဖန်တီးလို့ မရနိုင်ဘဲ ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ရှင်းအဖြစ်ကို အိမ်ရောက်လာသည့် ကလေး လူကြီး အားလုံးက အမှတ်ထားပုံ မရကြပေ။

အတာကလည်း အပြုံးမပျက် ရှိလျက်. . .

"မမက သိပ်လှတာပဲ. . . အတာ အားကျလိုက်တာ. . . ဆံပင်တွေက အတုအုပ်ထားသလိုပဲနော်. . . တစ်ချောင်းချင်း အိစင်းနေတာပဲ. . . ပြီးတော့ အုပ်ခဲပြီး အရှည်ကြီးပဲ. . . အတာတို့ဆို ဒီဆံပင်ပျော့အောင် ဆေးတင်ရတာ. . ."

အတာက သူ့ဆံပင်တိုလေးတွေကို ဆွဲခါပြသည်။

မိုး ပြုံးသလိုလေး နေရပေမယ့် မပြုံးဖြစ်ပါ။

ငှငှလေး ထိုင်လျက် အားလုံးပြန်သွားကြလျှင် ပြတင်းပေါက် တံခါးလေး နားမှာသွား ရပ်နေလိုက်သည်။

ကိုယ့်အိမ်မှာဆို ခုလို ပြတင်းမှာ ရပ်လိုက်စမ်း. . .

ဘယ်ပြတင်းဝမှ ရပ်ရပ် ပန်းရောင်စုံတွေနှင့် မွှေးရနံ့တွေ သင်းနေခဲ့သည်သာ. . .

ခုမျက်စိအောက်မှာ ရှိနေသည်က ဟိုဘက် ဒီဘက် အိမ်ကြားမှာ နွံ့ဗွက်တွေနှင့် ကျွတ်ကျွတ်အိတ် အမှိုက်များ ချဉ်ပေါင်ရွက်သင်ပြီး ပစ်ထားသည့် အရိုးများနှင့် နောက်ဖေးဖက်မှဆို ဘာမှန်းမသိနိုင်သော အပင်မျိုးစုံက ဖြိုထနေသည်။

ဒီလို ရပ်ကွက် ဒီလို အဆင့်အတန်းမျိုးမှာ ဒီလို အိမ်မျိုးလေးနဲ့ နေရမယ်ဆိုတာ အိပ်မက်ထဲမှာတောင် ထည့်မမက်ခဲ့ဘူးပါလား. . .

"မင်း ဘာရပ်လုပ်နေတာလဲ မိုး. . ."

ဘွဲ့ဖြူအသံက ပျော့ပြောင်းခြင်း မရှိ။





"အိမ်နီးပတ်ဝန်းကျင်က ခွေးချွေးထွေးထွေး ကြိုဆိုတာကို မင်း ဘုန့်ပြန်တာ ရှိုင်းလှခဲ့လား. . ."

မိုးက လှည့်မကြည့်ခဲ။

"ကျွန်မ ဒီလိုပဲ နေတတ်တယ်. . ."

"ဒီလိုပဲ နေတတ်လို့ မရဘူးလေ. . . မင်းက မိဘအရိပ်မှာ နို့ ဆက်ခံနေရမယ့် အရွယ်မှ မဟုတ်တော့ဘဲ. . . ငါ အပြင်ထွက်ရင် မင်း မှာ နေခဲ့ရမယ်. . . အဲဒီ အကူအညီ လိုလာရင် မင်း သူတို့ကိုပဲ အား ကိုးရမှာ. . ."

မိုးက ဆတ်ခနဲ လှည့်လာ၍. . .

"ရှင့်ကိုပဲ အားကိုးမယ်လေ. . . ရှင်ပဲ ကျွန်မ ဘဝကို တာဝန် ယူမယ်ဆို. . . ကျွန်မက ယောကျာ်းယူထားပြီး တစ်ရပ်ကွက်လုံးကို အား ကိုးအားထားပြုနေရမှာလား. . ."

"မင်း တော်တော် နားဝေးပါလား မိုး. . ."

ဘွဲ့ဖြူက စိတ်ပျက်သည့် မျက်နှာနှင့် အခန်းထဲ ဝင်သွားသည်။

"လာ. . . ဒီမှာ. . . မင်း အိပ် သာလာလပ်. . ."

ဘွဲ့ဖြူက စောင်နဲ့ခေါင်းအုံး ပိုက်၍ ပြန်ထွက်လာကာ ဘုရား စင်အောက်က တစ်ယောက်အိပ် ကန့်လန့်လေးမှာ သွားချ၏။

အခန်းထဲမှာ နှစ်ယောက်အိပ်ကုတင် တစ်လုံးနှင့် ဖျာအဟောင်း တစ်ချပ်။

ဘယ်လိုလမ်းမျိုး အိပ်သွားတဲ့ ကသင်မှန်း မသိ
ဘယ်လိုဖြစ်ခဲ့တဲ့ နေရာမှန်း မသိ
မိုး ကုတင်ဘေးမှာ ခြေစုံရပ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ညားခါစ တက္ကသိုလ်ကျောင်းသား လင်မယား နိုးလာပြီး အိပ်သွားခဲ့တဲ့နေရာ. . . ကြာလည်းကြာနေပြီ. . . ဖျာအဟောင်းကို ဖယ် ဟောဟိုမှာ သင်ဖြူးအသစ် ရှိတယ်. . . အဲဒါခင်း ဟိုစင်နပါမှာ အိပ်ယာ ခြင်ထောင် အခင်းအသစ်တွေ သွားယူ. . ."

ဘွဲ့ဖြူက အထဲပြန်ဝင်လာ၍ ပြောသည်။

ပြီးတော့ မတုန်မလှုပ် ရပ်နေဆဲ မိုး မျက်နှာကို တစ်ချက် ကြည့်၍. . .

"ဘာလဲ. . . မသတီလို့လား. . . အရေးကြုံလာရင် လူသေ ကောင်ပေါ်တောင် ထပ်အိပ်ကြရတယ်. . . မင်းမာနတွေကို ထမ်းပြီး မ အိပ်ဘူးဆိုလည်း သဘောပဲ. . ."

ဘွဲ့ဖြူ ပြန်ထွက်သွားသည်။

မိုး မျက်ရည်လေး လည်လာသည်။

မိုး အခန်းထဲ ဒုဟ်ဝင် မိုးကို ဖွတ်ရအောင် ယူခဲ့ပေမယ့် ကြင်နာခြင်းလည်း မရှိ ဂရုစိုက် လိုက်လျောခြင်းလည်း မပြုခဲ့ပါ။

လက်ထပ်ပြီးတော့ မေမေတို့က နှစ်ယောက် အိပ်ခန်းပေးခဲ့တာ တောင် သူက မိုးကို လက်ဖျားနဲ့ပင် မထိ။

သူ ဘာကို ရည်ရွယ်တာလဲ. . .

မိုး အိမ်ထောင်ကျခဲ့တာလား. . . ကြိမ်စာသင့်ခဲ့တာလား. . .

သူ့ကို ယောကျ်ားအဖြစ် သတ်မှတ်ရမှာလား. . . ရန်သူလို သဘောထားရမှာလား. . .

သူကလည်း မိုးရဲ့အချစ် မိုးရဲ့နွေးထွေးခြင်းကို မျှော်လင့်တော့ တပုံမျိုး မရှိဘဲ မိုးအပေါ် ထူးကဲသော စိတ်ဝင်စားခြင်းဆိုတာ သူ့မှာ





ဝန်းများမှာ ရှာမတွေ့ပါ။

"ရော့. . . ညစာခုက် ခ်းချုပ်တော့မယ်. . . မြန်မြန်ချက်နော် မီးက မဆင်းရသေးဘူး. . . တော်ကြာ မင်း မှောင်မှောင် မည်းမည်းထဲမှာ ဖယောင်းတိုင်လေးနဲ့ လုပ်နေရမယ်. . ."

နောက်တစ်ခေါက် ဝင်လာတော့ ဘွဲ့ဖြူ အထုပ်တစ်ထုပ်ဆွဲ လာသည်။ တစ်ခုချင်း ဆွဲချပြကာ ဗူးသီး ခရမ်းသီး ရုံးပတီးသီးများနှင့် ဘဲဥ ပြီးတော့ အချိုမှုန့် ဆား နနွင်းက အစ မီးဖိုချောင်သုံး ပစ္စည်းတွေ စုံနေသည်။

"ဒါတွေ ဟိုဘက်က မနှင်း လိုက်ဝယ်ပေးတာ. . . ဈေးမသွားနိုင် တော့ လမ်းထိပ်မှာ ငါးခြောက်နဲ့ ဘဲဥပဲရှိတာ. . . အချိန်က စကောစက ဖြစ်သွားတော့ ဒီည အဲဒါပဲ ဟင်းတစ်ခွက်ချက်ကွာ. . ."

မိုး မျက်နှာလေး ပျက်သွားသည်။ မိုးမှ ဟင်းမချက်တတ်ဘဲ. . .

အမြဲ အဆင်သင့် စားလာခဲ့သည့် ကိုယ့်ဘဝက မဆင်းရဲဖူးခဲ့ တာကို ယောကျ်ားယူပြီး ကိုယ့်ဟာကိုယ် ချက်ရတော့မယ် ဆိုတာလည်း သုံးဝထည့် မတွေးခဲ့မိတာ အမှန်။

"ဟ. . . မိုး မင်းဘာဖြစ်နေတာလဲ. . . မာနက ဘယ်ကလာမှန်း တော့ ငါလည်း မသိဘူး. . . ဒါပေမယ့် အစာအိမ်မှာ မာနမရှိဘူးနော် မင်း အငတ်ခံနိုင်လား. . ."

"အို. . . မိုးမှ ဟင်းမချက်တတ်တာ. . ."

"သိတယ်. . . မင်း ဘာမှမတတ်တာ. . . ဒါပေမယ့် တတ် မတတ်တတ်ချက် အချိုမှုန့်တို့ ဘာတို့ အားလုံးစုံအောင် ပစ်ထည့်ကွာ. . ငန်ငန် တူးတူး. . ."



www.burmeseclassic.com

www.burmeseclassic.com



"ရှင် အရင်ချက်ပြပေါ့. . ."

ဘွဲ့ဖြူ သူ့ဘက်လှည့်လာသည့် မြားကို ဘယ်လိုရှောင်ရမှန်း မသိ။

"ငါလည်း ဘယ်လိုလုပ် ချက်တတ်မှာလဲ. . ."

အဟုတ်ကို သူ မချက်တတ်တာ ဖြစ်သည်။

ဗူးသီး ခရမ်းသီးတွေ ရှေ့ချ၍ မချက်တတ်သည့် နှစ်ယောက် ပါးကုတ် နားကုတ် ဖြစ်ကုန်ကြသည်။

"လာ. . . ဒါဆို မင်းက ဒီအသီးတွေ အခွံနွှာ. . . ငါ ထမင်း ချက်ဖို့ မီးမွှေးမယ်. . . ဟင်းအိုးနောက်မှ ပြင်မယ်ကွာ. . ."

အသစ်စက်စက် ခါးကို မိုးရှေ့မှာ ချပေးခဲ့ပြီ. . . သူက မီးသွေး ဖိုမှာ မီးမွှေးသည်။

ညစာ ထမင်းစားမယ်ဆိုတော့လည်း အသစ်စက်စက် ကြွေပန်း ကန်လေး နှစ်ချပ်နဲ့ ထမင်းတည် အလယ်မှာ ဝါဝါထိန်ထိန် ရေပေါ်လော နှင့် သီးစုံဟင်းက တစ်မျိုးတည်း ထည်ဝါစွာ ရယ်မောလို့. . .

"စားလေ. . ."

ထမင်းပန်းကန်တွေ ရှေ့ထားပြီး တစ်ယောက်ကို တစ်ယောက် စောင့်ကြည့်ရင်း ဘယ်သူမှ စမစား။

"ရှင် အရင်စားပါလား. . ."

"ပြိုင်တူ စားမယ်. . ."

ဆေးပြီးသား လက်တွေကို ပြန်ဆေး၍ ဘွဲ့ဖြူက ဟင်းကို ပန်း ကန်ထဲယူပုံလိုက်၏။

ပထမဆုံး စွန့်စားခန်းလေးမို့ ကိုယ်ချက်တဲ့ ဟင်းလေးကိုယ် စိတ်





င်စားခြင်းဖြစ်ကာ မိုးလည်း ဟင်းတစ်ဇွန်းခပ်သည်။

ပါးစပ်ထဲ မရဲတရဲ ခွံ့ကြည့်လိုက်တော့. . .

"ဟင်. . ."

နှစ်ယောက်လုံး ထမင်းလုတ်တွေက ပါးစပ်ထဲရောက်နေပြီ။

တစ်ယောက်မျက်နှာ တစ်ယောက်လည်း ပြိုင်တူ မော့ကြည့်မိ ကြ၏။

နန္ဒင်းတော်နံ့တော်၍ ငန်တူးနေသော ဟင်းက လျှာပေါ်မှာ မျိုချ သွင် ဝါးကြည့်ဟု ကြိမ်းဝါး ခုန်ပေါက်နေပြီ။

ဘွဲ့ဖြူက လှစ်ခနဲ ပြုံး၍ ဆက်မျိုချပေမယ့် မိုး မျိုမချနိုင်။

နေရာမှ ဆတ်ခနဲ ထကာ ပြတင်းမှာ သွား၍ ထွေးချပစ်လိုက် သည်။

"ဘာဖြစ်လို့လဲ. . ."

"ရှင်မျိုချနေတာ မသိဘူးလား. . ."

"သိသားပဲ. . . ငါတောင် စားနိုင်သေးတာ. . . မင်းလည်း စား ပါ. . ."

"မစားနိုင်ပါဘူး. . ."

"မစားရင် ဝေါ်၂ ၁ပဲ. . . ဝင်ငွေမရှိတာ နှစ်ရက်ရှိပြီ. . . မင်းကို ပြင်မှာ ထွက်ဝယ်ကျွေးစရာ ပိုက်ဆံတစ်ပြားမှ မရှိဘူး. . ."

"ဝေါ်မေ့စေ. . . မစားဘူး. . ."

မိုး လှည့်ထွက်သွားလျှင် ဘွဲ့ဖြူ ကျေနပ်စွာ ပြုံးနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟော့. . . မိုး. . . မိုး. . ."

အပြင်ဘက်မှာ တံခါးခေါက်နေသည်မို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ မိုးလင်းနေပြီ။

"မိုး. . ."

"ဘာလဲ. . ."

"ဘယ်အချိန်ရှိပြီလဲကွ. . . အိမ်ရှေ့မှ လပ်နေပြီး. . . ဒီလော ထိ အိပ်ရသလား. . ."

မိုး အိပ်ယာက ထလိုက်တော့ ပတ်ဝန်းကျင်က ဆူညံအက် လျက်. . .

"မနှင်းရေ. . . စျေးမှာ ပုစွန်တွေ ပေါလိုက်တာဟယ်. . . ေ ကောင်ကြီးတွေ တစ်ရာထဲ. . ."

"ဟုတ်လား. . . အေး ဒါဆို ပြေးလိုက်ဦးမယ်. . . အဝ ကောင်ရော ဟဲ့. . . ကျော်ကျော်. . ."





"ဗျာ. . ."

"ထမင်းအိုး ကြည့်ထားစမ်း. . . ပြီးရင် မလတ်ကို နှိုး. . . ငါ ေးပြေးလိုက်ဦးမယ်. . ."

မိုး နားပင် ပိတ်ပစ်မိတော့ မတတ်။

ကြားထဲမှာ နှစ်အိမ်သုံးအိမ် ခြားနေတဲ့ဟာများ ဟိုဘက်နဲ့ ဒီ ဘက် လှမ်းအော်ပြောဆိုနေကြကာ ကြားကလူတွေ ဘယ်လို နေမလဲ။

ဘယ်သူလာပါ။ ဘယ်သူ ဘာလုပ်နေလဲ။ အော်ခေါ်တာက တစ်မျိုး။

"မိုး. . ."

ဘွဲ့ဖြူက မိုး မျက်နှာသစ်နေတဲ့ နားလျှောက်လာ၍. . .

"မင်းခြေရင်းက အိတ်ထဲမှာ မင်းအတွက် အဝတ်အစား လေးစုံ ယာက်ရှိတယ်. . . အဲဒါ ငါကိုယ်တိုင် ဝယ်ထားတာ. . . ကြိုက်ကြိုက် ကြိုက်ကြိုက် တော်တော် မတော်တော်. . . ဝတ်ပေတော့. . . ဘုရားစင် ပါမှာ ဝိုက်ဆံထားခဲ့တယ်. . . စျေးက ဒီကနေ လျှောက်သွားရင် သိပ် ဝေးဘူး. . . စျေးကြီး မဟုတ်ပေမယ့် အစုံရှိကယ်. . . ကြိုက်တာ သွား ယ်ချက် ငါသွားမယ်. . ."

"ခဏနေဦး. . ."

ဘွဲ့ဖြူက ပြန်လှည့်ကြည့်သည်။

"ရှင်က ဘယ်သွားမှာလဲ. . ."

"ဟောဗျာ. . . ပလပ်စတစ် လိုက်ကောက်မှာလေ. . . ရောင်း သူရှိရင် ဝယ်မယ်. . . အမြတ်နဲ့ ပြန်သွင်းမယ်. . ."

မိုး မျက်နှာလေး ရဲခနဲ ဖြစ်သွားသည်ကို ဘွဲ့ဖြူက ကြည့်၍. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာလီ. . . မင်းက ရှက်လို့လား. . . ရှေးဘုရင်တွေ ခေတ်တုန်းကတောင် ဘုရင့်သမီးနဲ့ သူတောင်းစားသားကြတဲ့ ရာဇဝင်ရှိခဲ့သေးတာပဲ. . . သူဌေးသမီး အလဲသည်နဲ့ ညားတာ မဆန်းပါဘူးကွာ. . ."

ဘွဲ့ဖြူ လှည့်ထွက်သွားသည်။

မိုး အံလေးကြိတ်လျက် တောင့်တောင့်လေး ကျန်ခဲ့သည်။

ရင်ထဲမှာ ဆုံးဖြတ်ချက် တစ်ခုဟာ ကျောက်တိုင် တစ်ခုလို ဖြစ်ထွန်းသွားလေသည်။





"ဘာဟင်းချက်လဲ. . ."

"ကြက်သား. . ."

ဘွဲ့ဖြူ မျက်ခုံးနှစ်ဘက် မြင့်တက်သွားသည်။

"ချက်တတ်သွားပြီပေါ့. . ."

"ဘာဖြစ်ဖြစ်. . . ရှင် မျိုချနိုင်တာပဲ. . . စားပေါ့. . ."

"ဦးရေ. . ."

"ဟေး. . ."

ဘေးအိမ်က သဲသဲလေးက အိမ်ပေါ် ပြေးတက်လာသည်။

"အန်တီ ဈေးသွားတာ သမီးပါတယ် . . . ဦးရဲ့. . ."

"ငါတို့လည်း ပါပါတယ်နော်. . . သူဌေးသမီးကို ယူထားပြီး မီးဖိုချောင်ထဲမှာ မင်းမို့ ပစ်ထားရက်တယ်. . . ငါ့မှာ အမြင်မတော်လို့ ဝင်လုပ်ပေးရသေးတယ်. . ."

"သူ့ကို သင်မပေးလိုက်ဘူးလား. . . မနှင်းရဲ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"သင်ပေးပါဘယ်တော်. . . မိုးက မပွင့်တပွင့်လေးပေမယ့် ချစ်ဖို့ကောင်းပါတယ်. . ."

မနှင်းက ရယ်နေသည်။

မိုးကို သူလှမ်းကြည့်တော့ မျက်နှာမှာ ဒီအတိုင်း အပြောင်သား။

သူ ဝယ်ပေးထားသည့် ဟီရှပ်လက်ပြတ် အနီရဲလေးနှင့် ထမီအနီကို ဝတ်ထားသည်။

မြင်နေကျသို့ ဆံပင်ဖျားလျှားနှင့် မဟုတ်ဘဲ လက်ကိုင်ပုဝါလေးနှင့် နောက်မှာ ဖြစ်သလို စုချည်ထားပုံက ဘေးနှစ်ဘက် ဆံစလေးတွေကပိုကရို ပြန်ကျတာ တကယ့်ကို ချစ်စဖွယ်လေး ဖြစ်နေသည်။

"မိုးက ဘာမှ မချက်တတ်တဲ့ဟာ. . . မင်းက ဘာဖြစ်လို့ ပစ်ထားခဲ့ရတာလဲ. . ."

"ပစ်မထားခဲ့လည်း ကျွန်တော် ကိုယ်တိုင်လည်း ဘာမှမချက်တတ်တာကို ဘာထူးမှာလဲ. . ."

"ဖြစ်တော့မယ်ကွယ်. . . မင်းတို့ လင်မယားဟာ. . ."

မနှင်းက ရယ်လို့မဆုံးတော့. . .

"အိပ်မှာလည်း သေတ္တာတစ်လုံးမှ မရှိပါလား. . . အိမ်ထောင်ပစ္စည်းလေး ဘာလေး ဝယ်ဦးလေ. . ."

"ပစ္စည်းများတော တာဝန်ပိုပါတယ်. . . မနှင်းမှာ ဘာလုပ်ရှုပ်လို့"

"မိုး ဒီလို ဘယ်ဟုတ်မလဲ. . ."

"အမေရေ. . . ဟင်းအိုးထဲ မန်ကျည်းရည် ဘယ်ပြုံ့ကိုက်ရတော့မလား. . ."

သဲသဲ အသံလေး စီခနဲ ထွက်လာမှ မနှင်း ထရပ်လိုက်သည်။





"မထည့်နဲ့ သမီးရေ. . . အမေလာမယ်. . . ကဲ. . . ကဲ. . . ဂါ ပြန်လိုက်ဦးမယ်. . ."

မနှင်း ပြန်သွားတော့ ဘွဲ့ဖြူ အပေါ်အင်္ကျီကို ချွတ်ပစ်လိုက်သည်။

"မင်း ရေမချိုးဘူးလား. . ."

မိုးက ခေါင်းခါသည်။

"မင်း ပံ့စံက မီးဖိုထဲ တစ်ခါဝင်ထားတာ နွမ်းဖတ်နေတာပဲ. . . ရေချိုးလိုက်ပါလား. . ."

မိုးက ခေါင်းခါ၍ အခန်းထဲ ဝင်သွားသည်။

ဘွဲ့ဖြူက နောက်က လိုက်ဝင်လာကာ. . .

"မင်း ဘာဖြစ်နေတာလဲ. . ."

မိုးက နောက်ပြန် လှည့်ကြည့်၍ ခေါင်းပဲခါသည်။

"ဘာလဲ. . . စကားမပြောတတ်တော့ဘူးလား. . ."

"ဘာမှမပြောချင်တာကို ဘာပြောရမှာလဲ. . ."

"ရေသွားချိုး. . ."

"မချိုးချင်ဘူး. . ."

"ဘာဖြစ်လို့ မချိုးချင်တာလဲ. . ."

"ဟာသာ ဟင်းလင်းကြီး ကျွန်မ. . . မချိုးရဲဘူး. . ."

နောက်ဖေးမှာ ရေချိုးဖို့ ထွက်ကြည့်ခဲ့သေးသည်။

အိမ်တွေဆောက်ထားပုံက တစ်အိမ်နဲ့ တစ်အိမ် ကြပ်ညပ်ကာ ဆက်တောင်လောက်သာ ကွာကြသည်။

ပြီးတော့ ခြံကာထားခြင်း မရှိ။



www.burmeseclassic.com

www.burmeseclassic.com



သူ့နောက်ဖေးမှန်း မသိ ကိုယ့်နောက်ဖေးမှန်း မသိ။

မနက်ကဆို ကိုယ့်အိမ်သာထဲမှာ ကျော်ကျော်ဆိုတဲ့ ကောင်လေးက ဝုတ်တုတ် မသိဘဲ စေ့ထားသည့် တံခါးကို မိုးက သွားဆွဲတော့မှ . . .

"အန်တီ . . . ခဏလေးနော် . . . သားတို့ အိမ်သာ မအားလို့" တဲ့ . . .

အန်အသက်မှားနှင့် လူပေါင်းခံ ဝင်နေသည့် အိမ်သာက နှလုံးနာစရာ ကောင်းလှသည်။

နောက်ဖေးမှာ ရေချိုးဖို့ နေရာမရှိ။

အိမ်ရှေ့ ရေတိုင်ကီနားမှာကျတော့လည်း သူ့ရေစည်နဲ့ ကိုယ့်တိုင်ကီကပ်လျက်သား။

ခြံဝန်းမရှိ အကာအရံမရှိ။

သူ့ကိုလည်း မြင်နေရသည်။ သူကလည်း ကိုယ့်ကိုမြင်သည်။

ခုဆို မိုးတို့က ရောက်ကာစ လူသစ်မို့ ဟိုက ကြည့် ဒီက ကြည့် ပတ်ဝန်းကျင်ထဲမှာ တစ်သွေး တစ်မွေးလေး ဖြစ်နေသော မိုးရဲ့အလှက ထင်းနေသလို လူတိုင်းက သတိထားမိ၏။

ဘွဲ့ဖြူ သူဌေးသမီးကို ရလာတယ်ဆိုသည့် သတင်းဟာ မောင်းထုထားတဲ့အတိုင်း . . .

အစက ဘွဲ့ဖြူနေတာ ဒီမှာ မဟုတ်ဘူးတဲ့ . . .

မိုးနဲ့ အတူနေဖို့ကျမှ ဒီဆယ်ပေ အိမ်လုံးလေးကို ငှားခဲ့တာတဲ့

ဒါပေမယ့် ဒီပတ်ဝန်းကျင်ကတော့ သူ့ကို အတော်ရင်းနှီးနေကြတာ ဆန်းနေသည်။

သူကတော့ . . .





"ငါ့အလုပ်က နေရာအနှံ့ ရောက်နေရတဲ့ အလုပ်ပဲ . . . နေရာအနှံ့မှာ အပေါင်းအသင်းရှိတာပေါ့ . . ." တဲ့ ရောက်စက မိုးက ခပ်ငေါ့ငေါ့ မေးခဲ့တာပါ။

လူရှုပ်နေတာကို အမြင်ကတ်၍ ဖြစ်သည်။

"ကဲ . . . ရေမှာ မချိုးခင်ရင် အိမ်ပေါ်မှာချိုး . . . ဟိုမှာ အိမ်ပေါ်ကို ရေဆွဲတင်ပေးထားတယ် . . . သွား . . . သွား . . ."

မိုး အတွေးလွန်နေတုန်း ဘွဲ့ဖြူက အိမ်ပေါ် ရေဆွဲတင်ပြီး သွားပြီ။

မိုး ရေချိုးပြီးတော့ သူက ကိုယ်တိုင် ခူးထားပြီးသည့် ထမင်းပိုင်းမှာ ထိုင်စောင့်နေသည်။

"ဟော့ . . . အင်္ကျီဝတ်တာ ကြာလချေလား . . . ဒီမှာ စောင့်နေတာ . . ."

"မစောင့်နဲ့ ရှင့်ဟာရှင်စား . . ."

"ဘာဖြစ်လို့လဲ . . ."

"ကျွန်မ မဆာလို့ . . ."

ဘွဲ့ဖြူ ခဏငြိမ်နေပြီး သူ့ဟာသူပဲ စားနေသည်။

မျက်နှာကတော့ ကျေနပ်ဟန် မရှိ။



www.burmeseclassic.com

www.burmeseclassic.com

"မိုး. . ."

"ထကွာ. . ."

မိုး တစ်ကိုယ်လုံး ကိုင်ရိုက်ခံထားရသလို ,,ာကျင်ချိန့် နေလျှက် မျက်လုံးတို့က ကျိန်းစပ်နေသည်။

"ထကွာ. . . ဟိုမှာ ပုံထားတဲ့ ကော်ပုံတွေထဲက ရေသန့်ဘူးနဲ့ အရောင်ပါတဲ့ ပလပ်စတစ်ရုပ်တွေ သွားခွဲထားစမ်းပါ. . . ငါ ပစ္စည်းသွား ဝယ်လိုက်ဦးမယ်. . ."

အခန်းဝကနေ လှမ်းပြောရင်း ဘွဲ့ဖြူ ထွက်သွားသည်။

နေ့ရှိသရွေ့ ဒီကော်ရုပ်တွေ အမှိုက်တွေပဲ ကိုင်တွယ်နေရသည်။

ကားပေါ်မှာ ဇော်အိတ်တင် မိတာတောင် ချက်ချင်း ကား ရောင်းပစ်တဲ့အထိ မိုး မာနကြီးခဲ့တာ. . .

ခုတော့ ဒီ ညစ်ပေနေတဲ့ ခြေနင်းပတ်က ကောက်လာရွှံ့တွေ ကို ကိုင်တွယ် ရွေးထုတ်. . .





မလုပ်ချင်ပါဘူးဆိုလည်း. . .

"ဒီအလုပ်က မင်းကို ထမင်းကျွေးနေတာတဲ့. . ."

ဒါကြောင့် မိုး ထမင်းစားဖို့ကိုပါ မုန်းတီးလာခဲ့မိသည်။

ထမင်းကို နေနိုင်ရုံလေးပဲ မျိုချကာ ဆာလောင်တဲ့ ဒဏ်ကို လှိမ်ခံနေခဲ့သည်။

ခုတော့ မနေ့ကတည်းက တစ်နေ့ကုန် ဘာမှမစားဘဲ နေခဲ့တာ အခန်းတံခါးပိတ်၍ မိုး ဒွတ်မှိတ်နေခဲ့သည်။

ဟင်းတစ်ခွက်ကို အဆင်းအနံ့အရသာနှင့် ပြည့်စုံအောင်လည်း ချက်တတ်နေပါပြီ။

ကိုယ်တိုင် ချက်ပြုတ်ထားပြီး စားချင့်စဖွယ် ဟင်းတွေကို မုန်း တီးနေရသည့် စိတ်က ပေါ့သလား ငံသလား မြည်းချင်စိတ်ပင် မရှိ။

မိုးလင်းတော့ တစ်ညလုံး ဗိုက်အောင့်ကာ အိပ်မပျော်သည့် အ ရှိန်နှင့် မျက်လုံးက ဖွင့်မရ ခေါင်းတွေက ကိုက်ခဲနေသည်။

ဒါပေမယ့် ကိုယ့်မာနနဲ့ကိုယ် မိုး အားတင်း၍ ထလိုက်သည်။

အိမ်ရှေ့မြေပြင်မှာ ပုံထားသည့် ကော်ပုံကြီးကို လှမ်းကြည့်၍ မျက်ရည်က အိခနဲ ဝဲတက်လာ၏။

ပြီးတော့ ဖေဖေနဲ့မေမေ မျက်နှာ. . .

မိုးဟာ ကော်ရုပ်ကောက်တဲ့ အလဲသည်ရဲ့ မယားဆိုတဲ့ နာမည် ပျောက်မှ ဒီမျက်ရည်စက်တွေ ခမ်းမည်။

မိုး ဒီဘဝက လွတ်မှ အားလုံးရဲ့ ဂုဏ်သိက္ခာ မိုးရဲ့ဘဝ အဲစစ်ကို ပြန်၍ အဖတ်ဆယ်နိုင်မည်။

"အန်တီ. . . ခဏနေရင် သမီးတို့ လာရွေးပေးမယ်သိလား. . .



www.burmeseclassic.com

www.burmeseclassic.com



မုန့်ဟင်းခါး သွားစားလိုက်ဦးမယ်. . ."

သဲသဲက သူ့အိမ်ပေါက်ဝကနေ လှမ်းပြော၍ ပြေးထွက်သွားသည်။

ကော်အမျိုးအစားတွေ ခွဲခြားပေးနေရင်း ရှည်သော လက်သည်းလုလုလေးများမှာ အညစ်အကြေးတို့ ကပ်ငြိနေတာကို သတိထားမိကာ လက်သည်းတွေ ညှပ်ပစ်ဖို့ ဆုံးဖြတ်လိုက်သည်။

ဘွဲ့ဖြူဟာ ကြင်နာစွာ ပေါင်းသင်းလိုသည့် ယောကျ်ား မဟုတ်ဘဲ လိုရာကို ခိုင်းစေလိုသော ယောကျ်ားဖြစ်နေသည်။

မိုး ဘုံးခနဲပဲ လဲသွားသွား သူ့အလိုကျ လုပ်ပေးသွားဖို့ဆုံးဖြတ်ပြီးသား. . .

ဆယ်နာရီထိုးလောက်ရှိလာလျှင် နေအပူက ကြမ်းတမ်းစွာ ကျလာသည်။

ကော်ပုံပေါ်မှ ^ိုးမရှိတော့ ဘာမှမကာကွယ်နိုင်။

အလုပ်ပြီးမှ ထမည်ဟု ဆုံးဖြတ်ကာ မိုး လုံးဝမထဘဲ ဆက်လုပ်နေဆဲ ချွေးဒီးဒီး ကျကာ ရင်တွေ လှိုက်ခုန်လျက် ခေါင်းထဲမှာ မိုက်ခနဲ မိုက်ခနဲ ဖြစ်လာ၏။

မဖြစ်တော့ပါ။

ခဏတော့ သွားနားမှ ဖြစ်မည်။

မိုး အလုပ်ကို ဖြတ်၍ ထရပ်လိုက်သည်။

သို့သော် မျက်ဝန်းထဲမှာ မှောင်မိုက် လဲကျသွားကာ. . .

"ဟာ. . . မိုး. . ."

ဘွဲ့ဖြူ တအားပြေးလာ၍ ကော်ပုံပေါ် လဲကျတော့မည့် မိုးကို





ဆွဲပွေ့ထားလိုက်သည်။

"မိုး. . . မိုး ဘာဖြစ်တာလဲ. . ."

"ဟင်. . . မောင်ဘွဲ့. . . မိုး ဘာဖြစ်တာလဲ. . ."

ပတ်ဝန်းကျင်က လှမ်းမြင်သမျှ လူတွေ ပြေးလာကြသည်။

ဘွဲ့ဖြူ ပွေ့ခေါ်သွားရာသို့ ပျော့ခွေစွာ ပါသွားသည့် မိုး အသိမှာ ဘာဆိုဘာမရှိ. . .



www.burmeseclassic.com

www.burmeseclassic.com

"မင်း ဘာဖြစ်လို့ ဘာမှမစားဘဲ ဒီလောက် ခေါင်းမာမာနဲ့ ... ရတာလဲ. . . ဟင်. . ."

"သေချင်လို့. . ."

"ဘာ. . ."

ဘွဲ့ဖြူက မိုးနား ဖျတ်ခနဲ ထိုင်ချကာ မိုး ပခုံးလေး နှစ်ဘက် ... ဆွဲလှည့်လိုက်သည်။

"သေချင်လို့ ဟုတ်လား. . . သေချင်ရအောင် မင်းကို ... ဘာတွေ နှိပ်စက်နေလို့လဲ. . ."

"ရှင့် ကျွန်မကို ဒီလို ချိုးဖဲ့ဖျက်ဆီးပြီး ဆွဲခေါ်လာခဲ့တာ. . . ကျွန်မ ဘဝသေခဲ့တာပဲ. . . ရှင့်ရဲ့ မသန့်ရှင်းတဲ့ လက်တွေနဲ့ သူများစွန့် ... ပစ္စည်းတွေ လိုက်ကောက် စုဆောင်း ကျွေးမွေးနေတာဟာ. . . အဆိပ် ... ပဲ. . . ကျွန်မ ဒါတွေကို စားပြီး အသက်မရှင်ချင်ဘူး. . . ရှင်ရှာသမျှ ... မှမျိုမချတော့ဘူးလို့ သံန္နိဋ္ဌာန်ချထားပြီးသား. . ."





"ဟ. . . မင်းက အလဲသည် ပလပ်စတစ် ကောက်သမားရဲ့ ... ယားပဲ. . ."

မိုးက အိပ်ယာပေါ် လှဲနေရာမှ ထထိုင်လိုက်သည်။

"ဟုတ်တယ်. . . အစက ရှင် ကျွန်မကို မေတ္တာရှိလို့ မရရ အောင် သိမ်းပိုက်ခဲ့တာလားလို့. . . တွေးမိခဲ့ဖူးတယ်. . . ဒါပေမယ့် အခု ရှင့်ရဲ့ ရည်ရွယ်ချက်ကို ကျွန်မသိပြီ. . . ရှင်ကို မေးပါရစေ ကိုဘွဲ့ဖြူ. . . ကျွန်မရဲ့ မာနတွေကို ရိုက်ချိုးဖို့ ရှင် ဘာဖြစ်လို့ ကြံစည်ခဲ့တာလဲ. . . ရှင့်ကိုလည်း မိုး မသိခဲ့ပါလား. . ."

မိုး လေသံလေးတွေက တုန်လှိုက်ကာ သနားစဖွယ်လေး ဖြစ် သာသည်။

"ဒါမှမဟုတ် ရှင့်ရဲ့ညီ (သို့မဟုတ်) အစ်ကို. . . တစ်ယောက် ယောက်ကိုများ ကျွန်မက အသည်းကွဲစေခဲ့ဖူးလို့လား. . . ကျွန်မ ကျွန်မ ဒီနေ့ထိ ဘယ်ယောက်ျားကိုမှလည်း မချစ်ခဲ့ဖူးဘူး. . . ကျွန်မ အပေါ် မျှော် သင့် အသည်းစွဲ နေစေအောင်လည်း မမြူဆွယ်ခဲ့ဖူးတာ အမှန်ပါ. . .

. . . ရှင့်ဘက်က နာကျည်းစရာ အကြောင်း တစ်ခုခုရှိရင် ကျွန်မ သိပါရစေ ကျွန်မ ရင်ဆိုင်နေရတဲ့ ရန်သူကို ကျွန်မ မြင်ခွင့်ရှိပါ ရစေ. . ."

မိုး ချုံးပွဲချငိုသည်။

ဘွဲ့ဖြူ ဆတ်ခနဲ ထရပ်ကာ ကျောခိုင်းပစ်သည်။

မိုးက ငိုလည်းငို၍ အပြောမရပ်သေး. . .

"ရှင် ကျွန်မရဲ့ မာနတွေ သိက္ခာတွေ ကျစေချင်တဲ့ ရည်ရွယ်ချက် ရှိရင် ဈေးတောင်းခေါင်းပေါ် ရွက်ပြီး ကျွန်မ လည်ရောင်းပါ့မယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"မိုး. . . မင်း တော်နော်. . ."

"ဟင့်အင်း. . . မတော်ဘူး. . . ရှင် ပလပ်စတစ် ကောက်သမား လုပ်နေသရွေ့ ကျွန်မက ဒီတိုင်းနေမှာပဲ. . . ရှင်ကလည်း ယျော့ပေးမယ့်လူမှ မဟုတ်ဘဲ. . . ဒီတော့ ကျွန်မ မေမေ့ကို တွေ့ပါရစေ. . . မိဘရဲ့ ဂုဏ်သိက္ခာအတွက် အသက်ပေးသွားတဲ့ အကြောင်း ကျွန်မ ပြောခဲ့ချင်တယ်. . ."

နှစ်ယောက်ကြားမှာ ခေတ္တ ငြိမ်သက်သွားလေသည်။

"ကိုဘွဲ့ဖြူ. . . ရှင် ဆုံးဖြတ်ခက် မနေစမ်းပါနဲ့. . . ရှင် ဖြစ်စေချင်သလို မိုးမကမြင့်ဟာ အောက်ဆုံး အဆင့်ထိ ထိုးကျခဲ့ပြီးပါပြီ. . . ဒါလေးကိုတော့ လိုက်လျောပေးသင့်ပါတယ်. . ."

"ငါ ဒီအလုပ်ကို မလုပ်တော့ဘူးဆိုရင်. . . မင်းကျေနပ်တယ် မဟုတ်လား. . ."

ဒါပဲ ပြော၍ ဘွဲ့ဖြူက ထွက်ခွာသွားသည်။

မိဘကျေးဇူးကိုသာ အမြဲအောက်မေ့နေခဲ့သော မိုးရဲ့စေတနာ အကျိုးပေးခဲ့တာလား. . .

မိုးရဲ့ ငိုသော မျက်ဝန်းလေးမှာ ပြုံးရိပ်ဆင်လေသည်။

☂☂☂☂☂



နောက်နေ့မှစ၍ ဘွဲ့ဖြူ ပုံစံပြောင်းသွားခဲ့သည်။

အိမ်မှာ ကော်ရုပ်ကော်ခွက် ဘာအပိုင်းအစမှ ရှိမနေစေတော့ဘဲ မိုးအပေါ်လည်း ဂရုတစိုက် ရှိလာ၏။

မိုးကတော့ စက်ရုပ်လေး တစ်ရုပ်ပါပဲ။

"ရှင် အခု ဘာတွေလုပ်နေလဲ ကိုဘွဲ့ဖြူ. . ."

"မှောင်ခို ကူးနေတယ်. . ."

"ဟင်. . ."

တစ်နေ့ တစ်နေ့ကို စျေးဖိုးပေးခဲ့နေတာက နှစ်ထောင် ပုံမှန်။ ဘာအလုပ်မှလည်း လုပ်တာမမြင်ဘဲ တကယ် မှောင်ခိုလုပ်နေလေသလား. . .

မိုး မျက်နှာလေး ပျက်သွားသည်။

"ကိုဘွဲ့ဖြူ. . . ရှင်. . . ရှင်. . . ဘာပြောလိုက်တယ်. . ."

"မင်းနဲ့ငါ နီးနီးလေးပဲ. . . မကြားလိုက်ဘူးလား. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကြားတယ်. . . ရှင် တကယ်ပြောလိုက်တာလား. . . တကယ် လုပ်နေတာလား. . ."

"တကယ်လုပ်တာပေါ့. . . မင်းက ပလပ်စတာ် ကောက်တော့ ရှက်တယ်ဆို. . . မှောင်ခိုဆိုတော့ ငွေရလွယ်တယ်. . . လူအထင်ကြီး အောင် ငွေသုံးနိုင်တယ်. . . နောက် နှစ်လသုံးလလောက်ဆို မင်းကို ငါ ကိုက်ရှိုကားနဲ့ ထားနိုင်မှာ. . ."

"ကိုဘွဲ့ဖြူ. . ."

မိုး တအားအော်၍ ဘွဲ့ဖြူ ပခုံးက အင်္ကျီစကို သူ့ဘက်ဆွဲလှည့် လိုက်လျှင် ဘွဲ့ဖြူ ကိုယ်လုံးကပါ လှည့်ပါလာ၏။

"ဘာလဲ. . ."

"ရှင်. . . ကျွန်မကို ဘယ်အပြုံးနဲ့ နိုပ်စက်နေတာလဲ ဟင်. . ."

"လာပြန်ပြီ. . ."

"ဟုတ်တယ်. . . ရှင် ကျွန်မကို ဒါသက်သက်ရွဲ့တာ. . ."

ဘွဲ့ဖြူက ခနဲ့တဲ့တဲ့ မဲ့ကြည့်ကာ. . .

"ဒါဆို ပလပ်စတစ် ပြန်ကောက်ရမလား. . ."

မိုးက ဘွဲ့ဖြူမျက်နှာကို မော့ကြည့်ရင်း မျက်ရည်တွေ တရစ် ရစ် ပြည့်တက်လာသည်။

"ရှင့်ကို ကျွန်မ အရှုံးပေးပါတယ်. . . ရှင် နိုင်ပါတယ် ကိုဘွဲ့ဖြူ ကျွန်မကို မေတ္တာရှိဟာလည်း မဟုတ်ဘဲ. . . သက်သက် ခေါ်ပြီး နှိပ်စက် တဲ့ ရှင့်အောင်မြင်မှုကို ရှင် ကျေနပ်သင့်ပါပြီ. . . ကျွန်မ မေမေ့ဆီ ပြန်ပါ ရစေ. . ."

"မင်းကို ငါက အလှထိုင်ကြည့်နေခဲ့တာ ဘယ်သူ့ယုံမှာလဲ. . ."





မင်းအိမ်မင်း ပြန်တော့ရော တစ်ခုလပ်ဆိုတဲ့ ဘွဲ့ မင်းရမှာပဲ. . ."

"ကျွန်မ ဘဝမှာ ဒီထက်ဆိုးဝါးစရာ ဘာမှမရှိတော့ဘူး. . . ရှင် သာပြန်ပို့မယ်ဆိုရင်. . ."

"လုံးဝ မစဉ်းစားဘူး. . ."

မိုး မျက်ဝန်းလေးတွေ နာကျည်းခြင်းသို့ ပြောင်းလဲသွားလေ သည်။

"ဒါဆို ရှင့်မှာ ကျန်သေးတဲ့ Lesson တွေ ကျွန်မ သိပါရစေ"

ဘွဲ့ဖြူက ဟင့်ခနဲ ရယ်၍ မိုးကို စိုက်ကြည့်သည်။

"ပို့ချတဲ့အခါ မင်း သိရမှာပါ. . ."

မိုးက ပြည့်အိနေသော နှုတ်ခမ်းလေး နှင်လွှာကို ဖိကိုက်၍ သူ့ကို ကျောခိုင်းပစ်လိုက်သည်။

ထိုစဉ်. . .

မည်သို့မျှ ထင်မှတ်မထားပါဘဲ ဘွဲ့ဖြူက မိုး ကိုယ်လုံးလေးကို နောက်မှ သိုင်းဖက်လိုက်ဘော့. . .

"အို. . . ရှင်. . ."

မိုး တစ်ကိုယ်လုံး လေဟာနယ်ထဲသို့ ကိုင်ပေါက်ခံလိုက်ရတဲ့ အတိုင်း. . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဟော. . . ဟိုမှာ နင့်အန်တီ ပြန်လာပြီ. . . သွားကူလိုက်ဦး"

ကလေး နှစ်ယောက် ပြေးချလာသည်။

မိုး ဝယ်လာတဲ့ ဈေးဆွဲခြင်းကို သူ့ထက်ငါ လုဆွဲကြ၏။

တစ်လမ်းလုံး ညောင်းကိုက်လာသည့် ဒူးကြက လက်ဖဝါးလေး တစ်ခုလုံး သွေးချေဥလျက်. . .

"ဘာတွေ ဝယ်လာလဲ မိုး. . ."

"ဒီနေ့ ပဲကုလားဟင်း ချက်မယ်. . . ငါးချဉ်လေး သုတ်မယ် မနှင်း. . ."

"အေး. . . ကောင်းတယ်. . ."

မနှင်းတို့ အိမ်ကိုကျော်၍ ကိုယ့်အိမ်လေးပေါ် ပြန်ရောက်တော့ မိုးရဲ့ဆွဲခြင်းထဲက ပန်းညီးတွေ ဇာကာထဲမှာ အားလုံးစီပြီးနေပြီ။

"အန်တီ ဒီနေ့ သားတို့ ကျောင်းပိတ်တယ်. . . အန်တို့ကို မိုး





ကူချက်မယ်နော်. . ."

"ဟုတ်လား. . . ကောင်းတာပေါ့ကွာ. . ."

တစ်နေကုန် အဖော်မဲ့လာကော့ ဒီကလေးတွေရဲ့ အသံလေးတွေကို ကိုယ့်နားထဲမှာ သာယာတတ်လာသည်။

မိုး မျက်နှာဘယ်လိုနေနေ အတင်းခေါ် အတင်းကူ ဘယ်နေရာမဆို စပ်စပ်စပ်စပ် ပါတတ်တာလေးတွေက ကိုယ့်မှာ အခက်အခဲ ဖြစ်နေချိန်များနှင့် ကြုံကြိုက်ခဲ့သည်သာ။

ပတ်ဝန်းကျင်ဆိုတာ ကိုယ့်ဘေးမှာ အကာအရံ တစ်ခုလို အမြဲရှိနေပါလား ဆိုတာ တွေးမိလာသည်။

ဝိုင်းဝန်း မီးရှို့တတ်တဲ့ ပတ်ဝန်းကျင်မျိုးသလို. . .

ဝိုင်းဝန်း ဖေးမကြတဲ့ နွေးထွေးသော လက်တို့ရှိတတ်မှန်းလည်း မိုး နားလည်စပြုခဲ့၏။

မိုး ထမင်းမစားဘဲ နေလိုက်၍ သုံးရက်လောက် ဆက်ဖျားခဲ့တုန်းက မနှင်းသာမက ခြေရင်းခေါင်းရင်းတွေကပါ စားစရာတွေနှင့် တစ်ယောက်ပြီး တစ်ယောက် ရောက်လာခဲ့ကြသည်။

ထမင်းချိန် ထမင်း ဆေးချိန် ဆေး။

မနှင်းကဆို မိုး ချွတ်ထားသည့် အဝတ်တွေပါ ယူလျှော်ပေးရှာသည်။

မိုးနဲ့ဘွဲ့ဖြူ ဖြစ်နေကြတာကို သူတို့က မသိ။

မိုး အားနည်းပြီး ရှိုးရိုးဖျားတယ်ပဲ ထင်နေခဲ့ကြသည်။

အားငယ်နေတဲ့ အချိန်တိုင်းမှာ ရောက်လာတတ်ကြတဲ့ သူတို့ကို ခုတော့ မိုး ကျေးဇူးတင်ရမှန်း သိလာပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီရေ . . မီးဖိုပေါ်က ဒယ်အိုးက ဘာတည်မလို့လဲ ဟင်း အငွေ့တွေ ထနေပြီ . . ."

"အေး . . . အေး . . . ဟုတ်တယ် . . ."

ဆီအိုး ဘည်ထားပြီး ငါးခြောက်ထွက် ရှုတ်နေတုန်း ခဏလေး မေ့သွားမိသည်။

မိုးက ကပျာကယာ ဝင်လာ၍ ငါးခြောက်ဗန်းကို ချကာ ကြက်သွန်အဖြူအနီနှင့် ငြုပ်သီးထောင်းပြီးသားကို ဆီထဲယည့်ပစ်လိုက်၏။

"ဝုန်း . . ."

"အမလေး . . ."

ဆီဒယ်အိုးထဲမှာ 'ဝုန်း' ခနဲဆို မီးတောက်ကြီး ထလာသည်။

အပူလွှန်နေသည့် ဆီအိုးထဲသို့ ဝင်တောက်သည့် မီးလုံးကြီးက လူတစ်ရပ်မျှ ရှိကာ ဟီးဟီးဟဲဟဲ မြည်နေသည်မို့ မိုး ကြက်သေသေသွားသည်။

"အမေရေ . . ."

သဲသဲရဲ့ ခေါ်သံ . . .

ပြေးတက်လာကြသည့် ခြေသံတွေ မိုး မျက်စိထဲမှာ မီးတောက်ကြီးမှ လွဲ၍ ဘာမှမမြင်တော့ . . .

"မမိုး . . . ဖယ်နေ . . ."

ယောက်ျားတစ်ယောက်ရဲ့အသံ။

"ဟိတ် ကလေးတွေ အားသံမှ မထွက်စေနဲ့နော် . . ."

တစ်ယောက်က စောင်ထူထူကြီးကို ရေထဲပြေးနှစ်ကာ ဒယ်အိုးပေါ်ကို အုပ်ချလိုက်၏။





နောက်ထပ် တစ်ယောက်က တစ်ထည်ထပ်အုပ်။

မီးတောက်ကြီး ဟုန်းခနဲ ငြိမ်းသွားသည်။

သို့သော် ဘယ်ကမှန်း မသိသော မီးခိုးတို့က လှိုက်အူလျက် လူ မသိစေချင်လို့ မရတော့ပေ။

"ဟော့ . . . ဒီအိမ် စောစောက မီးလန့်တယ် . . . မဟုတ်လား"

"အိမ်ငှားတွေရှိလား . . . ဘယ်သူလဲ . . ."

မိုး မျက်လုံးလေး ပြူးနေဆဲ ရပ်ကွက်လူကြီးတွေနှင့် အရပ်ထဲက လူတွေ ရောက်လာကြသည်။

မနှင်းနဲ့ ရောက်လာကြသည့် လူတွေက စောင်တွေကို ကပျာကယာ ဆွဲဖယ်၍ လေးထွေးကာ အခန်းထောင့်ကို လှုပ်တစ်ပြက် ပစ်ပေါက်လိုက်သည်။

"ဘာမှမဖြစ်ပါဘူး ဦးချွန် . . . ဆီပူတုန်း ရေကျသွားလို့ ထတောက်သွားတာပါ . . ."

"ဟုတ်ပါတယ်ရှင် . . . ကလေးမလေးက ကြောက်ကြောက် လန့်လန့်နဲ့ လျှောက်လုပ်မိမှာစိုးလို့ ကျွန်မတို့က ကူညီတာပါ . . . ဘာမှ အကြီးအကျယ် မဖြစ်ပါဘူး . . ."

သူတို့ ဘယ်လိုပင် ပြောသော်လည်း မီးဖိုအထက် သွပ်မိုးမှာ ညှိမဲနေသော လက်လက်ဆတ်ဆတ် မီးခိုးမှိုင်းများက မီးတောက်ရဲ့ပမာဏကို ဖော်ပြနေခဲ့ပြီ။

"ဟော့ . . . ဒါပေါ့ဆမှုပဲ . . . မီးသုံးတာ ဘယ်သူလဲ . . . နိုးတိုင် လိုက်ခဲ့ . . ."

မိုး တစ်ကိုယ်လုံး အေးစက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ခါမှ မကြုံဖူး မကြားဖူးခဲ့သော ဖြစ်ရပ်များထဲမှာ ကြောက်စိတ်ကြောင့် သတိလစ်ချင်သလိုလို ဖြစ်လာ၏။

"ဟုတ်ပါတယ် ဦးချွန်ရယ်. . . အမလေး. . . ဒီမီးသာ ငြိမ်းမသွားခဲ့ရင် ခုလောက်ဆို ကျွန်မတို့ တိုက်ကြီးကိုပါ နေပြီ. . . ဘုရား. . . ဘုရား. . ."

ဆွဲကြိုး တုတ်တုတ်ကြီးနှင့် လမ်းထဲမှာ အကြီးမားဆုံး တိုက်ကြီးနဲ့ နေနိုင်သည့် ဒေါ်အေးညွန့်က ရင်ကိုဖိ၍ ဘုရားတနေသည်။

"ဒီကိစ္စ နောက်မပေါ်ရအောင် အပြစ်ပေးပေးပါ. . . မတွေးရဲစရာတောင်. . ."

အိမ်ခေါင်းပေါ်မှာ လာကြည့်သူများပါ ပြည့်သိပ်၍ ရှုပ်ကွက်ထဲမှာပါ လှုပ်လှုပ်ရွရွ ဖြစ်သွားလေသည်။

ထိုစဉ်. . .

စိုးရိမ်မျက်နှာနှင့် ဘွဲ့ဖြူ လူကြားထဲ တိုးဝင်လာသည်။

အိမ်ကို လှမ်းမြင်ရတဲ့ နေရာကတည်းက သဘောင်းကြားပြီးသား။

မိုးကို စိတ်ပူ၍ သူ တအား ပြေးခဲ့လာခဲ့သည်။

ထင်သည့်အတိုင်းပင် ဝိုင်းဝန်းပြောဆိုကြသည့် မျက်နှာစိမ်းလူများကြားထဲမှာ မိုးက ယုန်သူငယ်လေးလို ရပ်လျက်. . .

"မိုး. . ."

"ကို. . . ကိုဘွဲ့ဖြူ. . ."

သူ မိုးနားရောက်သွားလျှင် မိုးက အသံတိတ် ရှိုက်လျက် သူ့ရင်ခွင်ထဲ တိုးဝင် ဖက်တွယ်ထားလိုက်လေသည်.

မိုးရဲ့ တစ်ကိုယ်လုံး အေးစက်လို့. . .





"ကျွန်တော် အားလုံး ရှင်းပေးပါ့မယ်. . . သူက ကျွန်တော့်မိန်းမပါ. . ."

"အို. . . သူက ပေါ့ဆတဲ့သူ. . . သူ့ကို အရေးယူမှ ဖြစ်မှာပေါ့ မီးသုံးစွဲသူမှာပဲ အပြစ်ရှိတာ. . ."

ဒေါ်အေးညွန့်က အားလုံးကို လွှမ်းမိုးနိုင်သည့် အသံနှင့် ဝင်ပြောသည်။

ဘွဲ့ဖြူ မျက်နှာတင်းသွား၏။

"ခင်ဗျားက ဘာလဲ လူကြီးလား. . ."

"အို. . . လူကြီး ဟုတ်မဟုတ်. . . ငါက. . ."

"မဟုတ်ရင် ဘေးဖယ်နေ. . ."

ဘွဲ့ဖြူက ခပ်မာမာ ပြောကာ ရပ်ကွက်လူကြီးဘက် လှည့်၍. .

"ဒီနေရာမှာ ဦးလေး အပါအဝင် လူကြီး ဘယ်နှစ်ယောက်ရှိနေသလဲ. . ."

လူကြီး မျက်နှာညှိုသွားသည်။

"ငါတစ်ယောက်ပဲ လာတာ. . . ဒါပေမယ့် အမြင်မတော်လို့. ."

ဘွဲ့ဖြူ ဆုံးအောင် အပြောမခံ။

"အမြင်မတော်လို့ ဆုံးဖြတ်ပေးခွင့် ရှိတဲ့ ဥပဒေရှိသလား. . . ခုကိစ္စကို ကျွန်တော် ဥပဒေ အမြင်နဲ့ ရှင်းရမှာလား. . . ခုတစ်ထိုင်တည်း ရှင်းရမှာလား. . . ဦးလေးပြောပါ. . . ဒီမှာဆိုရင်တော့ အမြင်မတော် အုပ်စုနှစ်စု ဖြစ်သွားနိုင်တယ်နော်. . ."

"ကဲ. . . ဒါဆို. . . မင်းလိုက်ခဲ့. . ."

ရပ်ကွက်လူကြီးနှင့် လူတစ်ချို့ လှည့်ထွက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးညွှန့်က ပါးရေတွန့်နေသော ပါးပြင်ကြီး လှုပ်ခါသွားအောင် နှုတ်ခမ်းကို မဲ့၍ မျက်စောင်းထိုး သွားသည်။

"မနှင်း. . . မိုးကို နှစ်သိမ့်ပေးပါ. . . သူ ကြောက်နေတယ်"

မိုးကို မနှင်း ရင်ခွင်ထဲ ပြောင်းထည့်၍ သူ ထွက်သွားတော့ မိုး နှင်ထဲမှာ အကာအကွယ်မဲ့သော ကန္တာရ အလယ်မှာ တစ်ယောက်တည်း ရပ်နေရသလို လှိုက်ဟာ သွားမိလေသည်။

အမြဲတမ်း မကျေနပ် စိတ်တိုမိသမျှ ဒီနေ့ ခိုဝင်ခဲ့ရသော ရင်ခွင်သည် မိုးအတွက် လုံခြုံမှု နွေးထွေးမှု အကြင်နာအားလုံးကို ခံစားမိစေခဲ့သော ရင်ခွင်ဖြစ်တဲ့ အကြောင်း. . .



နုမှ "အရေကြဲလျှင် အားကိုးရမှာ" ဆိုသည့် ဘွဲ့ဖြူပြောခဲ့သော စကားကို ကောင်းကောင်း နားလည်ခဲ့သည်။

မီးထတောက်တဲ့ အချိန်မှာ မိုး တစ်ယောက်တည်းသာဆို သွားပြီ။ ကန်ဘောင်လမ်းမှာ နင်းလျှောက်နေမိသည့် ကိုယ့်ခြေထောက် ကိုယ်ပြန်ငုံ့ကြည့်ကာ မိုး စိတ်တွေက မနေ့တစ်နေ့ကဆီ ပျံ့လွင့်နေသည်။

အကြောက်ကြီး ကြောက်ကာ မိုး ညဘက် အဖျားတက်ခဲ့တဲ့ အထိ။

"မင်း နေကောင်းသွားပါပြီ. . . လာ မြခေမာ ကန်ဘောင်မှာ လမ်းသွားလျှောက်ရအောင်. . ."

ဘွဲ့ဖြူက ခေါ်၍ မိုး ထွက်လိုက်လာခဲ့ခြင်း ဖြစ်သည်။

နှစ်ယောက်သား ပခုံးချင်း ယှဉ်လျှောက်လာကြပေမယ့် စကားမပြောမိကြ။

ကန်က အင်းယားကန်လောက် မကြီးမကျယ်ပေမယ့် တစ်တိတ်



www.burmeseclassic.com

www.burmeseclassic.com



ပတ်မိဖို့ အတော်ကြီး လျှောက်ရဦးမှာပါ။

ကြားထဲမှာ ခုံတန်းကလေးတွေ ရှိနေသည်မို့ . . .

"ဒီမှာ ခဏထိုင်ရအောင် . . ."

ဘွဲ့ဖြူက ပြော၍ အရင်ထိုင်သည်။

မိုးက မတ်တပ်ကလေး ရပ်နေရင်းမှ လက်ပိုက်လိုက်ကာ

"ရှင့်ကို ကျွန်မ ဝန်ခံစရာ ရှိတယ် . . ."

"ပြောလေ . . ."

"ကျွန်မ ရင်ထဲမှာ ရှင့်ရဲ့ခိုင်းစေချက် မပါဘဲ . . . လိုက်လိုက်လှဲလှဲ ခံစားနားလည်လိုက်တာ တစ်ခုရှိတယ် . . ."

ဘွဲ့ဖြူက နားထောင်နေသည်။

"အဲဒါဟာ . . . ပတ်ဝန်းကျင်က ဆွတ်ဖျန်းလာတဲ့ မေတ္တာပဲ . . လူရယ်လို့ ဖြစ်လာရင် မိဘ ဆွေမျိုးထဲမှာလည်း တစ်သက်လုံး နေသွားလို့ မရဘူး . . . တစ်ကိုယ်တည်း ရပ်တည်နေဖို့လည်း မဖြစ်နိုင်ဘူးဆိုတာ ကျွန်မ သဘောပေါက်ပြီ . . .

. . . ဒီအချိန်ကစပြီး ရှင့်ကြောင့် မဖြစ်လို့ ခေါ်ပြောနေရတာမျိုး မဟုတ်ဘဲ . . . ကျွန်မ ကိုယ်တိုင် ခင်ခင်မင်မင် ပေါင်းသင်းဆက်ဆံ သွားတော့မယ်လို့ ဆုံးဖြတ်လိုက်တယ် . . . ဒါဟာ ရှင်ရဲ့ Lesson တစ်ခုဆိုရင်လည်း ရှင် နိုင်သွားပြန်ပြီ . . ."

ဘွဲ့ဖြူက ပြုံး၍ မိုး လက်ဖဝါးလေးကို ဆွဲယူလိုက်သည်။

မိုးက ပြန်ရုန်းပေမယ့် လွှတ်မပေးဘဲ ကိုင်ထားကာ . . .

"မင်း . . . ငါ့ကို ဘယ်လိုထင်သလဲ . . ."

အဆက်အစပ် မရှိဘဲ မေးခွန်းကို မေးသည်။





မိုးက မျက်နှာလေး မော့၍ . . .

"ကျွန်မ စိတ်မဝင်မိအောင် ကြိုးစားထားတယ် . . . ရှင် ဘာပဲဖြစ်နေနေ . . . ကျွန်မက ရှင့်ရဲ့ကကြိုးရုပ်ပဲ . . ."

ဘွဲ့ဖြူက မိုး လက်ကလေးကို ဆွဲနှိမ့်ချ၍ နံဘေးမှာ မိုးကို ထိုင်စေသည်။

ပြီးတော့ အရင်လို မိတ်ကပ် ပေါင်ဒါ ခြယ်သထားခြင်း မရှိဘဲသည်း လှပနေသည့် မျက်နှာ ဝင်းဖန့်ဖန့်လေးကို စိုက်ကြည့်ကာ ဘေးတိုက် ကွယ်ကျနေသည့် ဆံပင်တွေကို သိမ်းဖယ်လိုက်သည်။

"မင်း . . . ငါ့ကို စိတ်နာနေလား . . ."

"ရှင့်အပေါ် ဘယ်လို ခံစားဖို့မှ ကျွန်မ စိတ်မဝင်စားပါဘူးလို့ . . . ကျွန်မ ပြောပြီးပြီပဲ . . ."

ဘွဲ့ဖြူက မိုး ပခုံးလေးပေါ်မှာ သူ့ပခုံးထပ်တင်၍ လက်ဖဝါးနုနုလေးကို ဆွဲယူကာ ရင်ခွင်ထဲမှာ ပိုက်ထားလိုက်၏။

"မင်းကိုငါ . . ."

စကားက ခဏရပ်သွားသည်။

ပြီးမှဆက်၍ . . .

"မင်းကို ငါ ချစ်တယ်ဆိုရင် ယုံမလား . . ."

မယုံဘူးလို့ မပြောလိုက်မိပေမယ့် ယုံလည်း မယုံကြည်ဖွာ ဒီစကားလေး ကြားရုံနဲ့ပဲ ဒိတ်ခနဲ လှုပ်ခုန်သွားသည့် ရင်က ယောင်ယမ်းခဲ့လိုက်မိတော့မတတ်။

သို့သော် ဘွဲ့ဖြူ ဆက်ပြောလာသည့် စကားတွေက . . .

"ဒါတွေ မင်းနားလည်ဖို့လည်း မလိုသေးပါဘူး . . . မင်းရဲ့ အ



www.burmeseclassic.com

www.burmeseclassic.com



ချစ်ကိုလည်း ငါမလိုချင်သေးဘူး. . . မင်း ခဏခဏ စိတ်နာပြနေတာကို စိတ်မချမ်းသာလို့ ငါချစ်တဲ့ အကြောင်းကို သိစေလိုက်တဲ့ သဘောပဲ"

မိုး မျက်နှာလေးမော့ ဘာ. . .

"ရှင်ချစ်တာ မချစ်တာကလည်း ကျွန်မအတွက် မထူးဆန်းပါဘူး. . . ကျွန်မဟာ ရည်ရွယ်ချက်ကြီးကြီးနဲ့ ယောကျ်ားတစ်ယောက်ရဲ့ သိမ်းပိုက်ခြင်း ခံလိုက်ရမှန်း သိကတည်းက ကျွန်မရဲ့ ခံစားတတ်တဲ့ စိတ်ဉာဉ်ကို နှုတ်ပစ်ခဲ့ပြီးသား. . ."

"အဲဒီ ရည်ရွယ်ချက်တွေက မင်းကို ချစ်တဲ့ အချစ်တွေနဲ့ မြစ်ဖျားခံခဲ့တယ်. . . ဆိုရင်ရော. . ."

မိုးက ခပ်မဲ့မဲ့လေး ပြုံး၍ တစ်ဘက်လှည့် ပစ်သည်။

"ကျွန်မက ပြောတိုင်း မယုံတတ်ဘူး. . ."

"ဒါပေမယ့်. . . မင်းကို ငါချစ်တယ်. . ."

ဘွဲ့ဖြူထံမှ ပထမဆုံး ကြားရသော ချစ်ခြင်းစကား။

မိုး ဘာလို့ ရင်တွေခုန်နေတာလဲ. . .

ဘာဖြစ်လို့ သူ့ရဲ့ထိတွေ့ ပြောဆိုမှုတွေကို ခံနိုင်ရည် မရှိဖြစ်နေရတာလဲ. . .

တကယ်ဆို အစကတည်းက အထင်သေး မုန်းတီးခဲ့တဲ့သူ။

ဘယ်လိုမှ အထင်ကြီးဖွယ် မရှိပါဘဲ အထင်သေးရလောက်အောင် ပြောရဲလုပ်ရဲတဲ့ စိတ်ဓါတ်အပေါ် အထင်ကြီး သက်ဝင်ခဲ့မိတာပါ။

ဒါမှမဟုတ်. . .

မိုးအပေါ် မကြင်နာ ရက်စက်ခဲ့တာ အတွက် ထိခိုက်ခံစားရရင်း





နှလုံးသားမှာ အရာထင်နေခဲ့သည်လား. . .

ဒီလိုမှ မဟုတ်လျှင်. . .

လူ့သဘာဝအတိုင်း လွယ်ကူစွာ ရနေတာကို မမက်မောတတ်ဘဲ ဝေးကွာလှမ်းနေတဲ့ အရာကိုမှ လိုချင်နေတာမျိုးလား. . .

ဒီယောကျ်ားမျိုးကများ ငါ့ကို ရှိတယ်လို့တောင် မမှတ်ပါလားဟု မခံချင်စိတ်လည်း ဖြစ်ရရင်း မသိစိတ်ကလည်း သူ့ရဲ့ လိုက်လျောကြင်နာမှုကို တပ်မက်နေပြန်ကာ မိုး ဝန်မခံနိုင်ပေ။

"မိုး. . ."

ဘွဲ့ဖြူက ပါးနားလေးမှာ ကပ်ခေါ်သည်။

"မင်း သိပ်လှတာပဲ. . ."

ဘွဲ့ဖြူက ကိုင်ထားသည့် မိုး လက်ဖဝါးလေးကို နှုတ်ခမ်းနှင့် ဖိနမ်းသည်။

မိုးသွေးတွေ ကျင်ခဲကုန်ပြီလားမသိ။

သွားလေးတွေ ကျိန်းတက်လာကာ ဘယ်လိုခံစားမှုမျိုးလဲ. . .

"ဟင်း. . ."

သက်ပြင်းချ၍ ဘွဲ့ဖြူက မိုး လက်ကလေးကို ဖျစ်ဆုပ်နေသည်။

"ဒီပုံစံဆို. . . ကိုယ် ကြာကြာ ခံနိုင်မယ် မထင်ဘူး. . ."

သူ ဘာကို ရည်ရွယ်ပြောနေမှန်း မသိ။

မိုး ရင်တွေ ခုန်နေကာ ဘယ်လိုမှ မနေတတ်သည်မို့ လက်ကို အတင်းရုန်းနေပေမယ့် ဘွဲ့ဖြူက မလွှတ်။

"ကျွန်မ ပြောစရာရှိတယ်. . ."

"ပြောလေ. . ."



www.burmeseclassic.com

www.burmeseclassic.com

"လက်ကို လွှတ်ပါ..."

"ဘာမှမဆိုင်ဘူး...ပြော..."

သူက မိုးရဲ့ယောကျ်ားပါလား...

မိုး ပြန်သတိရကာ အသာငြိမ်နေလိုက်ရသည်။

"ကျွန်မ အလုပ်လုပ်မလို့..."

"ဘယ်လို..."

"မနှင်းသမီး အတာနဲ့လေ..."

"မလုပ်ရဘူး..."

"ရှင် ထွက်သွားရင် ကျွန်မ တစ်ယောက်တည်း..."

"မနှင်းနဲ့ သွားစကားပြောပေါ့..."

"ကျွန်မမှ အိမ်မလည်တတ်တာ..."

မနှင်းကလည်း ဖိနပ် သည်းကြိုးချုပ်သည့် အလုပ်လုပ်နေသည်မို့ အမြဲတမ်း အဖော် လာလုပ် မနေအားတဲ့သူ။

"ဒီမှာ မိုး..."

ဘွဲ့ဖြူက ကိုယ်ကို မတ်မတ် ပြင်ထိုင်၍ မိုးကို စိုက်ကြည့်သည်။

"ငါ့ရဲ့လုပ်ရပ်တွေဟာ မင်းအတွက် အဆိပ်အတောက်တွေ ဖြစ်ချင်ဖြစ်နေလိမ့်မယ်..."

ဒါပေမယ့် ငါကတော့ အဆိပ်ကို ပေးမှာမဟုတ်ဘူး...မင်းကို ဘာ့ကြောင့် ငါခုလို ဆက်ဆံနေသလဲဆိုတာ မင်းမကြာခင် သိပါလိမ့်မယ်...ဒီကြားထဲမှာ မင်း ဘာမှလှုပ်ရှားဖို့ မကြိုးစားပါနဲ့..."





"ကိုတိုးအောင်...ရှင် အဲသလို ရှေ့မကြည့် နောက်မကြည့် လုပ်သလား...ကြာရင် ကျုပ် ဒီအိမ်ရောင်းရတဲ့ ဘဝ ရောက်တော့မယ်"

"ဟ...ငါလည်း ရမလားလို့ လုပ်တာပဲ...ကုန်တာ ဘာတတ်နိုင်မှာလဲ...ရလာရင်လည်း မင်းတို့သုံးရတာပဲ...မဟုတ်ဘူးလား..."

"အို...ဆယ်ခါရှုံးမှ တစ်ခါပါ...ရတာက တစ်ကျပ်ဖိုးလောက် ပြန်ထွက်တာက တစ်ထောင်ဖိုးလောက်...ခုကြည့်ပါဦး နှစ်လုံးထီဖိုးတွေ ရှစ်ထောင်တောင်တဲ့..."

"ဒါ တစ်ရက်တည်း ထိုးတာ မဟုတ်ပါဘူး...မနှင်းကြည်ရာမင်းကလည်း လူကြားအောင်အော် နေပြန်ပြီ...မင်းတို့မိန်းမတွေ အဲဒါခက်တာ...ရတော့ ပြုံးပြုံး ပြုံးပြုံးနဲ့ ကုန်တော့ ထမီအလံတင်..."

အိမ်ချင်းက ကပ်နေသည်မို့ ရှိုးရှိုးပြောသည့် စကားတောင် ကြားနေရတာ အော်ကြီးဟစ်ကျယ် ဖြစ်နေကြတာမို့ စပီကာ ဖွင့်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း။

"အတာရေ. . . သမီး လာပါဦးကွယ်. . ."

"ဘာလဲ အမေရာ. . . အသုပ်ထဲက ငွေချေးခိုင်းဦးမလို့လား"

"ငါးထောင်ကောက် ဖြစ်ဖြစ်. . . ကူပါဦး သမီးရယ်. . . ငါ့မှာ အဲဒီနှစ်လုံးထီကြွေးက တကယ် အရှက်ကွဲမှာ. . . ပြီးတော့ အငယ်နှစ်ကောင်ကလည်း ကျောင်းက ဘာကြေးဆိုလား နှစ်ရာဆီထည့်ရမယ်တဲ့ ငါ့မှာ သည်းကြီးမချုပ်ရတော့ ဘယ်လောက်ကြာပြီလဲ. . ."

"အမေတို့ကလည်း ပြောတာပဲ. . . သမီး ဟိုမှာဘယ်လောက်ရင်ဆိုင်ရတယ်မှတ်လဲ. . . မန်နေဂျာကလည်း အရမ်းအပေါက်ဆိုးတာ စက်ရုံပိုင်ရှင်ကဆို ပေါင်းလို့သင်းလို့ကို မရဘာ. . .

. . . ငွေကြောင်းပြောလိုက်ရင် ဖြူးပြုံနေတာပဲ. . . အပေါင်းအသင်း အချင်းချင်း ချေးတော့လည်း မျက်နှာငယ်ရ. . . အလုပ်ရှင်ဆီမှာ သွားပြောတော့လည်း ကိုယ့်လခလေးကို ကြိုတောင်းမိတာ ဖလကား တောင်းတာ ကျနေတာပဲ. . .

. . . မောက်မောက်မာမာ ပြောလွှတ်ခံရတယ် ညည်းတို့ပဲ သုံးလို့ မလောက်နိုင်ဘူး. . . အိမ်က ပြဿနာတွေ ယူမလာ ကြနဲ့ လိုအပ်တိုင်း ဘယ်သူက ပေးနိုင်မလဲ. . . အို. . . စုံနေတာပဲ. . ."

"ဒါကတော့ မရှိလို့ သူများအလုပ် လုပ်ကြတာပဲ သမီးရယ်. . . ကိုယ့်မှာ ပြည့်စုံရင် ဘယ်သူက အချင်းချင်း ဘုရားထူးချင်မှာလဲ. . . သူက စင်ပေါ်ကလူကိုး. . . ပြောနိုင်တဲ့ သူပဲ. . . ပြောပါစေ. . . ကိုယ်က ခံရမယ့်လူ. . . သူ့ဆီက ရမှ ကိုယ့်မှာ ပြေလည်မှာ. . . သည်းခံပါ. . . သမီးရယ်. . . ဒီတစ်ခါတော့ တောင်းပေးပါကွယ်နော်. . ."





"စိတ်ညစ်လိုက်တာ အမေရာ. . . တကယ်ပဲ သမီး အဲဒီ အလုပ်ရှင် မျက်နှာရှေ့သွားရမယ့်အစား ကျားမြီးပြေးဆွဲချင်တယ်. . . ပိုက်ဆံရှိတဲ့လူတွေ သိပ်မောက်မာတာ. . . သူတို့က အိမ်ထဲကနေ ဘာမှ မသိဘူး. . . တောင်းခဲ့ပါဦးနဲ့. . . ဒါပဲ. . ."

အထိုင်းသား ကြားနေရသည့် စကားတွေသည် မိုးရဲ့နားထဲမှာ သံပူရည်တွေ လောင်းချနေသည့်နှယ်. . .

ဖြေးချမ်းသော ဖေဖေ့ မျက်နှာကို ကွက်ခနဲ မြင်လာ၏။

"ဆင်းရဲသားဆိုတာ ဒီလိုပဲ သမီး. . . ရသလောက် မလောက်တတ်ကြဘူး. . ."

"သူတို့ မလောက်တိုင်း သမီး မပေးနိုင်ဘူး ဖေဖေ. . ."

အို. . .

မိုး အိပ်ယာထက်မှ ဆတ်ခနဲ ထထိုင်လိုက်မိသည်။

ဆင်းရဲသားဆိုသည့် အလွှာတစ်ခုရဲ့ ဘဝကို မိုးဘာမှ မသိခဲ့ပါလား. . .

မချမ်းသာတဲ့လူကို ဆင်းရဲသားဟု ခေါ်သည်။

ငွေများများ မသုံးနိုင်တဲ့သူ။

မော်တော်ကား တစီးစီ မစီးနိုင်တဲ့သူ။

ဒါကို ဆင်းရဲသားဟု ခေါ်သည်ပေါ့။

တကယ်တမ်း ဆင်းရဲသားတို့ရဲ့ ဘဝက ဒီလောက် ရှုပ်ထွေးသတဲ့လား. . .

"ငါ့ကို ငွေတစ်ရာလောက် ပေးစမ်းပါ. . ."

"လာပြန်ပြီ. . . ဘယ်မှာ ငွေတစ်ရာ ရှိလို့လဲ. . ."


www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုငါ မနက်က ဆိုက္ကားနင်းလို့ ရသမျှ ပေးထားတယ်လေ ကိုးရာကျော်ပဲဟာ..."

"ဩော်... ရှင်က ပေးထားတာကိုပဲ မှတ်ထားတယ်ပေါ့... တော်တော့ ကိုတိုးအောင်... ညအချိန်မတော် လူကြားတယ်... ရှင့်အခုလည်း နည်းနည်းပါးပါး သောက်ခဲ့ပြီးပြီ မဟုတ်လား... အိပ်တော့ ရှင်..."

"ဘာလဲ... ဘာလဲ... ဆက်ပြောပါ... ပေးတာကိုပဲ မှတ်ထားသလား ဆိုတဲ့စကား... မင်းကငါ့ကို အဖက်မတန်သလို မလုပ်ပါနဲ့ မနေ့ကတည်းက ဒီနေ့အတွက် ဆန်တစ်ပြည် ပိုဝယ်ထားတာ ငါသိတယ် ဆန်လည်း မဝယ်ရဘဲနဲ့ ဒီငွေကိုးရာကျော်က ဘယ်ရောက်ကုန်လဲ..."

"ရှင် တော်တော်ရှည်ပါလား... ဟင်... ဒီငွေလောက်ကို ဘာသုံးရမှာလဲ... ငွေမရခင်က ယူစားထားတာတွေကို မဆပ်ရတော့ဘူးလား... ငွေမရှိတော့ ဘယ်သူ့ဆီမှာ သွားယူချက်လိုက်ပေ့ါ မိန်းမရယ်... ဘယ်ဆိုင်က ကြွေးယူလိုက်ပေါ့ကွာနဲ့... ဟင်... ငွေလေးလည်း ရရော ဌါးပေးထားတာ ကုန်ပြီလားတဲ့... ရှင်တို့ တော်တော် ဟုတ်ကြပါလား"

"မလိုဘူးလေ... ငါလည်း ငါရှာနိုင်သလောက် ရှာပေးတာပဲ..."

"ရှာနိုင်သလောက် ရှင် မရှာပါဘူး... ကိုတိုးအောင်ရယ်... တကယ်ဆို ဒီညနေ ရှင် ဆိုက္ကားထွက်လိုက်ရင် မနက်အတွက် ဆန့်ဖိုးမယ်... ကလေးတွေ ကျောင်းမုန့်ဖိုးရမယ်... ခုတော့ ဘာမဟုတ်တဲ့ နှစ်လုံးထီ နောက်လိုက်ပြီ စီးပွားလည်း ပျက်... ငွေလည်း ကုန်...

...မနက်မိုးလင်းတာနဲ့ မိန်းမမှာ သူတောင်းစားလို ပ





ကန်ဘစ်ချပ်ကိုင်ပြီး အကြွေးယူလို့ရတဲ့ ပဲပြုတ်သည်ကို ထွက်စောင့်ရ... ယူတော့ တစ်ခါတောင်းပန်ရ... ကလေးတွေ ကျောင်းသွားခါနီးတော့ တစ်ခါ ရှင် အချိန်မီ ပြန်မလာခင် မုန့်ဖိုး ဟိုပြေးချေး ဒီပြေးချေး"

"အမလေး... တော်ပါတော့ ဒေါ်နှင်းကြည်ရဲ့... နော်... မေးမိတာ တောင်းပန်ပါတယ်... ခင်ဗျား စကားဆုံးတာနဲ့ ကျုပ် ရူးသွားနိုင်ပါတယ်... တော်ပါတော့..."

ကိုတိုးအောင် ပြောနေရင်း အရက်ကလေး ထွေထွေနှင့် မနှင်းကို တကယ်ဦးချနေသည် ထင်ပါသည်။

ကြမ်းနှင့် လက်ထိသော တဘုန်းဘုန်း အသံကြီးက ကျယ်လောင်စွာ ထွက်လာ၏။

မိုး အိပ်ယာထက်မှာ ငုတ်တုတ်လေး ထိုင်လျက် ငြိမ်သက်နေမိလေသည်။

ပတ်ဝန်းကျင် အားလုံး တိတ်ဆိတ်သွားတဲ့အထိ မိုး ထိုင်နေမိဆဲ...



www.burmeseclassic.com

www.burmeseclassic.com

"မိုး ဘာလုပ်နေတာလဲ..."

"အကျီတွေ မီးပူတိုက်မလို့..."

သူ့ကို လှည့်ပြောလိုက်သဖြင့် မီးခဲလေးတွေ ရဲနေအောင် ယပ်ခတ်ပေးနေသည့် လက်က ကြေးမီးပူကို သွားထိမိကာ မိုး လက်ကလေး ဘွန်းခနဲ ဖြစ်သွားသည်။

"ထိသွားပြီလား..."

"ရတယ်..."

အတော်ကြီး ပူသွားပေမယ့် မိုးက ဟန်မပျက် ယပ်ခတ်နေလိုက်သည်။

ဘွဲ့ဖြူက မိုး လက်ကလေးကို ဆွဲယူကြည့်ကာ...

"ဒီမှာ ရဲသွားပြီ... ထားခဲ့တော့ လာ... မင်းကို ဈေးလိုက်ပို့မလို့..."

"ဘာလုပ်ဖို့လဲ... အားလုံးချက်ပြီးနေပြီ..."





"အဲဒီ ဈေးမဟုတ်ဘူးကွ... ဗိုလ်ချုပ်ဈေးကို..."

"ဘာလုပ်ဖို့လဲ..."

"မင်းအတွက် အဝတ်အစား ဝယ်ဖို့လေ..."

"နေပစေ..."

မိုးက မတုန်မလှုပ်။

"နေလို့မရဘူး... ထ... အဝတ်အစား လေးငါးစုံနဲ့ မင်း ယောက်ျား သိက္ခာကျတယ်..."

"ကျွန်မက ဘယ်သွားစရာရှိတာမို့လို့လဲ... ရှင်ကိုယ်ရှင်ပဲ ဆင်..."

"ကိုယ်က လှဖို့မလိုပါဘူး... ကဲ... ထကွာ..."

"ဟင့်အင်း... မသွားချင်ဘူး..."

မိုးက ခေါင်းခါနေသည်။

"ဘာလဲ... မင်းက ငါနဲ့တွဲပြီး မသွားချင်လို့လား..."

မိုး ဖျတ်ခနဲ မော့ကြည့်သည်။

ဘွဲ့ဖြူက ကျောပြအကျီ ခပ်မှိုင်းမှိုင်း ဦးထုပ်စုတ်နှင့်...

"ကျွန်မမှာ ထပ်သိက္ခာကျဖို့ မရှိတော့ပါဘူး ကိုဘွဲ့... ရှင်က ပိုက်ခဲ့ရမှာပဲ ဆိုရင် လည်ပင်းကို ကြိုးချည်ဆွဲခေါ်လည်း လိုက်မှာပါ"

မိုး ကြေကွဲစွာ ပြောဖြစ်သည်။

ဒီလို ကျောပြ ချိုင်းပြဲ အကျီတွေကို ကော်အံလုပ်လုပ်ကတည်းက ဘွဲ့ဖြူ သိပ်မဝတ်ခဲ့တော့တာ။

ဒီနေ့ ဈေးသွားဖို့လည်း သူ စိစဉ်ထားရက်နဲ့ တမင် ဒီအကျီ ဝတ်လာတာ မိုးသိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ငိုချင်းချပါဆိမ့် ကိုယ်က နှစ်ပါးသွားကခြင်လို့ ရမလား

မိုးက မိုးပုကို မိုးခဲတွေ ပြန်သွန်နေကာ မိုးသက်ပစ်လိုက်သည်။

"မင်း ရေသွားချိုးလေ. . . ငါ စောင့်မှာပေါ့. . ."

"မလိုပါဘူး. . . ရှင်နဲ့ကျွန်မ အသွင်ဟူနေဖို့လည်း သိုတာပဲ"

မိုး ရွှဲမှန်းသိ၍ ဘွဲ့ဖြူက ခပ်ဟဟ ရယ်သည်။

"ကောင်းပြီ. . . ဒါဆို. . . သွားစို့"

မိုး လက်ကလေးကို ဆွဲ၍ ဘွဲ့ဖြူနှင့်မိုး ကားမှတ်တိုင်မှာ ကား စောင့်နေကြသည်။

မိုး လူဖြစ်လာကတည်းက လိုင်းကားကို တိုးမစီးခဲ့ဘူးတာ ဒီနေ့ထိ။

ကားမှတ်တိုင်မှာ လူတွေစုပြုံခဲလျက်။

ကားတစ်စီး ဆိုက်လာလျှင် လူတွေက ဘုံကထိန် ပဒေသာပင် ကြီးလို တို့လို့တွဲလောင်း။

မှတ်တိုင်က လူတွေက ဒီကားကိုပဲ တတ်ဖို့ အုန်းခနဲ ပြေးကာ သွားကြသည်။

ဒါပေမယ့် ဆင်းသူက နှစ်ယောက်လောက် တက်မည့်လူက အယောက် နှစ်ဆယ်လောက် ရှိသည်မို့ ကားတွေသာ တစ်စီးပြီး တစ်စီး ထိုးဆိုက်ထွက်ခွာ သွားသည်။

မှတ်တိုင်မှာ လူကမလျော့။

"ဘယ်လိုလဲ. . . ရှင် ဘယ်ကားကို စောင့်နေတာလဲ. . ."

"အဲဒီကားတွေပဲလေ. . . တက်လို့မရတာ. . . တော်ကြာ မင်း ကိုယ်လေး လူတွေကြားထဲမှာ ပြားသွားလိမ့်မယ်. . ."





မိုး မျက်နှာလေး ရှုံ့မဲ့သွားသည်။

"လူတွေကလည်း လျှော့ပဲမလျှော့နိုင်ဘူး. . ."

"မနက် မနက်ဆိုလည်း ဒီထက်တောင် ပိုဆိုးသေးတယ်. . . ဝန်ထမ်းတွေရော ပုဂ္ဂလိက စက်ရုံ အလုပ်ရုံတွေမှာ လုပ်တဲ့လူတွေရော နာရီ တကြည့်ကြည့် လည်ပင်းက ရှည်ရှည်. . .

. . . ကားတွေလာပေမယ့် တက်လို့က မရ. . . နာရီက အလုပ်ချိန် စေ့နေပြီ. . . ကားရလို့ အလုပ်ထဲလည်း ရောက်ရော. . . နောက်ကျတော့ ဆူပူခံရ နေ့တစ်ဝက်၊ လုပ်ခအဖြတ်. . . တစ်ချို့ဆို ထမင်းချိုင့်လေး ဆွဲပြီး လှည့်ပြန်လာကြရတာ. . . အဲဒီတစ်နေ့ ဖြတ်ပြီပဲ. . ."

မိုး မျက်လုံးလေးတွေ ကစားသွားသည်။ ဟုတ်ပါသည်။

မှတ်တိုင်မှာ ထမင်းချိုင့်လေးတွေနှင့် ဝန်ထမ်းတွေ အလုပ်သမားတွေက အများဆုံး ဖြစ်နေသည်။

"ဆင်းရဲသားတွေရဲ့ဘဝက သိပ်သနားစရာ ကောင်းတယ် မိုးရဲ့ အိမ်မှာ အပူအမျိုးမျိုး အကြောင်းအမျိုးမျိုးနဲ့. . . မြေရှလွှားရ အလုပ်ရှင်တွေနဲ့ ထိတွေ့ဆက်ဆံတော့ အများအယွင်း ဖြစ်တဲ့အခါ သူတို့ဘက်က ဘာမှ ပြောကွက်မရှိကြဘူး. . . ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ်က ငွေလိုချင်တဲ့သူကိုး. . .

. . . သူက ငွေပေးနိုင်တဲ့သူ ဒီတော့ မှားလည်းခံ. . . မှန်လည်း ခံ. . . တကယ့်ကို မှန်ကန် ဖြောင့်မတ်ကြတဲ့ လူတစ်ချို့ဆိုရင် အလုပ်ရှင် ထက်တောင် သဘောထား မြင့်မြတ်ကြသေးတယ်. . . ဘာလို့လဲသိလား သူတို့က နားလည်နိုင်တယ်. . . ခွင့်လွှတ်သည်းခံစိတ်ကို အောက်ဆုံးထိ နှိမ့်ချထားနိုင်သလောက် တုံ့ပြန်ဒေါသလည်း အတော်နည်းကြတယ်. . .



www.burmeseclassic.com

www.burmeseclassic.com



. . . တစ်ခုသိထားဖို့က ဒီနေ့ ကိုယ်လက်အောက်က အလုပ်သမား တစ်ယောက်ဟာ နောင်တစ်ချိန် နိုင်ငံကျော် လုပ်ငန်းရှင်ကြီး တစ်ဦး ဖြစ်မလာဘူးလို့ မပြောနိုင်ဘူးလေ. . . လက်ရှိအခြေအနေကို ကြည့်ပြီး လူတစ်ယောက်ရဲ့ တန်ဖိုးကို မဖြတ်ရဘူး. . ."

မိုးက လမ်းမကောက်ကို ငေးလျက် ငြိမ်သက်စွာ နားထောင်နေသည်။

"ဟ. . . ဖိနပ်ပြတ်သွားပြီ. . ."

"ဒီမှာနောက်က အတင်းတိုးလို့ရှင့်. . ."

"ခဏလေး စောင့်ပါဗျာ. . . ဆင်းတာကို ခဏလေး စောင့်ပါ"

ဘက်လိုသူတို့ရဲ့အသံ ကားစပယ်ယာနဲ့ အော်သံ

ကားတစ်စီး ဆိုက်လာလျှင် ဆူညံသွားပြန်သည်။

မိန်းမပဲ့ မိန်းမငယ် ယောက်ျားကြီး ယောက်ျားပျို အားလုံး ကားပေါ် တိုးကြိတ်တက်နေကြသည်မှာ ဝတ်စားဆင်မြန်း ထားသည့် မိုးမိုး ဂိုက်ဆိုက်တွေ အားလုံးပျောက်။

မိုး ပင့်သက်လေး ရှိုက်သည်။

နောက်ကားတစ်စီး ဆိုက်လှင် ဘွဲ့ဖြူက မိုးလက်ကို ဆွဲ၍ အတင်းပြေးတက်သည်။

ကားပေါ်ရောက်တော့ မှန်းကွပ်ညပ်သိပ်လျက် ကား၏ကြမ်းပြင် နှင့် ခြေထောက်မှ ထိမ်ခဲ့လား မသိ။

"နောက်မှာ အခေါင်ကြီးပဲဗျာ. . . ဟိုအကိုအပြာနဲ့ အစ်မ နောက်ကို တိုးသွားပါဗျာ. . . ဒီအပေါ်မှာ ခုပြုနေကြပါနဲ့. . ."

ကိုယ့်ကို လှမ်းပြောနေမှန်း သိသည်နှင့် မိုး လှည့်ကြည့်ပေမယ့်





နောက်ကို တိုးဘို့နေသာသာ ခြေထောက်ပင် ကြွလို့မရ။

အပေါ်လက်ကိုင်ကွင်းမှာလည်း လက်ပေါင်းစုံ စုပြုကိုင်ထားသဖြင့် ကားက ပေါခနဲ ကွေ့ချလိုက်သည်နှင့် မိုး အလန့်တကြား အော်ကာ ယိမ်းယိုင်သွားသည်။

"ဒီကို ကိုင်ထား. . ."

ဘွဲ့ဖြူက မိုးလက်ကလေးကို ဆွဲ၍ သူ့ခါး ပုဆိုးဝကို ကိုင်နိုင်းသည်။

နောက်ထပ် ကားဘရိတ်အုပ်သည်တွင် ကားပေါ်က လူတွေ ဝေါခနဲ ယိုင်သွားစဉ် မိုး ဘွဲ့ဖြူခါးကို တအား ဖက်ထားလိုက်မိ၏။

ကားပေါ်က ဆင်းတဲ့အထိ တောက်လျှောက် မိုး တအားဖက်ကာ တစ်ကိုယ်လုံး ချွေးတွေရွှဲနစ်လျက်. . .

"မိုး. . ."

ယိုင်ခနဲ ဖြစ်သွားသည့် မိုးကို ဖမ်းဆွဲထားရင်း ဘွဲ့ဖြူ စိတ်မကောင်းဖြစ်သွားမိသည်။

"မူးတယ်. . ."

"ဒါဆို ဒီမှာခဏထိုင်. . ."

ဆင်းတဲ့ ကားမှတ်တိုင်က ခုံပြာလေးတွေ ပေါ်မှာပဲ မိုးကို ထိုင်ခိုင်းလိုက်သည်။

မိုးက သူ့လက်ကို မလွှတ်ဘဲ ဆုပ်ကိုင်ထားဆဲ. . .

တစ်ကြိမ် တစ်ခါကားတိုးစီးရတဲ့ ဒုက္ခ ဤမျှကြီးပါလျှင် နေ့စဉ် သွားရုံးပြန် ကားတိုးစီးနေကြရတဲ့ အလုပ်သမားတွေ ဘယ်လိုလုပ်မလဲ။

အနားမှာ ရှိနေကြသည့် ကားစောင့်နေကြသော လူတွေကို တစ်



www.burmeseclassic.com

www.burmeseclassic.com



ချက်မော့ကြည့်၍ မိုး စိတ်ပျက်နွမ်းနယ်ကာ အကြောက်ကြီး ကြောက်သွားမိလေသည်။ မပြည့်စုံကြတဲ့ ဘဝတွေ ဒီလောက်ပဲ ဆိုးကြသလား. . .

မိုး ယောက်ျားရခဲ့လေမှ ဘဝများစွာနှင့် ရင်းနှီးခဲ့ရလေပြီ. . .



"မိုး ဘာဖြစ်လို့ မကြည့်တာလဲ. . ."

"ဘာမှ မလိုချင်လို့ပေါ့. . ."

မိုးက မိန်းမဝတ် အင်္ကျီတွေ အသုံးအဆောင်တွေကို ဘာမှ ကြည့်ဘဲ ယောက်ျားဝတ်များဘက်ကို လျှောက်သွားသည်။

"မိုး အဲဒီဘက် ဘာသွားလုပ်တာလဲ. . ."

"ဝယ်မလို့. . ."

"ဘာဝယ်မှာလဲ. . ."

မိုးက ပုစွန်ဆီရောင်ဖျော့ဖျော့ ရင်ဘတ်မှာ အဖြူနဲ့အနက် ကန့်မြှဖြတ် အစင်းလေးနှစ်ကြောင်းပါသော စပို့ရှပ်လက်တို တစ်ထည်ယူသည်။

ဘွဲ့ဖြူက မိုး ယူထားသမျှ ပိုက်ဆံရှင်းပေးနေလျက်. . .

"ဒါတွေ ဘာလုပ်ဖို့လဲ. . ."

"ရှင့်အတွက်. . ."

တကယ့်ကို မိုးက **သူ့အတွက်** ဘာတစ်ခုမှ မဝယ်တာ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ဘွဲ့ဖြူ ကိုယ်တိုင်ပဲ မိုးနဲ့ လိုက်ဖက်မယ့် အဆင်း
ဇိုင်းလေးတွေ ကိုယ့်ဟာကိုယ် ဝယ်လိုက်ရသည်။

"နေပါဦး. . . ရှင်က ပိုက်ဆံ ဘယ်လောက် ပေါနေလို့လဲ. .

အိမ်မှာ အထုပ်တွေ ချချခြင်း မိုးက ကောက်ခါငင်ခါ မေးသည်

"ဘာဖြစ်လို့လဲ. . ."

"ရှင် ဒါတွေ. . . လျှောက်ဝယ်တာ နည်းတဲ့ငွေလား. . ."

"မဝယ်လို့. . . မင်းမှာ ဝတ်စရာမှ မရှိတော့တာ. . ."

"လျှော်ပြီး ပြန်ဝတ်. . . နှစ်စုံရှိရင် ရတယ်. . ."

ဘွဲ့ဖြူက တန်းလျားလေးမှာ ထိုင်ချလိုက်သည်။

"ဒါကိုပဲ ဘာဖြစ်လို့. . . ရန်လုပ်နေရတာလဲ. . . ငွေဘယ်က
ရရ မင်းယောက်ျားကို မင်းယုံတယ် မဟုတ်လား. . . ဝယ်ပေးတာကို ယူ"

"ကိုဘွဲ့. . ."

"ပြော. . ."

"ဒီဝတ်စုံကို ရှင် ဝတ်ပါ. . ."

"ငါ ဒီလိုနေတာ. . . မင်း ရှက်တယ်ပေါ့. . ."

"ရှင်လည်း ဘာဖြစ်လို့ ဒီစကားကိုပဲ ခဏခဏ ပြောနေရတာ
လဲ. . ."

"ငါက ကောင်းကောင်း ဝတ်ထားရင် ကျောယားတတ်တယ်. .
မဝတ်ချင်ဘူး. . ."

ဘွဲ့ဖြူက နေရာမှ ထကာ စီးကရက် မီးညှိသည်။

"ကိုဘွဲ့. . ."

"ဟင်. . ."





"ရှင့်ကို ကျွန်မ အဲဒီတစ်ခုပဲ တောင်းဆိုချင်တာပါ. . . ရှင်
မနက် အပြင်သွားရင် အဲဒီ ဝတ်စုံဝတ်သွားပါ. . . ရှင့်ကို ဒီဝတ်စုံနဲ့ ကျွန်မ
ကြည့်ချင်တယ်. . ."

"ဘာထူးမှာမို့လဲ. . ."

"ဒါက ကျွန်မ ဆန္ဒပါ. . . ရှင် လိုက်လျောနိုင် မနိုင်ကိုပဲ ပြော"

မိုး ရင်ခုန် လှုပ်ရှားမိ. . .

သူ့ရဲ့ အဆင့်အတန်းကို မိုး သိချင်လို့ပါ။

လက်ရှိဘဝ ဘာဖြစ်ဖြစ် ဘွဲ့ဖြူဟာ ဘယ်လို ရုပ်ရည်နဲ့ ဘယ်
လိုသန့်ပြန့်သော အသွင်ရှိသလဲ. . .

ပြောင်းလဲသွားမည်။

ဘွဲ့ဖြူရဲ့ ဥပမိရုပ်ဟာ ဘယ်လိုပုံစံမျိုးလဲ. . .

မိုးရင်ထဲမှာ ဒီဆန္ဒတွေရှိနေခဲ့တာ မကြာသေး. . .

ဘွဲ့ဖြူကလည်း ရုတ်တရက် မဖြေဘဲ စဉ်းစားနေသည်။

ဘွဲ့ဖြူရဲ့ စုတ်ပြတ်သော အဝတ်အစားများရဲ့ နောက်မှ မလိုက်
ဖက်စွာ ဖြစ်တည်နေသည့် ရှင်းသန့် ဝင်းစိုသော အသားအရေ။

မွေးညှင်းတို့ ဖုံးလွှမ်းနေသော ခြေလက်အင်္ဂါတို့က အစ မိုးက
ခပ်စောင်းစောင်း အနေအထားမှ နေ၍ ဖူးဇုံကြည့်နေမိသည်။

ဒါဟာ မိမိကိုယ် လှအောင် ဆင်ဖို့ပဲ. . .

ဒီအတွက်လေးနဲ့ ဘွဲ့ဖြူသည်မျှ စဉ်းစားဆုံးဖြတ် နေရသတဲ့
လား. . .

ကိုယ်ပေါ်က အရေခွံ ခွာချပစ်လိုက်ရမှာ စိုးနေသည့် သဘော
မျိုးပေါ်လွင်နေသည့် ဘွဲ့ဖြူကို မိုးက မသက်သာတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဘွဲ့. . . ဒါလေးကို ရှင့်မှာ သိပ်ခက်ခဲသွားသလား. . ."

ဘွဲ့ဖြူက စဉ်းစားဟန်ပြုနေသည့် မျက်နှာကို အပြုံးနှင့် ဖုံးကွယ်ပြီးမှ မိုးဘက်လှည့်သည်။

"မခက်ခဲပါဘူး. . . ဒါပေမယ့် အသစ်တွေ ဝတ်ပြီး အပြင်တွေ မထွက်နိုင်ဘူး. . . မင်း မြင်ချင်ရင် စတ်ပြမယ်. . ."

"ဘာဖြစ်လို့လဲ. . . ရှင်က ကျွန်မကို ကတိပေးပြီ. . . ကွယ်ရာမှာ ပလပ်စတစ် လိုက်ကောက်နေတာမို့လို့လား. . ."

"မလိုအပ်လို့ပါ. . ."

ဘွဲ့ဖြူက မိုးကို စကားဆက် မခံတော့ပေ။

နောက်ဖေးခန်းဘက် လှည့်ထွက်သွားသည်။

မိုး မျက်ခုံးလေး တွန့်လျက် ကျန်ခဲ့လေသည်။



## အခန်း (၉)

"ဟယ်. . . အံမယ်. . . အံမယ်. . . မိုးတို့ အိမ်လည်တွေ ဘာတွေလာလို့ဟော့. . . ဒီနေ့ နေပူပူကြီး မိုးရွာလိမ့်မယ်. . . ထင်တယ်. . ."

မိုးက စတီးအစ်ကလေး ကိုင်ထားတာမို့ ကလေးနှစ်ယောက်က မြေးကြိုကြသည်။

"အန်တီ. . . ဘာတွေလဲ ဟင်. . ."

"ရှောက်သီးသုပ်လေ သမီး. . . မိုး ဒီနေ့ ရှောက်သီးသုပ်စားတယ် မနှင်းရဲ့. . . ကြာဇံဟင်းခါးကတော့ မကျက်သေးဘူး. . . ဒီမှာ မြည်းကြည့်ပါဦး. . ."

မနှင်းက စက်ခုံမှာ ထိုင်၍ လွှန်းအိမ်ကို ထုတ်ကြည့်နေရာမှ အယာကယာ ထလာသည်။

"မိုး လက်ရာကောင်းမှာပါ. . . တစ်ခါတည်းနဲ့ ဟင်းချက်တတ်သွားတဲ့. . . သူပဲဟာ မိုးလက်ရာက မနှင်းထက်တောင် သာအုံး



www.burmeseclassic.com

www.burmeseclassic.com



တကယ်. . ."

မိုးက ရယ်နေသည်။

ပတ်ဝန်းကျင်ကို မိုး ခင်တတ်နေပြီ။

ဘယ်လို နေထိုင် ရမယ်ဆိုတာလည်း လက်ခံထားပြီး ဖြစ်သည်။

"ဟယ် စပ်စပ်ကလေး ကောင်းလိုက်တာ. . . မိုးက တကယ် တော်တာပဲ. . . ဒီရှောက်သီးသုပ် နင့်ညီမသာ စားမိရင် သိပ်ကြိုက်မှာ အတော်ပဲ ဒီညစာ ဘာမှမချက်တာနဲ့. . . အတာ ပြန်လာရင် ဒါနဲ့ ကျွေး ရမယ်. . ."

"မနှင်း စားလိုက်ပါ. . . အိမ်မှာ အများကြီး ရှိပါသေးတယ်. ."

"ဟယ်. . . မိုးကလည်း အားနာစရာ. . ."

"အံမယ်. . . အမေကလည်း ပဲများနေပြန်ပြီ. . . လိုချင်သား များ. . ."

"ဟယ်. . . ဒီကလေး. . ."

ကောင်းထက်လေးက ဟီးခနဲ ရယ်၍ ထပြေးသွားသည်။

မနှင်းက ရှက်ရယ်ရယ်နေသည်။

"အမလေး. . . ဘာဖြစ်တာလဲ. . . ကိုစိုးရဲ့. . . လုပ်ကြပါဦး"

မနှင်းတို့ရဲ့ ခြေရင်းအိမ်က ဒေါ်ဘေဘီ အသံစူးစူးဝါးဝါးကြောင့် မိုးတို့ အရယ်တွေ ရပ်ကာ နားစွင့်လိုက်မိကြသည်။

"လမ်းထိပ်မှာ မီးသွေးချတဲ့ ကားနောက်က ခိုစီးကြတာလေ ငါ လက်ဘက်ရည်ဆိုင်ထဲက လှမ်းအော်တာ မရဘူး. . . နင့်သား တော် တော်ကဲတဲ့ကောင်. . ."

မနှင်းက ထ၍ ထရံပေါက်က ချောင်းကြည့်ကာ မိုးကို လက်ယပ်





ခေါ်သည်။

မိုးပါ လိုက်ကြည့်လိုက်တော့ စိခနဲဆို စုရုံးရောက်လာတတ်ကြသည့် လူတွေကြားထဲမှာ ဆယ်နှစ်သားခန့် ကောင်လေးတစ်ယောက်တာ သွေးသံရဲရဲနှင့်. . .

"ကားခိုစီးတာ သူ့ကျမှ ရွှေဖြစ်သလား. . . ကားသမားက ဘာ တာဝန်မှ မယူဘူးလား. . ."

ဘေးလူတွေက တစ်ယောက် တစ်ပေါက် ဝင်ပြောကြသည်။

"ဟာ. . . သွေးထွက်လွန်မယ်. . . ဆေးခန်း သွားလေဟာ"

"ဒါက ကားသမားကို တာဝန်ယူခိုင်းရမှာ. . ."

"ဘာဆိုင်လဲ. . . ကားခိုစီးတာ ဟိုကသိတောင် သိမှာမဟုတ် ဘူး. . ."

လူသံတွေက ဆူညံနေသလောက် ဒေါ်ဘေဘီက ငို၍သာနေ သည်။

မနှင်းက ချောင်းကြည့်ရတာ အားမရဘဲ မိုးလက်ကို ဆွဲ၍ ဟို ဘက်အိမ်ဆီ ကူးသွားလေသည်။

ဒီနားမှာ ရှိသမျှ အိမ်တွေထဲမှာ ဒီအိမ်လောက် စုတ်ချာသည့် အိမ်ရှိပါဦးမလား မသိ။

အိမ်လေးက ခြေရင်းခေါင်းရင်း အလွန်ဆုံးရှိမှ ခုနှစ်ပေကျော် ကျော်လောက်ပဲ ရှိမည် ထင်သည်။

ယောက်ျားကြီး တစ်ယောက် ခြေဆန့်အိပ်လို့ မရနိုင်သည့် အ နေအထား။

ဝါးကြမ်းခင်းတို့က ဖရိုဖရဲ ပေါက်ပြဲကာ. . .



www.burmeseclassic.com

www.burmeseclassic.com



နောက်ဖေး မီးဖိုချောင်ထဲက မည်းညစ်ပေပွကာ ပိုးလို့ပက်လက် ရှိနေသော စားအိုးစားခွက်များကို ဒီတိုင် လှမ်းမြင်နေရသည်။

"ဒေါ်ဘောဘီ ကလေးက သွေးတွေ တအားထွက်နေတယ်. . . ဆေးခန်း ပို့ဖို့လုပ်လေ. . ."

ဒေါ်ဘောဘီက မနှင်းနဲ့ မိုးကို မော့ကြည့်၍ မျက်ရည်သုတ်သည်။

"သွားမှာ မနှင်းရဲ့. . . အလုပ်အိမ်မှာ လုပ်ခသွားတောင်း နေတယ်. . . အိမ်မှာ ပိုက်ဆံ တစ်ပြားမှ မရှိဘူး. . . ငါလည်း မနေ့က ဈေးသီး မရှေးရလို့ ပိုက်ဆံမရဘူး. . ."

"ဒါဆိုလည်း ဒေါ်ဘောဘီ. . . ကလေးနဲ့ ဆေးခန်းကို သွားနှင့် လေ. . . ဦးစိုး ငွေယူပြီး လိုက်လာမှာပေါ့. . ."

"ငွေရဖို့က မသေချာဘူး မနှင်းရဲ့. . . မနေ့ကမှ လုပ်ခရှင်းထား တာ. . ."

"ဟော့တော်. . . ဒါဆို အဲဒီလုပ်ခတွေက ဘယ်ရောက်ကုန်လဲ"

"ဘယ်မှာ သုံးလိုက်ရလို့လဲကွယ်. . . စုမဲကြေး သုံးထောင်ပေး ရတယ်. . . မချစ်တို့ ဈေးဆိုင်မှာ ဈေးဘိုး သုံးရာဆက်လိုက်ရတယ်. . . အထည်ပေါင်ထားတာလေး နှစ်ထည်ပြန်ရွေးပြီး. . . ငွေခြောက်ထောင် က ဖြုတ်ဖြုတ်ဆို ဘယ်လိုကုန်သွားမှန်း မသိဘူး. . . ဒီညစာတောင် မ ချက်ရသေးပါဘူး မနှင်းရယ်. . ."

"ဟော. . . ကိုစိုး ပြန်လာပြီး. . ."

"ရခဲ့လား. . . ဦးစိုး. . ."

မနှင်းက အရင်လှမ်းမေးသည်။





"မရဘူးဗျာ. . . ဘယ်လိုတောင်းပန်လို့မှ မရဘူး. . . လုပ်ခငွေ ကြိုယူပြီး အလုပ်သမားတွေက နောက်လာမဆင်းဘူးတဲ့. . . ခြေသလုံး ကော်မတက် တောင်းပန်တာတောင် လုံးဝ သနားညာတာ စိတ်မရှိဘူး"

"ဒါဆို. . . ကလေးဆေးခန်းပို့ဖို့ ကျွန်မ ပေးပါ့မယ်. . . ကလေး ကိုသာ မြန်မြန်ခေါ်သွားပါ ရှင်. . ."

မိုးကို မနှင်းကစ အားလုံး တအံ့တဩ လှည့်ကြည့်ကြသည်။

လမ်းထဲမှာ ဒေါ်ဘောဘီ ဆိုတာ နာမည် တစ်လုံးနဲ့ရယ်။

ကြွေးတင် ပြန်မဆပ်ဘတ်တာ ဒေါ်ဘောဘီ။

ကြွေးတောင်းလာလျှင် ရန်တွေ့လွှတ်တာ်တာ ဒေါ်ဘောဘီ။

ရပ်ကွက်ထဲမှာ ဒေါ်ဘောဘီဆို ဘယ်သူမှ အချေးအငှား မလုပ် ချင်ကြပေ။

မနှင်းက အိမ်ပြန်ရောက်မှ မိုးကို အပြစ်တင်သည်။

"နှစ်ထောင်တောင် ဘာသို့ထုတ်ပေးရတာလဲ. . . မိုးရယ် အဲဒီ မိန်းမကြီးက သူများအကြွေးဆို ပြန်ဆပ်ချင်တာ မဟုတ်ဘူး. . ."

"မိုးကလည်း ချေးတဲ့ သဘောနဲ့ ပေးတာ မဟုတ်ပါဘူး. . . မနှင်းရယ် ကလေးခေါင်းက ဒဏ်ရာက ဘယ်လောက်ထိ ဖြစ်သွားမှန်း မသိဘူး. . . သွေးတွေက လည်ပင်းမှာ ရွှဲနစ်နေပြီလေ. . . သေလောက် မယ့် ဒဏ်ရာဆိုလည်း မိုးက အသက်ကယ် သိက်တာပါ. . ."

မိုး ရင်ထဲမှ တကယ့်ကို စိတ်မကောင်းနိုင်တာပါ။

ကိုယ်တိုင် အလုပ်ရှင်ဆိုတဲ့ နေရာကနေ မောက်မာ ရင့်သီးစွာ ပြောခဲ့ဖူးသည်လေ။

"မင်းတို့မှာ ငွေကလည်း ရတိုင်းကို နှုတ်လာကဲပေါ်ပါလား. . .



www.burmeseclassic.com

www.burmeseclassic.com



ဟင်. . . "

"ကြို့ငွေ လုံးဝမပေးနိုင်ဘူး. . . မင်းတို့လည်း ငွေလိုချင်လို့ အလုပ်လုပ်ပေးတာ. . . မင်းတို့ လုပ်အားကိုပဲ ဒို့ကလည်း တန်ရာတန်ကြေး ပေးထားတာ. . . ဘယ်သူ့အပေါ်မှာမှ မတင်ကြတာ အကောင်းဆုံးပဲ"

မိုး လုပ်ငန်းသေးသေး စလုပ်ကတည်းက အဲဒီလို တိကျခဲ့တာ ငွေကို ပြုံးပြတာ မဟုတ်ပေမယ့် 'ငါဟာ တိကျပြတ်သားရမယ်' ဆိုသည့် မာန်ကို အပြည့်တင်ထားခဲ့သည်။

ဒါမျိုး ပြောဆို ဆက်ဆံတဲ့နေရာမှာ မရွံ့မတွန့် ပြောပစ်ရဲတာ ကိုတောင်ရွံ့ကျက်ယူနေမိသေးရဲ့. . .

"အလုပ်ကို တိကျပြတ်သားတာ ကောင်းပါတယ်. . . ဒါပေမယ့် သမီးရှေ့မှာ ခံစားနေကြတဲ့ လူတွေဟာ တရားခွင်ထဲ အမှုသည်တွေမှ မဟုတ်ဘဲကွယ်. . . ပုဒ်မတွေ ဥပဒေတွေ အတိုင်း စီရင်ချက်မချပါနဲ့. . . ဒါဆိုဒါပဲ. . . တစ်သမတ်တည်း ကြိုးချည်မထားပါနဲ့. . .

. . . အားလုံးဟာ ဆင်းရဲသားတွေပါ. . . လူလူချင်း စာနာမှုနဲ့ ဆက်ဆံပါ သမီးရယ်. . . "

ဖေဖေက တဖွဖွ သတိပေးသည်။

"ဟုတ်တယ်. . . သမီး မေမေ့သမီးဟာ ခုကတည်းက အပြောပြတ်တယ်. . . ရက်စက်တယ်. . . အဲဒီစက်ရုံက စည်းကမ်းကြီးတယ်. . . အဲဒီလို နာမည်တွေ ထွက်လာပြီ. . . ဒါဟာ ကောင်းတော့ကောင်းတယ် ဒါပေမယ့် သိပ်စောလွန်းသေးတယ် သမီး. . . သမီး ဒီအရွယ်လေးနဲ့ ရက်စက်တတ်တဲ့ စိတ်မထားသင့်သေးဘူး. . . အလုပ်ရှင်ဆိုတာ အလုပ်သမားက ချစ်မှ ကြီးပွားတိုးတတ်တာ. . .





. . . သမီးက ငွေနဲ့ရင်းထားသလို သူတို့က လုပ်အားနဲ့ရင်း ပေးတာပဲ. . . သမီးရဲ့ စီးပွားတစ်ခုလုံးက သူတို့ လက်ထဲမှာရှိတယ်. . . အဲဒီတော့ အလုပ်သမား အလုပ်ရှင် အပေါ် စေတနာပိုလာဖို့ဆိုတာ အလုပ်ရှင်က အရင် စေတနာထားကြရမယ်. . .

. . . အလုပ်ရှင်လို မနေဘဲ ခေါင်းဆောင်ကောင်းလို နေကြ နိုင်ရမယ်. . . ကိုယ်ကတော့ မပေးချင်ဘဲ သူ့ဆီက လိုချင်လို့ မရဘူး. . . "

မေမေ ပြောတဲ့စကားတွေရဲ့ ထန်ဖိုးကို မိုး ခုမှ တရေးနိုး သတိ ရကာ မျက်ရည်တွေ လည်လာတဲ့ အထိ နားလည် သက်ဝင်ခဲ့ပါလေသည်။

ဆင်းရဲသားတို့ ကြားထဲမှာ ဝင်ရပ်လိုက်မှာ ဆင်းရဲသားရဲ့ ပတ်ဝန်းကျင်ကို မိုး မြင်ခဲ့ရသည်။

ဒီလို ဘဝမျိုးတွေလည်း ရှိပါသေးလား ဆိုသည့် ဖုံခြေစိတ်နှင့် ကိုယ်တိုင် ဒီပတ်ဝန်းကျင်မှာ နေရသည်မို့ စာနာခြင်းဆိုသော စိတ်သည် ဘယ်ကဘယ်လို တိုးဝင် ရောက်ရှိလာမှန်း မသိ။

"ကျေးဇူးတင်လိုက်တာ ညီမလေးရယ်. . . ညီမလေးပေးတာ အချိန်မီလေးပါပဲ. . . နောက်နာရီဝက်လောက်သာ ကြာရင် ကလေးက သွေးထွက်လွန်ပြီး ဒုက္ခများသွားနိုင်တာ. . .

. . . ဘယ်သူမှ ကူညီရမှန်း မသိပါဘူးကွယ်. . . ညီမလေး ငွေ တို့ အစ်မ ပြန်ဆပ်ပါ့မယ်နော်. . . "

"ရပါတယ်. . . မိုးက ကူညီတာပါ. . . ဒီငွေကို ခေါင်းထဲမထည့် ပါနဲ့. . . "

ခုမှ ပြန်ရောက်၍ ထမင်းစားနေသည့် ဘွဲ့ဖြူက နားမလည် သည့်ပုံနှင့် မိုးတို့ဆီ လှမ်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အရေးဆို ကိုယ့်အလုပ်ရှင်ရယ်လို့လည်း အားမကိုးရပါဘူး ကွယ်. . . ဒင်းတို့က ငွေကိုင်ပြီး လူတွေကို နွားလိုရုန်းနေရင် သဘောကျတယ်. . . အစာတောင်းရင် ရန်လုပ်တယ်. . . ဒါကြောင့်လည်း ဒီအလုပ်ရှင်မျိုးတွေ ရေရှည်မကြီးပွားကာပေါ့. . .

. . .အစ်မလည်း ခုတော့ ကိုစိုးကို ဒီ့ပြင် သစ်စက်ပြောင်းခိုင်းထားတယ်. . . ကိုကိုးက အဲဒီစက်မှာဆို သူတို့ လက်ရုံးတစ်ဆုလို့ အားကိုးနေရတယ်. . . သစ်သွားတိုက်လည်း ကိုစိုး. . . စက်ထဲမှာလည်း ကိုစိုး ပစ္စည်းသွားပို့လည်း ကိုစိုးမပါရင် ပြီးတာ မဟုတ်ဘူး. . .

. . .'ဒီ့ပြင် အလုပ်သမားတွေလို ကိုစိုးက ဒါလုပ်ဆိုမှ လုပ်တတ်တဲ့ လူမှတ်လို့ ဟင်. . . ခုတော့ ဒင်းတို့သိမယ်. . . ငါ့ညီမသာ မကူညီရင် ဒင်းတို့ ရက်စက်လို့ ခုလောက်ဆို ငါ့သားလေး သေမျာ သေမလားပဲ. . . လေးချက်တောင် ချုပ်ရတာ. . . ညီမရယ်. . . သိလား. . . ဘယ်တော့မှ မကျေဘူး. . . နောက်မှ ငါတို့စက်မှာ လာလုပ်ပါဆိုပြီး ငွေတစ်သိန်းလောက် လာပုံပေးလည်း မလုပ်ဘူး. . . လာကြည့်. . ."

ဒေါ်ဘေဘီက တကယ့်ကို ခံပြင်းနေသည်။

သူပြောသမျှ မိုးကို လာပြောနေသည့် အတိုင်း မိုး ရင်ထဲမှာ မလုံမလဲနှင့် ခေါင်းညိတ် ထောက်ခံဖို့တောင် မဝံ့ရဲသည့် အဖြစ်။

"ဒေါ်ဘေဘီ ဘာလုပ်တာလဲ. . ."

ဘွဲ့ဖြူက ထမင်းစားပြီး ထွက်လာရင်း မေး၏။

မိုးက နေ့လည်က ကိစ္စကို ပြောပြကာ. . .

"ရှင်ပေးထားတဲ့ ငွေထဲက မိုး သူ့ကို ငွေနှစ်ထောင်ပေးလိုက်တယ်. . . အဲဒါ. . ."





'ကျွန်မ' လို့အမြဲ ပြောနေရာမှ 'မိုး' ဆိုသည့် အသံလေး ထွက်လာတာကို ဘွဲ့ဖြူ သတိထားမိကာ ပြုံးလိုက်မိသည်။

"ကလေးက ကောင်းသွားပြီလား. . ."

"အင်း. . ."

"ဟုတ်တယ်. . . အဲဒီ ဦးစိုး အလုပ်လုပ်တဲ့ သစ်စက်က အလုပ်ရှင်က သိပ်အပေါက်ဆိုးတာ. . . လင်ရော မယားရောပဲ. . . မမြဲဘူး. . . ငါလည်း ဦးစိုးနဲ့ လိုက်ပြီး ဆယ်ရက်လောက် လိုက်လုပ်ဖူးသေးတယ်. . . တကယ် လက်လန်တာပဲ. . ."

ဘွဲ့ဖြူက မိုးရဲ့ဘေးမှာ ဝင်ထိုင်သည်။

"တကယ်လို့များ မင်းနဲ့ငါ ကြီးပွားချမ်းသာလို့ လုပ်ငန်းရှင်သူဌေးတွေဖြစ်ကုန်ကြရင် အလုပ်ရှင်နဲ့ အလုပ်သမား ဒီလိုပဲ ဆက်ဆံသင့်တယ်လို့ မင်းလက်ခံမလား. . ."

"အို. . . လက်မခံပါဘူး. . . မိုး အစက မှားခဲ့ဖူးတယ်. . . မိဘဆုံးမတာတောင် နားမဝင်နိုင်တဲ့ အထိ. . . ကိုယ်ဘာလုပ်လုပ် အောင်မြင်နေခဲ့တော့ မာနတွေ ဝင်နေခဲ့တယ်. . ."

မိုး အသံလေး တိမ်သွားကာ ခပ်ငေးငေး ဖြစ်သွားသည်။

ဟိုတစ်နေ့က လိုင်းကားတိုးစီးရတဲ့ နေ့ကလည်း ရင်ထဲမှာ ထိရှခဲ့တာပါပဲ။

"မင်းတို့ကို အလုပ်ချိန် သတ်မှတ်ပေးထားတာ. . . သူများထုံးစံပဲ. . . မိုးမလင်းခင်လာဖို့ ခေါ် ထားတာမှ မဟုတ်ဘဲ. . . အများတောင် အချိန်မီလာနိုင်သေးရင် ကိုယ်လည်း လာနိုင်ရမှာပေါ့. . . မင်း တစ်ယောက်တ စပြီး တစ်ရာအထိ အားလုံးကို ပုံစံပျက်မခံနိုင်ဘူး. . . ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



မင်းပြန်တော့. . ."

"မမရယ်. . . ကျွန်မ ထွက်ခဲ့တုန်းက အချိန်မီပါတယ်. . . ကား တက်လို့ မရလို့. . ."

"ဟော့. . . သူပြန်တာနဲ့ တံခါးပိတ်ပစ်. . . နောက်ကို ဆယ်မိနစ် ထက် နောက်ကျလာရင် ငါ့ဆီ ဘယ်သူမှ ခေါ်မလာနဲ့. . ."

မိုး အဲဒီလောက်ထိ ဆိုးခဲ့တာ. . .

သည်စဉ်က အထည်စက်ကြီးလည်း မထူထောင်ရသေးပါ။

စက္ကူစက် လုပ်ငန်း သေးသေးလေးနဲ့တောင် 'ငါကွ' ဆိုတဲ့ မာန က အပြည့်။

ဘွဲ့ဖြူက မိုး မျက်နှာလေးကို စိတ်ရှည်လက်ရှည် စောင့်ကြည့် နေလျက် ဘာစကားမှ ဝင်မပြောပေ။

"မိုး လုပ်ငန်းရှင်ဆိုတဲ့ နေရာမှာ ရပ်တည်ဖို့ ဆန္ဒတောင် မရှိ တော့ဘူး. . . ယောဘတွေ မာနတွေကို ပြန်ပြီး ဖက်တွယ်ရမှာ စိုးတယ်"

ဒီတော့မှ ဘွဲ့ဖြူက. . .

"လက်ဖဝါးကို မှောက်လိုက်တာရော လှန်လိုက်တာရော ကိုယ် ပါပဲ. . . ကိုယ့်အလုပ်ကို ဖြစ်ခဲ့တာချည်းပဲ. . . အဓိက က ကိုယ့်လုပ်ရပ် အပေါ် ယုံကြည်ချက် ထားသလို ကိုယ့်စိတ်အမြဲ ဖြူစင်နေဖို့. . ."

မိုးက ဘွဲ့ဖြူ မျက်နှာ ချောချောကို လှည့်ကြည့်သည်။

ဒီယောက်ျားဟာ ပြောလိုက်တဲ့ စကားအတိုင်းက လူနဲ့မလိုက်။

အကြောင်း တိုက်ဆိုင်လာတိုင်း ဒေါသ မာန ဆိုတာကို မဖဖေ လိုပဲ မကြာခဏ ထည့်ပြောတတ်သူ။

အပေါ်အင်္ကျီမပါဘဲ ခွပ်ကျယ်ချိုင်းပြတ် အဖြူလေးနှင့် လေး





ညှင်းရောင် ပုဆိုးကွက်စိတ် ဝတ်ထားသည့် အသားဖြူဖြူသည် မီးရောင် အောက်မှာ ဝင်းနေစ်လျက် မျက်နှုံးတန်း ထူထူနှစ်ဘက်က ညိုမှောင်ကာ ကြည့်အကောင်းဆုံးက ထင်းနေသည့် နှာတံဖြစ်သည်။

ဤယောက်ျားရဲ့ ကောင်းခြင်းများစွာထဲမှာ ပလပ်စတစ် ကောက်သမားရဲ့ အင်္ဂါရပ်မျိုး စိုးစိမျှ မရှိပါလား. . .



www.burmeseclassic.com

www.burmeseclassic.com

"ဒါတွေ ဘာလုပ်ဖို့လည်း ကိုဘွဲ့. . . ဘာတုတွေလား. . . အစစ်တွေလား. . ."

လက်စွပ်နှစ်ကွင်း လက်ကောက်တစ်ရံ ဆွဲကြိုးလေး တစ်ကုံးအားလုံးက ခပ်ပါးပါးလေးတွေပေမယ့် ကိုယ့်အခြေအနေက ရွှေထည်ပစ္စည်း ဝတ်နိုင်လောက်အောင် ပိုလျှံခဲ့တာ မဟုတ်။

မိုး မေးတာကို ဘွဲ့ဖြူက ပြန်မဖြေဘဲ အခန်းထဲ ဝင်သွားသည်။

ပြန်ထွက်လာတော့ မိုး ငယ်ပေးသည့် ဝတ်စုံနှင့်. . .

အမြဲ ပွပွအုပ်အုပ်ကြီး ပစ်ထားသည့် ဆံပင်ရှည်တွေကိုလည်း နောက်လှန်၍ သပ်သပ်ရက်ရက် ဖြီးထားသဖြင့် ဘောင်းဘီအနက် အကျႌပုစွန်ဆီရောင်ဖျော့ဖျော့နှင့် ဘွဲ့ဖြူ ပုံစံက အမြဲတမ်း နေလာသည့် ဘွဲ့ဖြူဆိုတာနှင့် တစ်ခြားစီ။

"မိုး. . ."

"ဟင်. . ."

ဘွဲ့ဖြူက မိုးလက်ကို ဆွဲကာ. . .





"မင်း အမေ တော်တော်လေး ဖျားနေတယ်. . . အခု မင်းကို ငါ လိုက်ပို့မလို့. . ."

"ရှင်. . ."

မိုး ရင်ထဲမှာ ဟိုက်ခနဲ ပူလောင်သွားလေသည်။

ထွက်လာကတည်းက မေမေ့ဆီ မရောက်ခဲ့တော့တာ ငါးလတိတိရှိပြီ။ မိုးကို လွမ်းသည့်စိတ် ငှါသမီးလေး ဘယ့်လို ဘယ်လောက်များ ဆင်းရဲရှာမလဲ ဆိုသည့် ပူပင်စိတ်များနှင့် မေမေ အိပ်ယာထဲ လဲလေသလား. . .

မိုး မျက်ရည်တွေ ချက်ချင်း ပြည့်အိုင်လာသည်။

"မင်းကို မြင်ရင် မင်းရဲ့မိဘ စိတ်ချမ်းသာ သွားစေချင်ဘယ်လေ. . . မင်းလည်း စိတ်ချမ်းသာစေချင့်မှာပါ. . . သွား ရေချိုး လှလှပပ ဝတ်ပြီး ထွက်ခဲ့. . ."

"မေမေ. . . မေမေ သိပ်ဖြစ်နေလား ဟင်. . . စိုးရိမ်ရသတဲ့လား. . . ရှင် ဘယ်လိုလုပ် သိခဲ့တာလဲ. . ."

မိုးက ဆက်တိုက်မေးသည်။ ပါးပြင်သို့ မျက်ရည်စက်တို့လည်း ဖိတ်စင်လာသည်။ ဘွဲ့ဖြူက မိုးမျက်ရည်စက်တွေကို သုတ်ပေး၍. . .

"သိပ်စိုးရိမ်စရာ မရှိဘူးတဲ့. . . မင်း ရောက်သွားရင် ပျောက်သွားမှာပါ. . ."

မိုး ချက်ချင်း အခန်းထဲ ပြေးဝင်ခဲ့သည်။ တတ်နိုင်လျှင် ခုချက်ချင်းပဲ မေမေ့ဆီ အရောက်သွားချင်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"မေမေကြီးရေ. . . မမလေး လာပြီ. . ."

နားထဲမှာ အေးမြစွာ စီးဝင်သွားသည့် စကား။

နှမ်းလှစွာ မှိတ်ထားခဲ့မိသည့် မျက်ဝန်းများ ဖျတ်ခနဲ ပွင့်လာသည်။

သူ့မျက်ဝန်းရှေ့မှာ ဘာမှမရှိပါလား. . .

ဒေါ်နုယဉ် နားစွင့်တွေဝေနေဆဲ. . .

"မေမေ. . ."

အခန်းဝမှာ မျှော်လင့် စောင့်စားခဲ့ရပါသော မျက်နှာလေး တစ်ခု ဖျတ်ခနဲ ပေါ်လာသည်။

"သမီး. . . သမီးလေး. . ."

"မေမေ. . ."

ဒေါ်နုယဉ် ဖျတ်ခနဲ ထထိုင်လိုက်သည်နှင့် မိုးက သူ့ရင်ခွင်ထဲ ပြေးဝင်ဖက်တွယ်လေသည်။





"သမီး. . . မေမေ့ သမီးလေး. . ."

သားအမိ နှစ်ယောက် ရုတ်တရက် စကားမပြောနိုင်ကြသေးဘဲ မျက်ရည်တွေသာ ကျနေမိကြသည်။

အတော်ကြာမှ မိုး ပခုံးလေး နှစ်ဘက်မှ ဆွဲခွာ၍ မျက်နှာလေးကို စေ့စေ့စပ်စပ် ကြည့်သည်။

ဒေါ်နုယဉ် ထင်ထားခဲ့သည်က ဆင်းရဲစုတ်ပြတ်နေမည့် သမီးလေး။

အခုမြင်ရသည်က မုလဲရောင် ပိုးသားဝတ်စုံလေးနှင့် ဆံပင်တွေကို မြင်နေကျတိုင်း ဖြန့်ချကာ ဘယ်အရာမှ ပြောင်းလဲခြင်း မရှိခဲ့သော သမီးမျက်နှာလေးက လှလိုက်ပါဘိ။

"သမီး. . . သမီးလေး. . . ဘာမှ မဖြစ်ဘူးပေါ့. . . သမီး စိတ်ချမ်းသာနေတယ်ပေါ့နော်. . ."

"သူပါလာသလား. . ."

"ပါတယ် မေမေ. . . ဖေဖေနဲ့ စကားပြောနေတယ်. . ."

သားမက်ဟာ ဘာပဲဖြစ်နေနေ ကိုယ့်သမီးလေး အပေါ် ဂရုစိုက်သည်ဆိုတာနှင့် ဒေါ်နုယဉ် မကျေနပ်သမျှ အားလုံးကို မေ့ပစ်လိုက်နိုင်ပါး

မိုးက အတော်ကြီး ပိန်ကျသွားသည့် မေမေ့ ပါးကို ခပ်ဖွဖွ နမ်းလိုက်သည်။

"သမီး. . . မေမေ နေမကောင်းတာ ကြားလို့လာတာလားဟင်"

"ဟုတ်တယ်. . . မေမေ. . . သမီး မေမေ့ကို စိတ်ပူလွန်းလို့ပြေးလာတာ. . ."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နုယဉ် မျက်နှာပျက် သွားရှာသည်။

"ဒါဆို. . . သမီးက အလည်လာတာမေါ့. . . မေမေ့ကို ထားခဲ့ပြီး ပြန်လိုက်သွားဦးမှာပေါ့နော်. . ."

မိုး နင့်ခနဲဖြစ်သွားမိသည်။

"မေမေကတော့လေ. . . သမီးလေးကို လွမ်းလိုက်ရတာ. . . ဘယ်မှာလိုက်ရှာရမှန်းလည်း မသိ. . . မောင်ဘွဲ့ သမီးကို မေမေတို့နဲ့ ဝေးရာခေါ်သွားပြီး ဘာရည်ရွယ်ချက်တွေနဲ့ ဘယ်လိုများ ဆက်ဆံနေသလဲ. . . နှိပ်စက်နေမလား. . . ဥပေက္ခာ ထားနေမလား. . . အမျိုးမျိုးတွေးပြီး ညတိုင်း အိပ်ရေးပျက်ရာကနေ ဒီလိုဖြစ်သွားခဲ့ရတာ. . ."

မိုး မျက်ရည်ကျမိသည်။

မိဘနဲ့ သားသမီးရဲ့ မေတ္တာချင်းက ဆီနဲ့ရေလို ကွာလှသည်။

မိုးကတော့ အသစ်သစ်သော ပတ်ဝန်းကျင် ထိတွေ့မှု စိတ်ဝင်စားမှုတွေကြားမှာ နစ်မွန်းမေ့ပျောက် ထားနိုင်ခဲ့သလောက် မိဘကတော့ မအိပ်နိုင် မစားနိုင် ပူပင်နေရတဲ့ အဖြစ်။

"သမီးတို့ မေမေတို့နဲ့ လာနေပါလား ဟင်. . ."

မိုး ဘာပြောရမှန်း မသိ။

ထိုစဉ် အခန်းထဲ ဝင်လာကြသူတွေက ဦးမိုးမြင့်မောင်နှင့် ဘွဲ့ဖြူ ဘွဲ့ဖြူ၏ မြင့်မားသော အရပ်ကြီးနှင့် သေသပ်ကျနစွာ ဆင်ယင်မှုကို ဒေါ်နုယဉ် တအံ့တသြ ကြည့်လေသည်။

"အန်တီ ခုလိုထိ ဖြစ်သွားတဲ့အတွက်. . . ကျွန်တော် တောင်းပန်ပါတယ်. . ."

ဘွဲ့ဖြူက ဝင်လာလာခြင်း တောင်းပန်သည်။





"ကျွန်တော် အရင်နေတဲ့ အိမ်က လူတအားများပြီ. . . တော်တော်လည်း ကျဉ်းတာကြောင့် မိုးကို ကျွန်တော် တစ်ခြားတစ်နေရာ ခေါ်သွားခဲ့တာပါ. . . တမင် ခေါ်ထုတ်သွားတာ မဟုတ်ပါဘူး. . . အဲဒါကို ခွင့်လွှတ်ပါ. . ."

ဒေါ်နုယဉ်ရဲ့ ခံစားချက် တစ်ချို့ကို ဦးမိုးမြင့်မောင်က ပြောပြထားပြီး ဖြစ်ပေလိမ့်မည်။

ဒေါ်နုယဉ်က ခပ်ယဲ့ယဲ့ အပြုံးကို ဆောင်၍ ခေါင်းညိတ်သည်။

"ရပါတယ်ကွယ်. . . သမီးလေးကို ခုလို ကောင်းကောင်းမွန်မွန် မြင်လိုက်ရတာကိုပဲ ဝမ်းသာလှပါပြီ. . ."

ဦးမိုးမြင့်မောင်က ချောင်းတစ်ချက်ဟန့်၍. . .

"ကဲ. . . လူစုံတုန်း မပြောမပြီးတာကို ပြောရဦးမယ်. . ."

ဒေါ်နုယဉ်မှလွဲ၍ မိုးနဲ့ ဘွဲ့ဖြူတို့ စိတ်ဝင်တစား နားထောင်နေကြသည်။

"မောင်ဘွဲ့ကလည်း ဟိုအရင် ဘားစပ်မိကြတုန်း ကတည်းက သမီးနဲ့ပတ်သက်တဲ့ အကြောင်း ဦး ပြောမိဖူးပါတယ်. . . မန္တလေးက ဦးနေရောင် ဒေါ်မြတ်သစ်တို့ရဲ့သား မောင်နေတန်ခိုး ဆိုတာ. . ."

ဦးမိုးမြင့်မောင်က မျက်နှာလည်းပူ မပြော၍လည်း မဖြစ်သည့်နှယ် အဲ့ဆိုင်းဆိုင်း ဖြစ်နေလေသည်။

"ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်း ပြောပါဦး. . . သိသင့်တဲ့ အရာမို့ ဦး မလွှဲသာလို့ ပြောရတယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်"

ဦးမိုးမြင့်မောင်က ပင့်သက်ရှိုက်လျက် ခေါင်းညိတ်သည်။

"ဟုတ်တယ်. . . ဒါက မပြောလို့ မဖြစ်ဘူး. . . လွန်ခဲ့တဲ့ တစ်



www.burmeseclassic.com

www.burmeseclassic.com



ပတ်ကျော်ကျော်လောက်က စာတစ်စောင် ရောက်လာတယ်. . . မိဘမရှိ မရှိတော့တဲ့ မောင်နေတန်ခိုးဆီကပေါ့. . . သူ့ရဲ့မွေးနေ့ဖိတ်စာပါ ပါလာတယ်. . . သမီးနဲ့သူ့ကို လက်ထပ်ပေးဖို့ စီစဉ်ထားတဲ့ ကိစ္စအတွက် အစက သူမသိခဲ့ပါဘူးတဲ့. . .

. . . မနှစ်က သူ့မွေးနေ့မှာမှ သူ့ရဲ့ဘဏ္ဍာထိန်းကြီး ထုတ်ပေးခဲ့တဲ့ ဖခင်အလုပ်သူရဲ့ သေတမ်းစာကို ဖတ်ခွင့်ရခဲ့တဲ့ အကြောင်း ဦးနေရောင်ရဲ့ သေတမ်းစာမှာ ဦးတို့ရဲ့သမီး 'မိုးမကာမြင့်'ဆိုတဲ့ မိန်းကလေးနဲ့ လက်ထပ်ပေးဖို့ ဆန္ဒရှိတဲ့ အကြောင်းနဲ့ မောင်နေတန်ခိုးနဲ့သမီးတို့မှာ အဲဒီအချိန် နှစ်ဦးနှစ်ဖက် လက်ထပ်ဖို့ သိပ်အခက်အခဲ မရှိနိုင်ဘူးဆိုရင် မင်္ဂလာကိစ္စ ဖြစ်မြောက်စေချင်ကြောင်း သေချာရေးခဲ့သတဲ့. . .

ဦးမိုးမြင့်မောင်က ဘွဲ့ဖြူမျက်နှာကို တစ်ချက်ကြည့်၍ ခဏနားသည်။

"သူအဲဒီသေတမ်းစာကို ဖတ်ရတဲ့ အချိန်မှာ လုံးဝအားလပ်ခဲ့တဲ့ အတွက် အကြောင်းမကြား မဆက်သွယ်မိတာကို ခွင့်လွှတ်ဖို့ တောင်းပန်ထားတယ်. . . ခု လာမယ့် သူ့မွေးနေ့မှာ မိသားစုလုံး ဆက်ဆံလာဖို့နဲ့ အဆင်ပြေမယ်ဆိုရင် မင်္ဂလာကိစ္စကိုပါ ဦးကပဲ. . . သင့်မသင့် စီမံပေးဖို့ ဒီကို သူမလာနိုင်တာ ခွင့်လွှတ် ဖို့လည်း အသက်ထပ် တောင်းပန်တယ်. . ."

"သူဟာသူ ရှိခိုးပြီးပဲ တောင်းပန် တောင်းပန်. . . ဒီကိစ္စ ဆွေးနွေးဖို့က ဖေဖေတို့က သွားဖို့မလိုပါဘူး. . . ဖေဖေ. . . ငါ့လက်အောက်က လူပဲဆိုပြီး ဒါ သက်သက်ကြောတာ. . ."

မိုးက မခံမရပ်နိုင် ဝင်ပြောသည်။





"အပေါ်ယံ ကြည့်ရင် ဒီလို ထင်မှာဖြစ်ပေမယ့် မောင်နေတန်ခိုးလို လူမျိုးက သူ့အတွက် အချိန်တိုင်းဟာ သိပ်တန်ဖိုးရှိတယ်. . . သမီးရဲ့ ဒါကို ဖေဖေတို့က နားလည်နေတယ်. . . ပြီးတော့ ဦးနေရောင်ရော သူကိုယ်တိုင်ပါ ခုချိန်ထိ ဖေဖေတို့ရဲ့ ကျေးဇူးရှင် ဘယ်လိုအကြောင်းနဲ့ပဲ ဖြစ်ဖြစ် မွေးနေ့ဖိတ်တာကိုတော့ သွားရလိမ့်မယ်. . ."

မိုးက ဘွဲ့ဖြူ မျက်နှာကို လှမ်းကြည့်သည်။

ဘွဲ့ဖြူက မျက်ခုံးထူထူတွေကို စုကျုံ့လျက် ကြမ်းပြင်ကို စိုက်ကြည့်နေ၏။

ဘာကြောင့်မှန်း မသိဘဲ မိုး ဝမ်းနည်းသွားမိသည်။

သူက နေတန်ခိုးထက် အများကြီး စုတ်ပြတ် နုံချာတဲ့သူ။

သူ ပိုဝမ်းနည်းနေလိမ့်မည်။

ဦးမိုးမြင့်မောင် ဆက်၍. . .

"လက်ထပ်ဖို့ ကိစ္စကတော့ သမီးက အိမ်ထောင်ကျသွားပြီဆိုတော့ ကိုယ့်ဘက်က ဘယ်လိုမှ မဖြစ်နိုင်တော့ဘူးလေ. . . ဒါကိုလည်း ပွင့်ပွင့်လင်းလင်းပဲ ပြောရမှာပဲ. . . မန္တလေးကို သမီးနဲ့ မောင်ဘွဲ့ လိုက်ခဲ့ရလိမ့်မယ်. . ."

ဘွဲ့ဖြူ ဆတ်ခနဲ မော့လာသည်။

"အို. . . မလိုက်ချင်ပါဘူး ဖေဖေ. . . သူနဲ့ကိုယ်နဲ့လည်း ဘာမှ ပတ်သက်ဖို့ ရှိတော့တာ မဟုတ်ဘဲနဲ့. . ."

"သားရေးသမီးရေးနဲ့ မပတ်သက်ရတော့ပေမယ့်. . . စီးပွားရေးကတော့ ဖေဖေတို့ စီးပွားရေးက မောင်နေတန်ခိုးပေါ်မှာ မှီနေရသေးတယ် သမီး၊ အခု သမီးဘက်က ပျက်ကွက်ခဲ့တဲ့ အဖြစ်ဟာ ဖေဖေတို့အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လည်း မကင်းခဲ့ဘူး. . . ဒါကို တစ်ဦးနဲ့တစ်ဦး မျက်နှာမပျက်ရအောင် ရှင်းပြမှဖြစ်မယ်. . ."

"မိုးကိုပဲ ခေါ်သွားပါဦး. . . ကျွန်တော် ကျေကျေနပ်နပ် ထည့်ပါတယ်. . ."

"မင်းကရော. . ."

"ကျွန်တော် မလိုက်ချင်ဘူး. . ."

"အို. . . မိုးလည်း မလိုက်ချင်ပါဘူး. . ."

မိုးကလည်း လက်မခံ။

"မလိုက်လို့ ဘယ်ဖြစ်မလဲ သမီးရယ်. . . သမီးကို သွားပြတာမျိုးမှ မဟုတ်ဘဲ. . . မေမေတို့ဘက်က ရဲရဲဝံ့ဝံ့ ရင်ဆိုင်တဲ့ သဘောပါ။ မောင်ဘွဲ့လည်း လိုက်လို့ရပါတယ်. . ."

"ကျွန်တော် မလိုက်ချင်လို့ပါ အန်တီ. . ."

ဘွဲ့ဖြူက မိုးဘက် လှည့်ကြည့်ကာ. . .

"အန်တီလည်း နေမကောင်းဘူးဆိုတော့ ခရီးထွက်နိုင်အောင် ကျန်းမာဖို့လိုလိမ့်မယ်. . . မင်း ဒီမှာပဲနေပြီး အန်တီ့ကို ပြုစုပေးလိုက်ပါ. . . ပြီးတော့ မန္တလေးကို လိုက်သွားလိုက်ပါ. . . ငါ ခွင့်ပြုပါတယ်"

ဘွဲ့ဖြူက မိုးဘာမှ မပြောရသေးဘဲ အားလုံးကို နှုတ်ဆက်၍ ပြန်သွားလေသည်။

ဘာကြောင့်မှန်း မသိဘဲ ငိုချင်လာတာကို မိုး မနည်းကြိုး ထိန်းလိုက်ရသည်။

"မောင်ဘွဲ့က စိတ်ဆိုးသွားတာများလား အစ်ကို. . ."

"မဟုတ်နိုင်ပါဘူး. . . ဒါ သူ့ သဘောထား ပြည့်တာကို မြသွား





ဘာပါ. . . ပြီးတော့. . ."

"အို. . . ဖေဖေ ဘာပြောပြော သူမလိုက်ဘဲ သမီးကတော့ မလိုက်ဘူး. . ."

မိုးက အနိုင်အမာ ပြောသည်။

"မိုးက အိမ်ထောင်သည် ဖြစ်နေကာမှ ယောက်ျားကို ထားခဲ့ပြီး သူနဲ့သွားတွေ့ရမှာ စိတ်လည်း မသန့်ဘူး. . . ပြီးတော့ သူက ကိုယ့်ယောက်ျားထက် အစစ အရာရာ သာနေတဲ့သူ. . . ကိုဘွဲ့ ဘယ်လိုခံစားကျန်ခဲ့မလဲ. . . ဖေဖေ စဉ်းစားကြည့်ပါဦး. . ."

ဦးမိုးမြင့်မောင်က ခေါင်းညိတ်သည်။

"ဒါလည်း မှန်တယ်. . . ဖေဖေတို့လည်း သူ့ကိုထားခဲ့မယ်ဆိုတဲ့ စိတ်ကူး အစကတည်းက မရှိခဲ့ပါဘူး. . . မွေးနေ့က လိုပါသေးတယ်. . . သမီး မောင်ဘွဲ့ကိုရအောင် ခေါ်ကြည့်ပါဦး. . . သူအားယေလို့ မလိုက်တာဖြစ်မှာပါ. . . ဒါပေမယ့် ဘာပဲဖြစ်ဖြစ် သမီး မလိုက်လို့ မရဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com

"ညဲက အစ်ကို အခန်းထဲက မီးရောင်ကို တရေးနိုးတိုင်း တွေ့နေတယ်... ကျေနပ်မိန်းမ မရှိတာနဲ့ တစ်ညလုံး မအိပ်ဘဲ ထိုင်နေတယ် ထင်တယ်..."

"မဟုတ်ပါဘူးကွာ... မီးမပိတ်ဘဲ အိပ်ပျော်သွားလို့ပါ..."

မိုး ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားသည်။

အိမ်ပေါ်မှာ မနှင်းတို့ သားအမိတွေ ရောက်နေတယ် ထင်ပါရဲ့။

"ဟယ်... ဟိုမှာ အန်တီရယ်..."

သဲသဲလေး အသံကြောင်း အိမ်ပေါ်က အသံတွေ တိတ်ကျသွားသည်။

မိုး ရပ်မနေတော့ဘဲ အိမ်ပေါ်တက်လာခဲ့သည်။

အတာ ထိုင်ရာမှ ထလာကာ...

"မမရောက်လာတာ အတော်ပဲ... အတာတို့ ဒီနေ့ အလုပ်ပိတ်ရက်မို့ မုန့်ဟင်းခါးချက်စားတာ... အဲဒါ လာပို့တာလေ... ဒီရောက်





မှ မမ မရှိမှန်း သိတာ အစ်ကိုပြောတော့ မမက မမ မေမေ့နေမကောင်းသေးလို့ ဟိုမှာ ကြာဦးမှာဆို..."

"ဟုတ်တယ်... သီမရဲ့... ပြန်သွားရမှာ... သူ့ကို ပြောစရာရှိတာနဲ့ လိုက်လာတာ..."

"ကဲ... ကဲ... သူတို့ ဆွေးနွေးစရာ ရှိသတဲ့... ငါတို့ သားအမိ အလိုက်သိမှ ဖြစ်မယ်... လာကြ..."

မနှင်းက သဲသဲကိုပါ ဆွဲခေါ်၍ ရယ်ရယ်မောမောနှင့် ထသည်။

အတာက ပြုံးစိစိနှင့် နောက်ကလိုက်သွား၏။

ဘွဲ့ဖြူ မျက်နှာခါတိုင်းလို မဟုတ်ဘဲ အနည်းငယ် တည်နေသလို ဖြစ်နေတာ ကိုယ့်စိတ်ထင်လို့လား...

"မင်း ဘာနဲ့လာခဲ့တာလဲ... မိုး အပြင်မှာ ကားရပ်ထားသလား..."

"ဟင့်အင်း... ကကနဲ့ သာတာ လမ်းထိပ်မှာ ဆင်းပြီး မြန်မြန် လှမ်းလျှောက်ပြီး..."

ဒီတော့မှ ဘွဲ့ဖြူ မျက်နှာ အနည်းငယ် ပြေသွားသလို ရှိ၏။

"ရှင် အလုပ်မသွားဘူးလား..."

ဘွဲ့ဖြူက တန်းလျားပေါ်မှာ ထိုင်နေရာက ထကာ အခန်းထဲ ဝင်သွားသည်။

မိုး နောက်က လိုက်ဝင်ခဲ့သည်။

"ရှင့်ကို ကျွန်မ ပြောစရာရှိလို့ လာခဲ့တာ..."

စကားပင် ရှေ့မဆက်နိုင်ဘဲ မိုး တအံ့တဩ ဖြစ်သွားမိသည်။

ဘွဲ့ဖြူက မိုးအိပ်တဲ့ ကုတင်ရဲ့ ခေါင်းရင်းက စီးကရက်ဘူးကို



www.burmeseclassic.com

www.burmeseclassic.com



လာယူခြင်းပါလည်း ခါတိုင်း သူတန်းလျား ခေါင်းရင်း ကြမ်းပြင်မှာ ထား နေကျ ဆေးလိပ်ဖန်ခွက်လေးက မိုး အိပ်ယာ ကုတင်အောက်ဖက်မှာ။

သူ ညက မိုး အိပ်ယာထဲမှာ အိပ်ခဲ့တာပေါ့. . .

ဆေးလိပ်ခွက်ကို ကောက်ယူမလို လုပ်ပြီးမှ မိုးဘက် ရုတ်တရက် ယှည့်ကာ. . .

"မင်း ပြောမှာ ငါသိတယ် မိုး. . . ဘာလဲ. . . မင်းက. . . မင်း ကတော် ဖြစ်ခွင့်မရလိုက်တဲ့ ပုဂ္ဂိုလ်ထူးဆီ ငါ့ကို ခေါ်သွားပြီး မင်း စံသင့် ဟု နန်းကိုကြွမလို့လား. . ."

"ရှင် ထင်ရာစွတ်မပြောနဲ့. . ."

ဘွဲ့ဖြူက မဲ့သည်။

"မင်း တွေးမိရဲ့လား မသိဘူး. . . မင်းကို ငါ လက်ထပ်ယူခဲ့ပြီး မနေ့ထိ ကာယကံမြောက် မကျူးလွန်မိအောင် ထိန်းသိမ်းနေခဲ့တာ အဲဒါ မင်းနဲ့ အဲဒီ နေမာန်မိုး အကြောင်း ငါသိထားလို့. . . တစ်နေ့ ဒီလိုကိစ္စတွေ ရှိလာရင် ငါ့ရင်ခွင်ထဲကနေ မင်း အဲဒီသူ့ဆွေကို တမ်းတနေမှာမျိုး ငါ မခံစားနိုင်လို့. . ."

"ဘာ. . . ဘာပြောတယ်. . . ဒါဆို ရှင်က အခု သူကသာ ကျွန် မကို လက်ထပ်ယူမယ်ဆိုရင် ရှင်က ခွင့်ပြုနိုင်မယ်ဆိုတဲ့ သဘောပေါ့. . . ဟုတ်လား. . ."

"ဟုတ်တယ်. . . ငါဆိုတဲ့ကောင်က ငါ့ဘဝ ဘယ်လိုပဲ ဖြစ်နေ နေ အချစ်ကိုတော့ ပထမဆုံးနဲ့ နောက်ဆုံး အချစ်ကိုပဲ လိုချင်တယ်"

"ဒါဖြင့် ရှင်ကျွန်မကို မရမက ကြံဖန်ပြီး ရအောင်ယူလာတာ ဘာအကြံနဲ့လဲ. . . ရှင့်မှာ ဘာအကြံ ဘာစိတ်ကူးတွေ ရှိသေးလဲ. . . ပြော





စမ်းပါ. . . ရှင်က ဒီငါးလအတွင်းမှာ အလှကြည့်ထားပါမယ်ဆိုတဲ့ ဂုဏ် ထူးလက်မှတ်ကို ယူပြီး. . . ကျွန်မတော့ နားမန္တပိတ် ဘဝနဲ့ သူ့များ လက်ထဲမှာ ဘစ်သက်လုံး နေတော့ပေါ့. . . ဟုတ်လား. . ."

"ငါ ဂုဏ်ထူး လိုချင်လို့ မဟုတ်ဘူး မိုး. . . မင်း ဆုံးဖြတ်ရဲ အောင် ဒီလိုနေခဲ့တာ. . . အဲဒါ ချစ်လို့ပဲ. . . ဒါပေမယ့် ငါချစ်သလောက် ငါပေးတဲ့ တန်ဖိုးအတိုင်း ပြန်မရနိုင်တာကို မလိုချင်ဘူး. . . ဒါကြောင့် ငါခွတ်ယူလာခဲ့တဲ့ မင်းကို အမွှေ မသိမ်းပိုက်ခဲ့တာ. . .

. . . အာဂယောက်ျား ဟုတ်လောက်ပေမယ့် သေးကြောင်မှာ စိုးတာ. . . အခု မင်းနဲ့ငါနဲ့ ရှင်းပါတယ် . . . မင်းကြိုက်သလို ဆုံးဖြတ် မင်းနဲ့ ငါ့ဆီက ခွက်ခွာခြင်းဟာ ဘာဝရဆီလည်း ငါခွင့်ပြုတယ်. . . ခဏဆိုရင်လည်း ကြိုဆိုတယ်. . . ဒါပေမယ့် မင်းအချစ်ကိုတော့ ငါရမှ ဖြစ်မယ်. . ."

"ဒီလို စွန့်လွှတ်ဖို့ ပြင်ဆင်ထားတယ်ဆိုရင် ရှင် ကျွန်မကို သိမ်း ပိုက်ထားခဲ့တာ ဘာရည်ရွယ်ချက်နဲ့လဲ. . ."

"ချစ်လို့. . ."

"မယုံဘူး. . . အဲဒါ မဖြစ်နိုင်ဘူး. . . ရှင် ကျွန်မကို မေတ္တာ မရှိခဲ့တာ. . . ကျွန်မ သိတယ်. . . ဒါပေမယ့် မရေမရာ အတွေးတွေနဲ့ ကျွန်မ ပြေနေခဲ့တယ်. . . ခုထပ်ပြီး သွားခိုင်းနေနိုင်တာ ဘယ်မှာလဲ. . . ရှင့် အချစ်. . ."

"ငါ့အချစ်ကို မပြခဲ့တာက မင်းအမုန်းကို မခံနိုင်လို့ပေါ့. . . ငါ က မရအရ ယူခဲ့ရတဲ့ လူလေ. . . ဒီကြားထဲ မင်းအချစ်ကို ဒူးထောက် တောင်းခံနေရင် မင်း ပိုမုန်းမှာပဲ. . . ရှိတော့မပေါ့ . . . ငါက ပေးပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရမှ ကြိုက်တာ. . . မင်းကိုငါ အကြမ်းမဖက်ချင်ဘူး. . ."

မိုး ခပ်ရူးရူးလေး မော့ကြည့်နေမိလျက် ဘာပြောရမှန်း မသိဖြစ်သွားသည်။

ပြောတာလည်း ဟုတ်နေသည်သာ. . .

သူဟာ တကယ်ပဲ အခြား ယောကျ်ားတွေလို မိုးကို ရှူးရှူးမူးမူး ချစ်ကြခဲ့လျှင် မိုး ပိုမုန်းသွားမည်သာ ဖြစ်သည်။

သူ့ရဲ့ ပြတ်သားမှု တည်ကြည်ခန့်ညားမှုတွေ. . .

ပြီးတော့ ယောကျ်ားတိုင်း စောင့်ထိန်းခဲ့တဲ့ အလုပ်ကို သူက အပန်းတကြီး မဟုတ်ဘဲ လုပ်ပြသွားတဲ့သူ. . .

မိုး အထင်ကြီး တိမ်းညွတ်မိခဲ့ရတဲ့ ယောကျ်ားဟာ သူပါပဲ. . .

"ရှင် ကျွန်မနဲ့ မန္တလေးကို လိုက်ခဲ့ပါ. . ."

မိုးလေသံက ပျော့ပျောင်းသွားသည်။

ဘွဲ့ဖြိုးက မိုး မျက်နှာကို စိုက်ကြည့်သည်။

"ရှင့်ကို ကျွန်မ ကြည်ဖြူခဲ့သည်ပဲ ဖြစ်ဖြစ်. . . မကြည်ဖြူခဲ့သည်ပဲ ဖြစ်ဖြစ်. . . အခုလည်း ကျွန်မ ယောကျ်ားပဲ. . . နောက်လည်း ကျွန်မ ယောကျ်ားက ရှင်ပဲ. . . ရှင် ပေးထားတဲ့ လွတ်လပ်ခြင်းနဲ့ အခွင့်အရေး တစ်ခုခု ယူဖို့ ကျွန်မ ဘယ်တုန်းကမှ စိတ်မကူးခဲ့ဖူးဘူး. . . နောက်လည်း မကူးဘူး. . . အဲဒါ ရှင်ယုံပါ. . ."

ဘွဲ့ဖြိုး မျက်နှာ တဖြည်းဖြည်း ပြုံးယောင်သမ်းလာသည်။

မိုးရဲ့ လက်ဖဝါးလေး နှစ်ဘက်ကို ဆွဲယူလိုက်ကာ. . .

"ဒါဆို မင်းက မင်းက. . . ငါ့ကို ချစ်နိုင်တယ်ပေါ့. . ."

မိုးရဲ့ ပခုံးလေး နှစ်ဖက်ကို ပြောင်း၍ ဆုပ်ကိုင်လျှင် မိုးက





ခေါင်းလေးငုံ့ကာ ဘွဲ့ဖြိုး ရင်ခွင်ထဲ တိုးဝင်လိုက်လေသည်။

ရင်ခုန်တိမ်းမူးစွာ မျက်ဝန်းလေးတွေ မှေးမှိတ်လျက် ကျောပြင် ကျယ်ကို မရဲတရဲလေး ဖက်ထားလိုက်မိ၏။

"ဝမ်းသာလိုက်တာ မိုးရယ်. . ."

ဘွဲ့ဖြိုးက တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်သည်။

"စည်းစိမ် အဆောင်အယောင်တွေကို မြင်ရရင် မင်းရဲ့ စိတ်တွေများ တွေဝေသွားမလားလို့ ငါ စိုးရိမ်ခဲ့တာ. . ."

"စည်းစိမ် ချမ်းသာကို မက်မောရင် နေတန်ခိုးဆိုတာလောက် တန်ခိုးမရှိရင်တောင် သာလွန်ပြည့်စုံနေတဲ့ လူတွေကို မိုးကြိုက်တာရွေးခဲ့လို့ ရပါတယ်. . . ရှင့်လိုပဲ မိုးလည်း အချစ်ကိုတော့ အသန့်စင်ဆုံး ဖြစ်ချင်ခဲ့တာပဲ. . ."

"ဒါဆို မင်းမတွေ့ဖူးတဲ့ နေတန်ခိုးက သိပ်ကိုချောမော ခန့်ညားပြီး မင်းကိုလည်း သဘောကျနေမယ်ဆိုရင်. . . မင်း စိတ်ခိုင်ပါ့မလား. . ."

"ရှင်ရော မိုးထက် ချောတာသာတာ တွေ့ရင် ဖောက်ပြန်သွားမှာလား. . ."

"မိုးရယ်. . ."

စကားတတ်လွန်းသည့် မိုး နှုတ်ခမ်းလေးကို သူ စိုက်ကြည့်တော့ မိုးက မျက်နှာလေးကို ငုံ့ချပစ်လိုက်သည်။

နှစ်ဦးသား၏ ရင်ခုန်သံ ဒီဂရီသည် ရေဆူမှတ်သို့. . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဟောဟိုရှေ့က မီးခိုးရောင်နော်. . . တံခါးကြီး နှစ်ချပ်ဇွေထား တဲ့ ခြံပဲ သမီး. . . အဲဒါ 'နေရိပ်ဖြာ'ပဲ. . ."

ဦးမိုးမြင့်မောင်က လှမ်းမြင်လာရသည့် ခြံကိုပြသည်။

"မောင်ပိုက်ရေ. . . ကားရပ်ပြီးရင် ညာဘက်က ဘုတ်အောက် ထဲမှာ လူခေါ်ဘဲလ် ရှိတယ်. . . အဲဒါ သွားနှိပ်လိုက်. . ."

**မသိတဲ့လူဆို** လူခေါ်ဘဲလ်ကို ရှာတွေ့မည် မဟုတ်ပါ။

**အချိန်**မို **အ**လုပ်ရှုပ်မခံလိုသည့် 'နေရိပ်ဖြာ'ရဲ့ ခြားနားခြင်းက ခြံဝမှာကတည်းက ဧသည်။

သို့သော် သူတို့ကား ခြံဝနှင့် တည့်တည့် ရောက်သည်နှင့် တံခါး နှစ်ချပ်က ပြိုင်တူပွင့်ဟသွားလေ**သည်**။

ထင်မှတ်မထားသည်မို့ **အနည်းငယ်** အံ့အားသင့်သွားပေမယ့် အတွင်းမှာ မြင်လိုက်ရသည့်/မြင်**ကွင်းကြောင့်** သူတို့ ဘာကိုမှ သတိမရ





ကြတော့ပေ။

ခြံကျယ်သရွေ့ ပြင်ဆင်ထားသည့် ဧည့်ခံပွဲ အခမ်းအနားကြီး က စားလုံးမပါသော အပြာရောင် ကန့်လန့်ကာနှင့် စင်မြင့်တစ်ခု။

ယှဉ်လျက်ဘေးမှာ ဖျော်ဖြေရေး အစီအစဉ်အတွက် ပြင်ဆင် ထားသည့် စတေ့ချ် ကစ်ခုက ပြာလဲ့သော ရေကူးကန်ကြီးနှင့် ကဗျာဆန် နေသည်။

အပြာရောင် စားပွဲပုလေးများနှင့် ကုလားထိုင် ဖြူဖြူလေးများ ကြားမှာ လင်းလက်ခွင့် မရသေးသော ရောင်စုံမီးသီးလေးများပါသည့် မန်းအိုးလှလှလေးတွေ စီစဉ်ချထားပုံက တကယ့် ပန်းချီကား တစ်ချပ်နှယ်။

မွေးနေ့ အခမ်းအနား ပြင်ထားပုံက သည်မျှကြီးကျယ်ခမ်းနား နား. . .

အပြာရောင် ပိတ်ကားပေါ်မှာ ဘာစာမှ ရေးမထားတာကို မိုး က အရင်သတိထားမိ၏။

ဧည့်ခံပွဲက ခြောက်ရက်နေ့မှဆိုပြီး ခုပြင်ဆင်ထားပုံက ဒီညမှာ ဲ လုပ်တော့မယ့် အတိုင်း. .

သူတို့ကားက ကတ္တရာလမ်းမကြီးပေါ်မှ မောင်းဝင်လာသည် နှင့် ခြံထဲမှာ အလုပ်လုပ်နေကြသည့် လူတွေရော မီးခိုးရောင် တိုက်မြင့် ကြီးအတွင်းမှ လူတစ်ချို့ပါ ပြေးထွက်လာကြလေသည်။

တိုက်ကြီးက နုသစ်လှပကာ မီးခိုးရောင်နှင့် မှန်ပြင်တို့၏ အရောင်ရောကာ ဖိတ်ဖိတ်တောက်နေ၏။

ပြေးလာသည့် လူတွေကို ကြည့်၍ ဦးမိုးမြင့်မောင် အားနာသလို နှင့်သလိုလို ဖြစ်၍ မ**နေတတ် မထိုင်**တတ် ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လာတိုင်း ဒီလို တစ်ခါမှ မကြိုဆိုခဲ့ဖူးပါ။

ဒါ သမီးပါလာမယ်မှန်း သိလို့ မောင်နေတန်ခိုး ကြိုခိုင်းထား တာနေမှာ. . .

ဒေါ်နုယဉ်လည်း အနေခက်နေသည်။

မိုးက ဘွဲ့ဖြူလက်မောင်းကို ဖက်ထားရင်း မျက်မှောင်လေး ကုတ်နေသည်။

ကိုယ့်အိမ်လာတဲ့ ဧည့်သည်ကို ဒီလောက် အုပ်စုကြီးနဲ့ ပြေးပြ စရာလား. . .

ရင်ထဲမှာ မကျေနပ်သလိုလို. . .

"အစ်ကိုလေး. . . ပြန်လာပြီဟေ့. . ."

"ဝမ်းသာလိုက်တာ လူလေးရာ. . . ဒီမှာ နိုင်းလို့သာ လုပ်ထား ရတယ်. . . အချိန်မီ ရောက်မလာရင် ဒီမျက်နှာ ဘယ်သွားထားရမလဲ ဆိုပြီး လဲသေချင်နေတာ. . ."

"ဟုတ်တယ်. . . အစ်ကိုလေးရ. . . ကျွန်တော်တို့မှာ စိတ်တွေ တွေဝေရ. . . ဧည့်ခံပွဲ ဖျော်ဖြေရေး အစီအစဉ်တွေ ပြေးလုပ်ရ. . . သင့် သား သတို့သမီးက ဘယ်မှာနေမှန်း မသိဘဲ ရင်တထိတ်ထိတ်နဲ့ လုပ် ရတယ်. . ."

ကားပဲ မရပ်ရသေး. . .

ကားနောက် ပြေးလိုက်သူက သိုက်။

တံခါးပုတ်၍ စကားပြောသူက ပြော။

ကားရပ်သည်နှင့် တံခါးဆွဲဖွင့်ကာ ထွက်လာသည့် ဘွဲ့ဖြူ အရှိအသေပေး လက်ဆွဲတဲ့လူကဆွဲ။





ဆူညံပွက်လောထ သွားကြသည့် အထဲမှာ ဦးမိုးမြင့်မောင်ရယ် ဒေါ်နုယဉ်ရယ် ပြီးတော့ မိုး မျက်လုံးလေး ပြူးလျက်. . .

"အစ်ကိုလေး. . . ဒါ အစ်ကိုလေး ဇနီးလား. . ."

"ချောလိုက်တာဟယ်. . ."

"ဟုတ်ပါ့ဗျာ. . . ဒါကြောင့် ငါတို့ အစ်ကိုလေး ဖူးစာရှင်ကို ကမ္ဘာပတ်ရှာတာကိုး. . ."

ဘွဲ့ဖြူက သူတိုးမပေါက်သည့် စကားသံတွေကို လက်ကာ၍ တားသည်။

ပြီးတော့ မှင်တက်မိသလို ကြောင်စီစီရပ်ကြည့်နေသည့် ဦးမိုး မြင့်မောင်တို့ ဇနီးမောင်နှံကို ပြုံးပြ၍ သူ့ကို စူးစူးဝါးဝါး စိုက်ကြည့်နေသည့် မိုးရဲ့ ပခုံးလေးကိုပါ ဖက်ကာ. . .

"အားလုံးကျေနပ်အောင် နောက်တော့ ကျွန်တော် တောင်းပန် ပါ့မယ်. . . ရှင်းလည်း ရှင်းပြပါ့မယ်. . . ကျွန်တော် ခုလိုလုပ်တာ အရူး ထတာ မဟုတ်ပါဘူး. . . အဓိပ္ပာယ်ရှိပါတယ်. . . ဒါကို မင်္ဂလာပွဲပြီးတာနဲ့ ကျွန်တော် ရှင်းပြပါ့မယ်. . ."

သူပြော၍ မိုး ပခုံးလေးကို ဖိလှုပ်ကာ. . .

"မိုး. . ."

မိုးက စကားတစ်ခွန်းမှ မပြောဘဲ စူးစူးဝါးဝါး ကြည့်နေဆဲ. . .

"သူတို့နဲ့လိုက်သွားနော်. . . တော်ကြာ မင်္ဂလာပွဲစတော့မှာ နောက်တော့မှ ကိုယ့်ကို စိတ်ကောက်. . ."

သူ မိုးကို ပြောတော့ ရပ်ကြည့်နေသူ အားလုံးက ပြုံးသူကပြုံး ရယ်သူကရယ်. . .



www.burmeseclassic.com

www.burmeseclassic.com



အို. . . မိုး ရှုက်လိုက်တာ. . .

ဘွဲ့ဖြူကနေ နေတန်ခိုး ဖြစ်သွားသတဲ့. . .

မိုးတို့ အညာခံနေရသမျှ ဒီလူတွေလည်း သိကြသည်ပေါ့. . .

ဒါကြောင့် သူတို့ ရယ်နေကြတာ. . .

"လာ. . . မမလေး. . . မိတ်ကပ်ဆရာမက သုံးနာရီလောက်ကတည်းက ရောက်နေတာ. . ."

ခပ်ရင့်ရင့် အမျိုးသမီးက မိုး လက်မောင်းကို ဆွဲသည်။

ခပ်ငယ်ငယ် ကောင်မလေးက မိုး လက်ဖျားလေးကို ဆွဲ၏။

ဘွဲ့ဖြူက နေတန်ခိုးအဖြစ်. . .

မွေးနေ့ဆိုတာက မင်္ဂလာဆောင်ဖြစ်. . .

ပြောင်းလဲသွားသမျှ ကိုယ် အလိမ်ခံရတာချည်းပဲမို့ မိုး မကျေနပ်ပါ။

ဒါပေမယ့်. . .

"အစ်ကိုလေး. . . ဖိတ်နိုင်းလို့ ဖိတ်ထားတာ ဂျပန်က ဧည့်သည်တွေလည်း ရောက်နေပြီ. . . စင်္ကာပူရောက်နေတဲ့ ဒေါ်နွဲ့လေးမူတို့ ကုမ္ပဏီကရော ဒါရိုက်တာတွေ အားလုံးလာကြတယ်. . . မင်္ဂလာပွဲပြီးတာနဲ့ အစ်ကိုလေးနဲ့ အလုပ်ကိစ္စလည်း ဆွေးနွေးမယ်တဲ့. . ."

"ဟုတ်တယ်. . . လှူလေး သူတို့က စင်္ကာပူက ရုံးခွဲဖွင့်ပစ်မယ့်ကိစ္စကို မင်းနဲ့ထပ်ဆွေးနွေးချင်နေကြတယ်. . . သူတို့က မင်းဆန္ဒပြောင်းသွားတာကို စိတ်မကောင်းဖြစ်ပြီး ရုံးခွဲမဖွင့်ဖို့ကို ပြောကြမယ် ထင်တယ် ဘာပဲဖြစ်ဖြစ်. . . မင်းအတွက် မင်္ဂလာလက်ဖွဲ့ကောင်းကောင်းပါလာမှာတော့ သေချာနေပြီ. . ."





ဘွဲ့ဖြူတစ်ဖြစ်လဲ နေတန်ခိုးက ဦးလူရှင်း ပြောသမျှကို စိတ်ဝင် တစား မရှိပါ။ တင်းပြတ်စွာ ကြည့်သွားသည့် မိုးမျက်နှာလေးဆီမှာ သူ့စိတ် တွေ ပါသွားခဲ့ပြီ. . .

မိုး ကျေနပ်အောင် သူအတော် ချော့ရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com

မိတ်ကပ်လိမ်းပေးတဲ့ ဆရာမကလည်း တယုတယ။

"ညီမလေးရဲ့ နှုတ်ခမ်းလေးက ပုံဖော်ဖို့ကို မလိုဘူး. . . သိပ်လှ
တာပဲကွယ်. . . ဖူးဖူးရွရွလေး သတို့သားကလည်း ဖြူဖြူချောချော စတိုင်
မိ သတို့သမီးကလည်း နူးနူးညှံ့ညှံ့ အိအိစက်စက်လေး ညီမလေးတို့စုံတွဲ
သိပ်လိုက်တာပဲ. . ."

"ရှော့. . . သမီး ဒီပဝါသည်းတွေ ဝတ်နော်. . ."

ဦးလှရှင်းဆိုသည့် လူကြီးက အပြာရောင် ကတ္တီပါဘူးနှစ်ဘူးကို
ထပ်လျက်သားလေးအတိုင်း မိုးရှေ့မှာ လာချပေးသည်။

အိမ်ဖော်ကောင်မလေး နှစ်ယောက်လည်း ပါလာကြကာ မိုးကို





တအံ့တဩ ကြည့်ကြသည်။

"ဟော့. . . မင်းတို့ သခင်မ မလှဘူးလား. . ."

"လှတယ်. . . မမလေးက သိပ်လှတာပဲ. . . ဒါကြောင့် အစ်ကို
လေးက တုန်နေတာ ဖြစ်မယ်သိလား. . . ဘဘရှင်းတို့လည်း မမလေးကို
ဝရုစိုက်ဖို့ချည်း မှာနေတာပဲ. . . ပြီးတော့ ဟိုးရန်ကုန်မှာ နေကတည်းက
ဒီမင်္ဂလာပွဲလုပ်ဖို့ကို သေသေချာချာ စီစဉ်ပေးတာ. . .

. . . အစ်ကိုလေးက ပြောတဲ့အတိုင်းကွက်တိ ဖြစ်မှ ကြိုက်တဲ့
သူမို့ ဘဘရှင်းရော ကျွန်မတို့တွေရော မောသွားတာပဲ မမလေးရယ်. . .
ဒီကြားထဲ နှစ်ရက်ကြို ရောက်မယ်ပြောပြီး ရောက်မလာလို့ မျက်လုံးကို
ပြူးနေတာပဲ. . ."

သူတို့ အားရပါးရ ပြောနေသမျှ မိုး မျက်နှာလေး တင်းသထက်
တင်း နီသထက် နီလာသည်။

"အစ်ကိုလေးက မန္တလေးမှာ ပုန်းရှောင်နေရတဲ့ လူပျို့ မမလေး
ရဲ့. . . အဲဒါ ရန်ကုန်သူကို သွားယူလာလို့ ပိတ်စာလိုက်ပေးတော့. . . ကျွန်
မတို့တွေ ဟိုလူ ဒီလူမေးသမျှ ဒိုင်ခံဖြေပေးနေရတယ် သိလား. . . ဆွေစပ်
လက်ထပ်ပေးမယ့် လူကြီးမိဘလည်း မရှိတော့ဘဲ. . .

. . . ချက်ချင်းကြီး မိန်းမကောက်ရ သွားရသလားတဲ့. . . ဘယ်
ကလည်း မိန်းကလေးက ဘာလဲ စုံနေတာပဲ. . . အဲဒီတုန်းကသာ မမလေး
ဒီလောက်လှမှန်း သိထားရင် တအားပိုကြွား ပစ်လိုက်တာပေါ့. . ."

တော်တော်စကားများသည့် မိန်းကလေးတွေ ဖြစ်သည်။

မိုး မျက်နှာကိုများ နည်းနည်းလေးမှ အကဲမခတ်မိကြဘူး ထင်



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူဟာ ဒီလောက် မိန်းမလှ သူဌေးသမီး သူဌေးမိန်းမတွေ ဝိုင်းဝိုင်းလည်နေတဲ့ကြားက ငါ့ကို ရွေးခဲ့တာ ဝမ်းသာရမတဲ့လား. . .

မိုး နှုတ်ခမ်းလေး မဲ့သွားသည်။

မိုးရဲ့ဘဝ မိုးရဲ့မိဘမျက်နှာ အားလုံးကို သူ လှလှပပကြီး ပညာပြခဲ့တာ စမ်းသပ်ခဲ့တာ. . .

ဖေဖေတို့နဲ့ မိုးရဲ့သိက္ခာကို ပက်ပက်စက်စက် ချပြီးမှ သူရွေးခဲ့တာ. . .

ခြယ်သပြီးသော မျက်လုံးအိမ်မှာ မျက်ရည်တို့ ပြည့်တက်လာသည်။

ပြိုဆင်းမလာရအောင် နှုတ်ခမ်းလေးကိုက်၍ မျက်တောင်တဖျတ်ဖျတ် ခတ်ထုတ်ပစ်လိုက်ရသည်။

ဒါဖြင့် စီစီအစ်ကိုရဲ့ မွေးနေ့ပွဲမှာ စီးပွားရေးသမားတွေ တစ်ယောက်ပြီး တစ်ယောက် လာနှုတ်ဆက် မိတ်ဖွဲ့နေကြတဲ့ တစ်ယောက်ဟာ သူပဲပေါ့. . .

လုပ်သွားတဲ့ လုပ်ကွက်တွေက စာကယ့်ကို သဘာဝကျလှပါသည်။

နေတန်ခိုးဆိုတဲ့ အရေခွံကို ခွာချ၍ ပလပ်စတစ် ကောက်သမား လုပ်ပစ်လိုက်တာ ဘယ်လောက်ကြီးမား ပိရိတဲ့ လှည့်ကွက်တွေလဲ။

ပခုံးကျောပြ ဘဝနဲ့ပဲ မိုးအချစ်ကို ရအောင်ယူခဲ့သည်။

မိုးရဲ့ဘဝ ကလေကချေ တစ်ယောက်နဲ့ ညားသွားပြီဆိုတဲ့ ဂုဏ်ပုဒ်ကြီးကို ဖြစ်စေခဲ့ပြီးမှ နတ်သားရင်ခွင်ထဲ ဝင်ရတော့ရော ပြီးခဲ့တဲ့ ဆုံးမှုံ





မှုတွေ. . .

ကျိုးပဲ့ခဲ့တဲ့ သိက္ခာတရားတွေက ပြန်လာရမှာတဲ့လား. . .

မိုးဟာ သူ့ရဲ့အဆင်း သူ့ရဲ့ညှို့ဝင်မှုတွေထဲမှာ အချစ်မျက်ကန်းလို ပက်ပက်စက်စက် ဝပ်ဆင်းပေးခဲ့မိသည်။

မိုးချစ်ခဲ့တာ  ဘွဲ့မြှူကိုပါ။

နေတန်ခိုး. . . ရှင်. . . မိုး အချစ်ကို ဘယ်တော့မှ မရဘူးမှတ်။

"ဟယ်. . . လှလိုက်တာ သမီးလေးရယ်. . ."

ရတနာ အားလုံးလည်း ဆင်ပြီး၍ မတ်တပ်ရပ်နေပြီဖြစ်သော မိုးဆီ မေမေ ရောက်လာလျှင် ခမခမမျှော ဝမ်းသာလွန်း၍ အသံများပင် တုန်နေရှာသည်။

တကယ်ဆို ခနတန်ခိုးနဲ့ သမီးလေးကို ဒီအဖြစ်မျိုး သူအကြိမ်ကြိမ် စိတ်ကူးယဉ်ခဲ့ဖူးသည်သာ. . .

ဒါပေမယ့် မေမေတို့ လာတော့ သူမှာကြားလိုက်ရတဲ့ နေတန်ခိုးရဲ့ သတင်းတွေကြောင့် စိတ်ပျက်အားငယ်လျက်ရှိဆဲ သမီးက အိမ်ထောင်ကျသွားခဲ့လိုက်တာ ကော်ရုပ်လဲတဲ့ လူနဲ့တဲ့. . .

မိခင် တစ်ယောက်ရဲ့ရင်ထဲမှာ 'ငါ့သမီးလေး ဘဝဆုံးပြီ'ဆိုသော ဆို့နင့်ကြေကွဲခြင်းများနှင့် အိပ်ယာထဲမှာလဲခဲ့ရတဲ့ အထိ။

သမီးလေးဘဝကို ပြည့်စုံစေခဲ့ပြီ။

ကံထမ်းလာတာ မမြင်ရဘူးဆိုတဲ့စကားက မှန်လှချည်ရဲ့ဟု အထပ်ထပ် တွေးနေမိသည်။

မိုး ခမမေ့မျက်နှာကို ကြည့်ကာ မျက်လွှာလေး ချပစ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



နေရာတကာ ခွင့်လွှတ်သည်းခံ တတ်ကြတဲ့ ဖေဖေနဲ့မေမေ။

ခုလည်း ဒီလို လှည့်စားရက်ခဲ့တာ ငါတို့သိက္ခာတွေ ကျပြီးခဲ့ပြီ ကောလို့ မမြင်နိုင်. . .

သမီး သူ့ဌေးကတော် ဖြစ်ပြီမို့ ဝမ်းသာမဆုံးသည့် မျက်နှာကြီး က ချိုအီလျက်. . .

မိုး မျက်ဝန်းလေးတွေက မှန်တံခါးဆီမှ ခြံထဲသို့ လှမ်းကြည့်လိုက် မိသည်။

မိုး လည်ပင်းလေး ရှည်လိုက်တာ မြင်တော့ ကောင်မလေး တစ် ယောက်က ခြံထဲကို သေချာကြည့်လို့ရအောင် မှန်တံခါးကို သွားဖွင့်ပေး သည်။

ကျင်းပနေပြီဖြစ်သည့် မင်္ဂလာပွဲက စပြီဆိုကတည်းက ဧည့် သည်များနှင့် ရှုပ်ယှက်ခတ်နေသည်။

ဘယ်လောက်ထိ အလုပ်ရှုပ်နေသည်မသိ ရောက်စက ကား နားမှာ ရပ်ကျန်ခဲ့လိုက်ကတည်းက နေတန်ခိုးကို မိုးလုံးဝ မတွေ့ရတော့ ပေ။

ဦးလူရှင်း ပဲအခေါက်ခေါက် အခါခါ လာသည်။

ကောင်မလေးတွေသာ ဝိုင်းဝိုင်းလည် ရှိနေလျက် နေတန်ခိုး ပေါ်မလာ. . .

"သမီးရေ. . . မောင်နေတန်ခိုး စောင့်နေတယ်. . . အားလုံးပြီး နေပြီဆို မင်္ဂလာပွဲ ထွက်မယ်တဲ့. . ."

ဖေဖေက ကိုယ်တိုင်လာပြောနေပြန်သည်။

သူက ဒီလောက်ထိ မအားလပ်နိုင်ဘူးတဲ့လား. . .





"ဒွိ. . ."

မိုး တွေးနေတုန်း နေတန်ခိုး ဝင်လာသည်၊

အဖြူရောင် အနောက်တိုင်း ဝတ်စုံနှင့် မြူဝင်းသော အသားအ ထင်းနေလျက် ဘုတ်သိုက် ဆံပင်ကြီးက ဘယ်ရောက်သွားသည် မသိ။

စီစီတို့ အစ်ကို မင်္ဂလာပွဲမှာ ငေးကြည့်ခဲ့ရသည့် ပုံစံအတိုင်း မိုးက ခပ်မဲ့မဲ့လေး လုပ်၍ နေတန်ခိုးကို ခေ့စေ့ကြည့်သည်၊

"ရှင်က ရုပ်ပြောင်းရုပ်လဲ ပညာ တော်တော် တတ်တယ်နော်"

နေတန်ခိုး မျက်နှာပျက်သွားသည်။

"ဟဲ့. . . သမီး. . ."

မေမေက ပျာပျာသလဲ တားလေသည်။

တစ်စုံတစ်ခု ပြောဖို့ ပြင်ဆဲ ဖုန်းသံလေး မြည်လာသဖြင့် စိတ် ရှုပ်ထွေးသည့် မျက်နှာနှင့် နေတန်ခိုးက အင်္ကျီအိတ်ထဲက ဖုန်းကို ထုတ် ကိုင်သည်။

"ပေး. . . အစ်ကိုလေး. . ."

အလိုက်သိတဲ့ အခြွေအရံများစွာနှင့် နေတန်ခိုး. . .

မျက်နှာ တစ်ချက် ပျက်လိုက်သည်နှင့် ပျာပျာသလဲ ဖုန်းပြေးယူ တဲ့ လူကယ့်. . .

ခေါင်းငုံ့၍ အလျှိုလျှို ထွက်ခွာသွားကြနှင့် ပါးစပ်က ဘာမှပြော လိုပါလား. . .

မိုးကတော့ သူ့အရှိန်အဝါကို မြင်နေရလေ ခံစားရလေ. . .

"အန့်တီ ဒီကိစ္စတွေ ကျွန်တော် အားလုံးရှင်းပြမှာပါ. . . ကျွန် တော့်ဘက်က ခိုင်လုံတဲ့ အကြောင်းတွေရှိပါတယ်. . . မိုးကို ကျွန်တော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ အန်တီတို့ နားလည်ပါတယ်ကွယ်. . . သမီးကလည်း မင်္ဂလာပွဲကြီးမှာ စိတ်ညစ်ရအောင် မလုပ်ပါနဲ့. . . တစ်ယောက်နဲ့ တစ်ယောက်လည်း ချစ်ချစ်ခင်ခင် ရှိခဲ့ပြီးသားဟာ. . ."

မိုး နှုတ်ခမ်းလေး မဲ့လိုက်တာကို နေတန်ခိုး မြင်သည်။

ရင်ထဲမှာ မောသွား၏။

"မိုး. . . မင်္ဂလာပွဲပြီးအောင် ခဏလေး စောင့်ပါဗျာ. . . ကိုယ့်ကို မင်း နားလည်သွားမှာပါ. . . ဒီမင်္ဂလာပွဲကို ခုလို အားလုံး အံ့သြသွားအောင် တခမ်းတနား ကိုယ်စီစဉ် ထားခဲ့တာလည်း မင်းကို မြတ်နိုးလို့ပါ ကိုယ်ရဲ့တန်ဖိုး ထားမှုကို ပြခဲ့တာပါ. . ."

"နားထောင်လို့တော့ ကောင်းလောက်ပါတယ်. . . ဒါပေမယ့် မိုးက ပြောတိုင်း မယုံတတ်ဘူး ဦးနေတန်ခိုး. . . အလုပ်ရှုပ်ခံပြီး လာပြော မနေပါနဲ့. . . ရှင့်အလုပ် ရှင် လုပ်ပါ. . ."

မိုးက ပြတ်သည်။ နေတန်ခိုး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လျက် ဘာလုပ်ရမှန်း မသိ။

မိုး ဒီလောက်ထိ ခံစားသွားနိုင်သည်ဟု သူမတွေးမိခဲ့တာ အမှန်။

"မိုးရယ်. . . တစ်ခုတော့ ကိုယ် တောင်းပန်ပါရစေ. . . ဒီမင်္ဂလာပွဲဟာ ကိုယ်အရမ်းကို မျှော်လင့် စီစဉ်ခဲ့တဲ့ ပွဲပါ. . . ကိုယ့်ကို စိတ်အနှောင့်အယှက် ဖြစ်အောင် မလုပ်ပါနဲ့ ကွာ. . ."

အနားမှာ မေမေ ရှိနေသည်မို့ မိုးက နှုတ်ခမ်းလေး စေ့ပစ်လိုက်၍ ဘာစကားမှ ထပ်မပြောတော့ပါ။ ဒေါ်နုယဉ် သက်ပြင်းချမိလေသည်။

လူကြီးပီပီ သမီးလေး အပေါ် နေတန်ခိုး ဘယ်လောက်ထိ တန်ဖိုးထား မြတ်နိုးနေတယ် ဆိုတာ အကဲမခတ်မိဘဲ နေမလား. . .





ဖြစ်ခဲ့သမျှကို ပြန်ရှင်းမပြလည်း ကိုယ့်ဟာကိုယ် တွေးသူကျေနပ်လိုက်လို့ ရသည်သာ. . .

နေတန်ခိုး ဘာလို့လဲ ဟန်ဆောင်ခဲ့ ဟန်ဆောင်ခဲ့ ကျေနပ်သည်။

သူ့သမီးလေးကို **ချစ်**သည်ပဲ ဒါပေမယ့် မင်္ဂလာပွဲရောက်ကြတော့ ဒေါ်နုယဉ် စိတ်ညစ်ရတော့သည်။

နေတန်ခိုး မျက်စိမျက်နှာပျက်လျက် ရောက်လာပြီး. . .

"အန်တီ. . . မိုးရော. . ."

"ဟော့တော်. . . မင်း လက်ဆွဲထားတာ မဟုတ်ဘူးလား. . ."

"ဟုတ်တယ်. . . ခဏလေးဆိုပြီး သူ ထွက်သွားတာ. . ."

"ဒုက္ခပါပဲ. . ."

ဦးမိုးမြင့်မောင်က အနားရောက်လာကာ. . .

"ဘယ်မှ ထွက်သွားမှာ မဟုတ်ပါဘူး. . . မင်း လိုက်ရှာကြည့်ပါဦး. . . ညနေခံပွဲကို ခဏထားခဲ့ပါ. . ."

နေတန်ခိုး ဦးလူရှင်းကို ဆွဲခေါ်၍ မှာကြားကာ ညနေခံပွဲအပြင် ထွက်လာခဲ့သည်။

တိုက်ထဲမှာလည်း ဘယ်မှာမှ မရှိ။ ခြံထဲမှာလည်း မတွေ့. . .

နောက်ဆုံး လူလုံးဝ မရှိသည့် တင်းနစ်ကွင်းရဲ့ဘေး ပိတောက်ပင်အောက်မှာ ဆောင့်ဆောင့်လေး ထိုင်လို့ ဂါဝန်ဖြူဖြူလေးနှင့် ခေါင်းက စိန်သရဖူဆီက တလက်လက်ကို လှမ်းမြင်လိုက်ရသည်။

"မိုး. . ."

ဒီလောက် လူဝေးဝေးမှာ လာနေရဲသော မိုးကို အံ့ဩသည်း အံ့ဩ

www.burmeseclassic.com



စိုးရိမ်စိတ်လည်းဖြစ်ကာ သူပြေးသွားတော့ မိုးက သူ့အသံကြားသည်နှင့် ထိုင်နေရာကနေ ဖျတ်ခနဲ ထသည်။

ဂါဝန်လေးကို လက်နှစ်ဖက်နှင့် မ၍ ပြေးဖို့ ပြင်၏။

"မိုး. . . ဒီမှာ ဘာလာလုပ်နေတာလဲကွာ. . . ရင်ထဲမှာ မီး တောက်သွားတာပဲ. . ."

"ရှင်. . . ရှင်. . . မိုးကို မကိုင်နဲ့. . ."

မိုးက ရှိုက်ကြီးတငင် ငိုနေလိုက်သည်မှာ တကယ့်ကို ကျယ်ကျယ်လောင်လောင် လှိုက်လှိုက်လှဲလှဲ. . .

"မိုးရယ်. . . ကိုယ် ရှင်းပြပါ့မယ်ဆိုကွာ. . ."

"မရှင်းနဲ့. . . ရှင် လိမ်တာ လိမ်တာပဲ. . . မိုးကိုတင်မကဘူး ဖေဖေတို့ကိုပါ အရူးလုပ်တာ. . . ဖေဖေတို့က လူကြီးမို့ လက်ခံပေမယ့် မိုးက လက်မခံဘူး. . ."

"မဟုတ်ဘူး မိုး. . ."

"ရှင်. . . မသိနဲ့လို့ ပြောနေတယ်နော်. . ."

မိုးက နောက်ကို တွင်တွင်ဆုတ်လျက်. . .

"မိုးကို ငွေမက်တဲ့ မိန်းမထင်ပြီး ရှင် အမျိုးမျိုး စမ်းသပ်ခဲ့တာ မဟုတ်လား. . . ရှင် တော်ပါတယ်. . . ရှင့်မှာ မသိအောင် ကူညီပံ့ပိုးမယ့် အခြွေအရံတွေ ရှိနေတာကိုး. . . မိုးကလည်း ပြောတယ်. . . ချစ်ခဲ့တာ ပလပ်စတစ်ကောက်တဲ့ ဘွဲ့ဖြူကို ရှင့်ကို မဟုတ်ဘူး. . . ဒီ မင်္ဂလာပွဲကိုလည်း မိုး လုံးဝသဘောမတူဘူး. . . ဒါပဲ. . ."

"ဟာကွာ. . . မိုးကိုယ့်ကို နားမလည်ဘူး. . . ကိုယ့်မင်းကို ချစ်ခဲ့တာ. . . မိုးမကာမြင့်ဆိုတဲ့ မျက်နှာလေးကို စမြင်လိုက်ကတည်းက မဖေ့





သေတမ်းစာကို ဖတ်ပြီး နာရေးကြားရုံနဲ့ မင်းကိုကိုယ် စိတ်ဝင်စားခဲ့တာ ဒါကြောင့် လူလွှတ်ပြီး စုံစမ်းခိုင်းခဲ့တယ်. . .

. . . ဒါပေမယ့် မိုးမကာမြင့်ဆိုတဲ့ မိန်းကလေးဟာ စိတ်ဓါတ်ကြမ်းတယ်. . . ဘဝင်မြင့်တယ်. . . မောက်မာတယ်. . . ဒီသတင်းတွေ ကိုယ်ကြားခဲ့တယ်. . ."

နေတန်ခိုးက သေသပ်စွာ ဖြီးထားသည့် ဆံပင်တွေကို စိတ်ပျက်စွာ နောက်လှန်ပစ်လိုက်သည်။

"ကိုယ်ချမ်းသာတာ မှန်တယ် မိုး. . . ကိုယ့်မှာ သိမ်းလို့ မနိုင်အောင် စည်းစိမ်တွေ စီးပွားတွေ ရှိတယ်. . . ဒါကြောင့် ကိုယ့်ရဲ့ဇနီးကို ကိုယ်လက်လွှတ်စပယ် ရွေးလို့မဖြစ်ဘူး. . .

. . . ဒါပေမယ့် မင်းဟာ ဘယ် ယောကျ်ားအပေါ်မှ မတိမ်းညွတ်ခဲ့တဲ့ မိန်းကလေးဆိုတဲ့ အချက်ကို ကိုယ်ကျေနပ်ခဲ့တယ်. . . ဒါကြောင့် ကိုယ့်ဘက်က လက်မခံနိုင်စရာ ဖြစ်နေတဲ့ မင်းရဲ့စိတ်ကို ပြုပြင်ယူဖို့ ကိုယ်ကြိုးစားခဲ့တာ. . ."

မိုးက နှုတ်ခမ်းလေး ကိုက်၍ ကြည့်နေသည်။

"ဒီလောက် များပြားတဲ့ ကိုယ့်ရဲ့လုပ်ငန်းတွေကို ကိုယ်တ ဇနီးနဲ့လက်တွဲလုပ်ရမယ်. . . ဒါပေမယ့် မင်းရဲ့အယူအဆ မင်းရဲ့ သဘောထား. . . လမ်းလွဲနေရင် ကိုယ်ဘယ်လို လက်တွဲမလဲ. . . မင်း နားလည်ပေးပါ မိုးရယ်. . .

. . . ကိုယ့်အတွက် အချိန်တိုင်း စက္ကန့်တိုင်း အရေးကြီးနေတဲ့ကြားထဲက မင်းကို လက်တွဲခွင့်ရဖို့ ကိုယ် ဘယ်လောက်ထိ စွန့်စားခဲ့သလဲ. . . အဲဒါ ကိုယ့်အချစ်တွေ မဟုတ်ဘူးလား. . ."



www.burmeseclassic.com

www.burmeseclassic.com



မိုး လက်သီးလေး ဆုပ်ထားဆဲ. . .

"မင်းကို ကိုယ် ဆင်းရဲကြတဲ့ အလွှာတွေထဲ ဆွဲခေါ်ခဲ့သလို ကိုယ်လည်း မင်းနဲ့အတူ အချိန်တွေ ဖြုန်းခဲ့ရတယ်. . . အဲဒါ ခေါင်းမာတတ်တဲ့ လူတစ်ယောက်ရဲ့ စိတ်ကို တစ်စုံတစ်ယောက်က ပြုပြင်ပေးလို့ မရနိုင်ဘူးဆိုတာ သိလို့ပဲ. . .

. . . မင်းကိုယ်တိုင် မြင်စေချင်တယ်. . . ကိုယ်တိုင် လက်ခံယုံကြည်ပြီး. . . ဆင်းရဲသား အလုပ်သမားရဲ့ ဘဝကို နား လည်လာတာကို လိုချင်တယ်. . . ကိုယ့်ဘက်က ကောက်ကျစ်မှု လုံးဝ မရှိခဲ့ဘူး မိုး. . ."

"ဒါပေမယ့် မိုး အချစ်ကို ဘွဲ့ဖြူဆိုတဲ့ လူကို ပေးခဲ့ပြီးပြီ. . . ရှင်နဲ့ဘာမှ မဆိုင်ဘူး. . . နေတန်ခိုးလို မိုး မချစ်နိုင်ဘူး. . . အဲဒါ အနိုင်မာဆုံး ပြောတာ. . ."

မိုးက ပြော၍ ပြေးထွက်သွားသည်။ နေတန်ခိုး အတင်းလိုက်ကာ မိုးကိုယ်လုံးလေးကို ဖမ်းချုပ်ထား လိုက်သည်။

"အဲဒါ ကိုယ်လောဘကြီးခဲ့တာ. . . ဝန်ခံပါတယ်. . . မိုးရယ် ရုပ်ရည်ရော ပညာရော ငွေကြေးရော အားလုံး ပြည့်စုံနေတဲ့ နေတန်ခိုးကို လိုချင်တဲ့ **မိန်းမတွေ** တစ်ပုံကြီးပါ. . . ဒါပေမယ့် ကိုယ် အဲဒါမျိုးတွေကို မလိုချင်ဘူး. . . **ကိုယ်** ကွယ်ရာမှာကနေ လှမ်းမြင်ပြီး ချစ်ခဲ့ရတဲ့ မင်းကိုလည်း မိဘအားကိုးနဲ့ ကိုယ် လက်ထပ်ယူလို့ ရတာပဲ. . .

. . . အဲဒါကိုလည်း ကိုယ်မလိုချင်ဘူး. . . မင်းရဲ့အချစ်ကို ကိုယ်က တန်ဖိုးရှိရှိ လိုချင်တယ်. . . မြတ်မြတ်နိုးနိုး ကိုးကွယ်ချင်တယ် အခု မင်းက ကိုယ့်အတွက် ဘယ်မိန်းမနဲ့မှ မတူနိုင်တဲ့ ကေရီတစ်ပါးပါ"

"ဟင့်အင်း. . . ဟင့်အင်း. . . မိုးကိုလွှတ်. . ."





မိုး အတင်းရုန်းလေ နေတန်ခိုးက ဖက်ထားလေ မိုးလက်ကလေးတွေ လှုပ်မရတော့မှ ငိုရှိုက်ရင်း ငြိမ်သက်သွားသည်။

"မင်းကို ကိုယ် ဘယ်လောက်တိ တန်ဖိုးထားသလဲဆိုရင်. . . မင်းကို ရခဲ့ပြီးတာတောင် မကျူးလွန်မိအောင် စောင့်ထိန်းခဲ့တယ်. . . အဲဒါဟာ မင်းရဲ့အချစ် မင်းရဲ့ကိုယ်ကျင့်တရားကို ဟင်းရွက်ကန်စွန်းလို မဖျက်စီးရက်လို့. . ."

မိုးက ရှိုက်သံမပွင့်တပွင့်နှင့် မော့ကြည့်သည်။

"ကိုယ် ခုလို စီစဉ်ထားတာ. . . မင်း အချစ်ကို ထိုက်ထိုက်တန်တန် လိုချင်လို့ပါ. . . မိုးရယ်. . . မင်းနဲ့ကိုယ်ရဲ့ မင်္ဂလာဦးကို တန်ဖိုးရှိရှိ မြတ်သန်းချင်လို့ ဆိုတာ မင်းယုံစမ်းပါ. . ."

နေတန်ခိုးက ကုတ်အင်္ကျီထဲက လက်ကိုင်ပုဝါလေး ထုတ်၍ ... ပါးပြင်က မျက်ရည်တွေကို တယုတယ သုတ်ပေးသည်။

"မိုး. . . ကျေနပ်ရဲ့လား ဟင်. . ."

မိုးက မလှုပ်. . .

"နေတန်ခိုး ဆိုတဲ့ကောင်ကို ချစ်မယ် မဟုတ်လား. . ."

အနိုင်... တွေ ကျေပျက်ခဲ့ပြီးဖြစ်သော မိုး ရင်တွေ တဖျတ်ဖျတ် ...သွားသည်။

"မိုး. . ."

နေတန်ခိုးက မိုး မျက်နှာလေးကို လက်နှစ်ဘက်နဲ့ ဆွဲမော့ ...

"ကိုယ့်ကို ချစ်လားဟင်. . ."

မိုးက သူ့လက်တွေကို ဖယ်ချဖို့ ကြိုးစားနေသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ကိုယ် မြတ်နိုးတယ်. . . တန်ဖိုးထားတယ်. . . သိပ်ချစ်တယ်. . . ကိုယ်တို့ရဲ့ မင်္ဂလာဦး ညလေးကို ကိုယ် အရမ်းမျှော်လင့်ခဲ့ရတာပါ မိုးရယ်. . . ကြည်နူးစွာ ရင်ခုန်ခွင့်ပေးပါနော်. . ."

"ဘာတွေ လာပြောနေတာလဲ. . . သွား. . ."

မိုးရဲ့ ရှက်မျက်နှာလေးကို ခပ်ဝါးဝါး အလင်းရောင်အောက်မှာ စူးစူးစိုက်စိုက် ကြည့်ရင်း နေတန်ခိုး ပြုံးသွားသည်။

မိုး မျက်ဝန်းလေးတွေမှာ ဒေါသတွေ မရှိတော့. . .

ချစ်ခြင်းအားလုံး သက်တမ်းရှိသမျှ တည်မြဲပါစေ. . .

BURMESE CLASSIC .com

ဆက်လက်ကြိုးစားပါဦးမည်။
သျှင်စေ

www.burmeseclassic.com